www.burmeseclassic.com

# နိုင်ဇင်သက်

## မှန်းချက်လွဲသော . . .
## အချစ်များ . . .

BURMESE CLASSIC



Design Ye Minn Aung

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၈၁၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၃၀၅၁၀
တန်ဖိုး - ၂၃၀ ကျပ်
အုပ်ရေ - ၅၀၀
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်ကာလ - ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးပုံနှိပ် --------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် ---------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(၀၅၁၃၁) အမှတ် (၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

## “မှန်းချက်လွဲသောအချစ်များ”

ရေငတ်လိုက်တာ။

ကားပေါ်ကဆင်းပြီး အိမ်ထဲ ပြေးဝင်လာခဲ့ပါတယ်။

ရေခဲသေတ္တာရှိရာပြေးလွှားလာခဲ့ပြီး ရေမှုလင်း အရင်ငှဲ့သောက်နေကာမှ စကားသံတွေကို သတိထားမိတာ။

“ သိသိ . . . အမြဲလိုဖျာယာခတ်နေတာပါလား သမီးရယ် ရေသောက်တာ ဖြည်းဖြည်းသောက်မှပေါ့”

မာမီ့အသံကြောင့် လှည့်ကြည့်မိပါတယ်။

အဲသည့်ကျမှ မမကြီးကို မြင်ရတာ။

မမကြီးရောက်နေတာလား . . . ။ နှုတ်ဆက်မည်ကြံကာမှ မမကြီးပါးပြင်ပေါ်က ရွှေမျက်ရည်တွေမြင်ရလို့ အသာနေလိုက်တယ်။ ခြေသံလေးဖွလျှောက်ပြီး အခန်းထဲဝင်လာခဲ့ပါတယ်။

“ မမသိ ပြန်လာပြီလား”



www.burmeseclassic.com

www.burmeseclassic.com



" နီနီ . . . မမကြီးမျက်ရည်ကျနေပြန်ပြီ"

" ထုံးစံအတိုင်းပေါ့ . . . သူ့ချစ်ချစ်ကြီးကို ကောင်မလေး တစ်ယောက်နဲ့တွေ့တယ် ဖြစ်ပြန်ပြီပေါ့ဟာ . . ."

" အစ်ကိုကြီးတို့များ . . . တစ်ယောက်ပြီးတစ်ယောက် ကိုယ့်ယောကျ်ားက သည်ဝါသနာပါနေတာ . . . ပြောလို့မှမရပဲ ပေါင်းချင်ပေါင်း . . . မပေါင်းချင်ကွာလိုက် ဒါပဲရှိတာများ . . . တစ်ယောက်နဲ့တွဲရင်တစ်ခါငိုနဲ့ ငိုရတာများပြီ ပေါင်းမနေနဲ့တော့ . . ."

သီသီထွန်းတို့က သည်လိုစိတ်မျိုး . . .

ပေါင်းလို့ရရင်ပေါင်း

ပေါင်းလို့ မရရင်တွဲပေါ့ . . .။

အခုတော့ . . .။

မာမီ့ဆီ လာလာပြောပြီး ငို . . . မာမီလည်း စိတ်မကောင်း ဖြစ်ရတယ်။ အိမ်ထောင်ပြုပြီးကြပြီ။ ကိုယ်တိုင်ကြိုက်ပြီး ယူခဲ့တာချည်းပဲ ။ မာမီ့မှာ သမီးလေးယောက်ရှိတယ်။

ကြည်ကြည်ထွန်း၊ စီစီထွန်း၊ သီသီထွန်း ၊ နီနီထွန်းဆိုသည့် သမီးလေးယောက်ကို ဒက်ဒီဆုံးပြီးကတည်းက ထိန်းသိမ်း စောင့်ရှောက်လာခဲ့တာ။

အိမ်ထောင်ပြုကြမည်ဆို . . .

ကိုယ့်ချစ်သူကိုယ်ရွေး . . . ကိုယ့်စိတ်ကြိုက် အိမ်ထောင်





ပြုခွင့်ပေးခဲ့တယ်။ မမကြီး ကြည်ကြည်ထွန်းလည်းပဲ အစ်ကိုကြီး ကိုသော်ကောင်းကို ချစ်လို့ယူခဲ့တာ။ မမလတ် စီစီထွန်းလည်း အစ်ကိုလတ် ကိုသန်းဇော်ကို ချစ်လို့ယူခဲ့တယ်။ အခုကျတော့ အမျိုးမျိုး။

" သည်နေ့ မမကြီး လာငိုရင် မနက်ဖြန် မမလတ်များ လာငိုမလား . . . ငါ သူတို့ကို ကြည့်ပြီးရည်းစားထားရမှာ ကြောက်နေပြီ . . ."

" ဘာမှမကြောက်နဲ့ မမသီ . . . အိမ်ထောင်ရေးဆိုတာ တစ်ယောက်နဲ့ တစ်ယောက်မတူဘူး . . . အစ်ကိုကြီး မိန်းမရှုပ်ပွေနေပေမယ့် အရက်မသောက်ဘူး အစ်ကိုလတ် အရက်သောက်သလောက် မိန်းမမပွေဘူး . . . တွေးမနေနဲ့"

" နီနီ . . . နင့်ချစ်သူ တင်အောင်ထိုက်ရော အရက် သောက်မလား မိန်းမရှုပ်မလား . . . နင်မစိုးရိမ်ဘူးလား . . ."

" တွေးပြီးစိုးရိမ်တဲ့အလုပ် လုပ်မနေဘူး . . . သူ့ကို အစ်ကိုကြီး အစ်ကိုလတ်တို့အကြောင်း . . . ပြောထားတယ် . . . ပြီးတော့ ပြောပြီးပြီ အဲလိုမျိုးတွေ့လို့ကတော့ ချက်ချင်း ကွာမယ်လို့"

" အေး ကောင်းတယ် "

ဒါတော့ ဟုတ်သည်။

နီနီပြောတာကောင်းတာပေါ့ ။ မမကြီးတို့ မမလေးတို့က



www.burmeseclassic.com

www.burmeseclassic.com



တင်ငိုတည်းငိုနေတယ်၊ သူတို့ယောကျ်ားတွေကို ပြတ်ပြတ်သားသား ဆွေးနွေးကြပုံတော့ မရပါဘူး။

" တို့နှစ်ယောက် ထမင်းစားတော့မယ် ညည်းတို့နှစ်ယောက်တွေ့လား ဟိုမှာလာငိုတာ . . . အိမ်ထောင်ပြုပြီးရင် မိန်းမဆိုတာ အရှုံးချည်းပဲ . . . အများကြီးစဉ်းစားမှတော်းတာ . . . ငါ့လိုအပျိုကြီးရဲ့ အေးချမ်းမှုကို ညည်းတို့နှစ်ယောက်ကြည့်ထား . . . "

လာပါပြီ . . .

အန်တီအေးကတစ်မျိုး

မာမှီညီမ အန်တီအေးက အပျိုကြီးလေ။

ဒါကြောင့်လည်း သီသီတို့ အပျိုပေါက်စတည်းက သည်စကားကို ကြားရလွန်းလို့ရိုးနေပြီ။

" အန်တီအေးလိုတော့ အပျိုကြီးမလုပ်နိုင်ဘူး"

" အေးပေါ့ဖေ . . . ညည်းတို့နှစ်ယောက်လည်း မိကြည်တို့မိစီတို့လို ငိုကြရဦးမှာပေါ့"

" မငိုသေးဘူး ကြည့်ထား အန်တီအေး . . . နီတို့ကယောကျ်ားကို ဘယ်လိုနားလည်မှုယူမယ်ဆိုတာ ကြည့်ထား . . "

" ကြည့်ထားဆို ကြည့်ထားရဦးမှာပေါ့ . . . ကြည့်မယ် . . . ကြည့်မယ် . . . ညည်းလေးတို့ ဘယ်လောက် နားလည်မှုယူနိုင်လည်း ကြည့်လိုက်ပါမယ် . . . "





မ. န်တီအေးက ခုထိယုံကြည်ပုံမရပါ။

သီသီကတော့ ချစ်သူလည်းမရှိလို့ ဘာလုပ်ရမည်မသိ၊ နီနီကတော့ ချစ်သူရှိလေတော့ အန်တီအေးနှင့်က အခုလို အမြဲတမ်း၊ အချီအချ အချေအတင်ပါပဲ။ အန်တီအေး မျက်နှာကလည်း ကြည့်ရသေးတာပေါ့ဆိုတဲ့မျက်နှာ . . . နီနီကလည်း ကြည့်ပေါ့ဆိုတဲ့ မျက်နှာမျိုးနဲ့။

" မိနီကိုတော့ ပြောလို့ရမှာမဟုတ်ပါဘူး . . . သီသီ . . . အလကားအပူတွေမရှာနဲ့ သံယောဇဉ်ကြိုးဆိုတာ ညည်းတို့ရဲ့ နှလုံးသားတွေကို ရစ်ပတ်ချည်နှောင်မှာ မဟုတ်ဘူး ညည်းတို့ လည်ပင်းကို ရစ်ပတ်ချည်နှောင်မှာ . . . လည်ပင်းအစ်မှ အကြောင်းသိမယ် . . . "

အန်တီအေးပြောသမျှ သီသီကတော့ ရယ်ချင်တာပါပဲ။ နီနီကတော့ အန်တီအေးက ကြိုက်မဲ့လူမရှိလို့ အပျိုကြီး ဖြစ်ခဲ့ရတာကို . . . အခုအချိန်မှ နားထောင်ကောင်းအောင် ပြောနေတာတဲ့။ အပျိုကြီးလုပ်မလားသီသီလို့ မေးရင် သီသီကတော့ မပြောတတ်ဘူး . . . ခုထိတော့ ချစ်သူလည်း မရှိတော့ မဖြေတတ်ဘူးလို့သာ ပြောရတော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီး အန်တီအေးလက်ရာ ဆီထမင်းက ကောင်းလိုက်တာ။ ငါးရံ့ခြောက်ဖုတ်လေး ဖုတ်ပေးထားတဲ့ ကြားက သီသီကတော့ ဘူးသီးကြော်ရှရှလေးပါရင် ပိုကောင်းမယ်လို့ ပြောမိသေး။ အန်တီလေး မျက်စောင်းကြီးက သီသီ့ဆီချက်ချင်းရောက်လာပါရော။

" ပဲပြုတ်လည်းပါတယ် ငါးရံ့ခြောက်ဖုတ်လည်းပါတယ် ဒါကို ဘူးသီးကြော်က စားချင်သေး . . . သီသီနင်တို့ အတော်အကောင်းကြိုက် အမေက တစ်ယောက်တည်းရှာဖွေ ကျွေးရတာ . . . ညည်းတို့ယောကျ်ားတွေလက်ထက်မှာ လောက်စားရပါ့မလား . . . "

" မမသီ . . . အစားစားတာ ပါးစပ်ပိတ်စားပါလား "

*နီနီကတော့ သီသီ့ကြောင့် အန်တီအေးရဲ့ ဆူညံပူညံတွေ ကြားရတယ်ဆိုပြောပြီ။*

" အစားစားတာ ပါးစပ်ပိတ်လို့ရပါ့မလား နီနီရဲ့ . . . "

" နီသွားမယ် မာမီ သည်နေ့တစ်ချိန်ပိုမှာဆိုတော့ ညနည်းနောက်ကျမယ် . . . "

" တစ်ချိန်ပိုမှာရော ရည်းစားနဲ့ လျှောက်လည်မှာရော ဟုတ်လား . . . "

နီနီက အန်တီအေးကို ဘာမှ ပြန်မပြောပဲ ထွက်သွားပါပြီ။ နီထွက်သွားတော့မှ မာမီက အန်တီအေးကို ပြောပါတယ်။





" ကလေးတွေပဲအေးရယ် . . . တစ်ချို့ကိစ္စတွေကို သိပေမယ့် မသိချင်ယောင်ဆောင်နေလိုက်ပါ။ သူတို့တွေဟာ ဘာမှဆို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောကြပါတယ် "

" မမခင်က သမီးတွေကို အလိုလိုက်လွန်းတယ်။ အကြီးနှစ်ယောက်ဆိုလည်း အိမ်ထောင်ရေးက သာယာလှချည်ရဲ့ မရှိဘူး အငယ်နှစ်ယောက်ကို ဒုက္ခရောက်မှာစိုးလို့ပြောနေရတာ"

" သူတို့ချစ်တာ သူတို့ရွေးပါစေ . . . ဒါမှလည်း သူတို့ချင်း စိတ်အခန့်မသင့်ရင် သူတို့ဘာသာ ဖြေရှင်းတတ်ကြမယ် . . . သီသီ သမီးမှာရော ချစ်သူတကယ်မရှိတာလား"

" တကယ်ပေါ့ မာမိရဲ့ . . . ရှိရင် မာမီ့ကိုပြောမှာပေါ့"

" အေးပါ အေးပါ . . . မရှိလေကောင်းလေပဲ တစ်ယောက်မှ မတွေ့ပဲ ငါ့လို အပျိုကြီးလုပ် . . . "

" ကြိုက်မယ့်လူမရှိရင်တော့ အန်တီအေးလိုပဲ အပျိုကြီး လုပ်ပါမယ် "

" ဘာ "

အန်တီအေး မျက်လုံးကြီး ပြူးလာပြီ . . .

ရယ်ရတယ် . . . ရယ်ရတယ်

အန်တီအေးက အပျိုကြီးသာဖြစ်နေတာ။ သူ့ကို ကြိုက်မယ့်လူမရှိလို့လို့ ပြောရင် သိပ်စိတ်ဆိုးတတ်တယ်။ သူ့ကို ကြိုက်မယ့်လူတွေ အများကြီးရှိပါလျက် ကြိုက်တာမရှိလို့ရယ်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေကို မယုံကြည်လို့ရယ်လို့ . . . ပြောပြပါလိမ့်မယ် . . . သူ့အကြောင်းတွေ။

"" သမီး . . . သီသီ . . . အန်တီအေး မကြိုက်တာ မပြောရဘူးလေ . . . သွားတော့မှာဆိုသွား . . . သမီး အလုပ်တွေများနေတယ်လို့ မနေ့ကတော့ ပြောနေပြီး . . ."

" ဟုတ်ကဲ့ သွားမယ် မာမီ . . ."

သွားမယ်ဆို တံခါးဝအရောက်မှာ. . . တွေ့ပါပြီ။

မမစီလို့ခေါ်ပြီး ဘာမှ ဆက်မပြောနိုင်သေးပဲ နေမိပါတယ်။ မမစီမျက်နှာမှာ ဖူးယောင်ပေါက်ပြလို့ပါလား။

" မမစီ . . . ဘာဖြစ်လို့လဲ "

မေးရုံရှိသေး မျက်ရည်တွေ ပါးပေါ် တစ်ပေါက်ချင်း ကျလာပြီ။

" စီစီ . . . ဟဲ့ သီသီ သွားမှာသွား နောက်ကျနေရင် မကောင်းဘူး. . ."

အချိန်နောက်ကျမှာစိုးလို့သာ ထွက်လာခဲ့ရတယ်။ မမစီ မျက်နှာမှာ ခုလို ဒါဏ်ရာတွေနှင့် ယောင်ကိုင်းနေတာ မြင်ရ တော့ ဘယ်လိုမှ စိတ်မှာမကောင်းနိုင်။ ညီအစ်မဆိုသည့် သွေးကြောင့် စိတ်မကောင်းဖြစ်ရတယ်။ အလုပ်တိုက် ရောက်သည်အထိ မျက်နှာမကောင်းဖြစ်ရပြီ။ .

သီသီ့သူငယ်ချင်း ဟန်နီကတောင် မေးရတယ်။





" ဘာဖြစ်လာလဲ မိသီ . . ."

" မမစီပေါ့ဟာ . . ."

" နင့်မှာလည်းလေ . . . အစ်မတွေပဲ လိုက်ပူနေတယ် . . . ပူမနေနဲ့ သူတို့ကြိုက်လို့ သူတို့ယူတဲ့ အိမ်ထောင်တွေ . . ."

" ဒါတော့ ဒါပေါ့ဟာ . . . မမစီကို ခုလို ဒါဏ်ရာတွေနဲ့ မြင်ရတော့ စိတ်မကောင်းဘူး"

" ဖြစ်မနေနဲ့ ခုနက ဦးဟန်သာလာတယ် နင့်လယ်ဂျာနဲ့ သူတို့စာရင်းကွာလို့ဆိုလား . . ."

" ငါလည်း သူတို့ဌာနကပေးတဲ့ အဝင်အထွက်စာရင်းတွေ လယ်ဂျာဆွဲတာပဲ . . . ဘယ်နေရာမှားလဲမသိတော့ပါဘူး . ."

အလုပ်ခွင်ရောက်လာတော့ ခေတ္တတော့ အိမ်ကကိစ္စတွေ မေ့ထားရပြန်တာပေါ့လေ။ ညနေကျမှ ပြန်ပြီးတော့ စိတ်ပူရ ဦးတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



" မမစီ ဘာဖြစ်လာတာလဲ မာမီ ပြောပါဦး သီဖြင့် စိတ်တွေပူသွားတာပဲ . . . အလုပ်တွေများမှာစိုးလို့သာ မနည်း စိတ်ဖျောက်ထားရတာ . . . "

အိမ်ရောက်တော့ အန့်တီအေးအလစ်မှာ မာမီ့ကို မေးရတယ်။ အန့်တီအေးကတော့ သိတဲ့အတိုင်း။ ယူချင်ဦးဟဲ့ယောကျ်ား ဆိုပြီး ထုံးစံအတိုင်း အပစ်တင်ချက်တွေ လာဦးတော့မှာပါ။

" မောင်သန်းဇော်ကို မာမီ ဆုံးမတာပဲ ရမှမရတာ . . . သည်အရက်တွေသောက်ပြီးရင် ဆိုးသလောက် အရက် မသောက်တဲ့ အချိန်မှာ ဘယ်လောက်တော်လဲ . . . အဲဒါတိုယ့်ကိုယ်ကို ဖျက်နေတာ"

" မမစီကို ရိုက်တာပေါ့ ဟုတ်လား . . . "

" အင်းပေါ့ မူးတာကို မမူးနဲ့ ပြောရင်း ရန်ဖြစ်ကြသတဲ့ ဟိုကမူးနေရင် လူစိတ်မှမရှိတာ . . . ရိုက်မှာပေါ့ "

" ကွာခိုင်းလိုက် မာမီရာ"

" ဟဲ့ . . . သီသီ ဘယ်လိုပြောလိုက်တာလဲ . . . အိမ်ထောင်တစ်ခုဆိုတာ အဲသည်လို လွယ်လွယ်ကွာလို့ မရဘူး"

" ဘာလို့မရရမှာလဲ မာမီရယ် ကိုယ့်အပေါ် ကောင်းမယ် ထင်လို့ လက်ထပ်ခဲ့တာ မကောင်းရင်သွားပေါ့"

" မဟုတ်ဘူးသမီး . . . အိမ်ထောင်မှု ဘုရားတည်





ဆေးမင်ရည်စုတ်ထိုး သည်သုံးမျိုး ချက်မပိုင် နောင်ပြင်နိုင် ခဲ့သည့်အမျိုးဆိုတာ သိပ်မှန်တယ် . . . ပြင်ဖို့မလွယ်တော့ဘူး"

သို့စိတ်မှာတော့ ပြင်ရလွယ်ပါတယ်ပဲ တွေးပါတယ်။

ကိုယ့်အပေါ် ကောင်းမှ မကောင်းတာ။

အန့်တီအေး ဝင်လာတော့ စကားဖြတ်လိုက်တယ်။

ဒါပေမယ့် ဖြတ်လို့မရပါဘူး။

" နင့်အစ်မ တွေ့လိုက်လား"

"အန့်တီအေး . . . ဟန်နီ့ ထမင်းချိုင့်ထဲမှာ ငါးသလောက်ဥ ပါလာတယ် . . . စားလို့ကောင်းလိုက်တာ . . . အဲဒါ ဈေးမှာ ဝယ်လို့ရရင် သီ့ကို ချက်ကျွေးပါဦး ဟန်နီ့အဒေါ်က ချက်သာချက်ပေးလိုက်တာ အန့်တီအေးလောက် ဟင်းချက်မကောင်းတော့ . . . စားရတာ မကောင်းဘူး ချက်ပေးနော် အန့်တီအေး . . . "

" မိသီ မိသီ . . . ညည်းကတော့ ငါ့ကိုဒါလေးတွေနဲ့ မြှောက်ပင့်စားနေတာပဲ ငါကလည်းငါပါပဲ မြှောက်ပင့်စားနေမှန်း သိရက်နဲ့ မနေနိုင်ဘူး . . . ငါးသလောက်ဥ ဘယ်ဈေးလဲ ညည်းသိလား . . . "

" အေး . . . ပြောမနေနဲ့ ညည်းတူမချွဲလိုက်ရင် ဝယ်တော့မယ် ချက်တော့မယ် မဟုတ်လား နေနိုင်တာလည်း မဟုတ်ပဲ ပြောမနေစမ်းပါနဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" အေးတလည်းအေးပါပဲ . . . မမသမီးတွေထဲ မိသီကိုမှ အချစ်ဆုံးဖြစ်နေတာကိုး . . . "

" သီကလည်း အန်တီအေးကို ချစ်တာပါပဲနော် ချစ်လို့လည်းပဲ အန်တီအေးလို လိုက်ကြိုက်တဲ့လူတွေ အများကြီးရှိပါလျက် ဘယ်သူ့မှမယူပဲ အပျိုကြီးလုပ်မှာ . . . "

အန်တီအေး ပြုံးသွားပြီ၊ အဲလိုပြောမှကြိုက်တာမဟုတ်လား။ မမစီအကြောင်းမရောက်တော့တာ ကောင်းပါတယ်။

" သန်ဘက်ခါ ဟန်နီ့မွေးနေ့ရှိတယ် မာမီ . . . သူ့အိမ်မှာပဲ ဘုန်းကြီးဆွမ်းကပ်မှာ အိမ်နီးချင်းတွေလောက်ပဲဖိတ်မှာ သူငယ်ချင်းအရင်းတွေဖိတ်မယ် . . . သီသွားမှာနော်"

" သွားလေသွား "

" မမကလည်းလေ . . . သမီးတွေက သွားမယ်ဆိုသွားပဲ ဟန်နီ့မှာ အစ်ကိုသုံးယောက်ရှိတယ် သီနဲ့အဲသည့်ကောင်လေးတွေ ရင်းနှီးသွားမှာ အေးမလိုလားဘူး"

" အမလေး အန်တီအေးရယ် ဟန်နီ့အစ်ကိုတွေကို သီတစ်ယောက်မှမကြိုက်ဘူး . . . အစ်ကိုတွေလိုပဲ စိတ်ထဲထားတာပါ . . . စိတ်ချ မကြိုက်ဘူး . . . "

အန်တီအေးက ဟန်နီနှင့်သီ ခင်မင်စ အိမ်လာလည်ကတည်းက ဘယ်သူ့သမီးလဲ မောင်နှမဘယ်နှစ်ယောက်ရှိလဲ၊ ဘာအလုပ်တွေ လုပ်ကြလဲဆိုတာ မေးပြီးသား၊ အစ်ကို





သုံးယောက်ရဲ့ အထွေးဆုံးညီမပါဆိုကတည်းက ဟန်နီနှင့် ခင်ချင်ခင် အိမ်ကိုလိုက်မလည်ရဘူး ပိတ်ခဲ့တာ၊ သီသီကတော့ ဟန်နီ့အစ်ကိုတွေကို ကိုယ့်အစ်ကိုတွေလိုပဲ ခင်ခင်မင်မင်နေတာပါပဲ၊

တစ်ယောက်အပေါ်မှာမှ ငါးရာနှစ်ဆယ့်ရှစ်ထက်မပိုပါ၊

" သူတို့ကလေးလေးတွေ မဟုတ်ဘူး အေး . . . နီနီတောင်နောက်ဆုံးနှစ်ရောက်နေပြီ . . . နေပါစေ . . . ဟန်နီ့အစ်ကိုတွေထဲလည်း မိုက်မိုက်ရိုင်းရိုင်း တစ်ယောက်မှမရှိဘူး တစ်ယောက်ကဆရာဝန် တစ်ယောက်ကအင်ဂျင်နီယာ တစ်ယောက်ကသင်္ဘောသား . . . ဘာများပြောစရာရှိလဲ "

" မမကတော့ မမအတွေးပေါ့ အေးကတော့ သီသီ့ကို အေးနဲ့အတူ အိမ်ထောင်မပြုပဲနေစေချင်တာ . . . "

" သည်လို တရားသေမတွက်ရဘူး အေး . . . သူတို့ဆီမှာ သူတို့ကံလေးတွေပါလာပြီးသားလေ "

" မမကမှ အေးလို့မှည့်ရမှာ"

အန်တီအေးကတော့ သို့ကိုသူ့လိုအပျိုကြီး လုပ်စေချင်တာ သီကတော့ ဘာကိုမှ ကတိမပေးနိုင်ပါဘူး ။ အနာဂတ်ဆိုတာ ကြိုမြင်နိုင်တာလိုက်လို့၊ တော်ကြာမှ သိပ်ချစ်တဲ့ချစ်သူ တွေလာရင် . . . ကတိဆိုတာ ပေးပြီး တည်မှ၊

" ဟန်နီ့ကို မွေးနေ့လက်ဆောင် ဘာပေးရမလဲမာမီ "



www.burmeseclassic.com

www.burmeseclassic.com



" မာမို့ဆီမှာ စိန်ရှိတယ် . . . ပေးလိုက်ပါလား . . . "

" မမ နှမျောစရာ"

မာမီက တစ်ခါတလေ စိန်ကောင်းကောင်းလေးတွေကို အရောင်းအဝယ်လုပ်တတ်ပြီး သမီးတွေလိုချင်ရင်လည်း ပေးတတ်ပါတယ်။ မာမီတ စီးပွားလည်းရှာသလို နှမျောလွန်းသည့် စိတ်မာတ်လည်းမရှိပါ။ မာမီက အမြဲပြောပါတယ် စိတ်ရင်းကောင်းလေးသာ ဖြူဖြူစင်စင်ထားပါ . . . အကျိုးပေးပါတယ် သိပ်ချမ်းသာစရာ မလိုဘူးတဲ့ . . .။

" စိန်တစ်ပွင့်လောက်ပေးမယ် . . . သိပ်ကောင်းတာပဲ"

" လိုက်လည်းလိုက်တဲ့ သားအမိတွေ . . . "

မွေးနေ့လက်ဆောင်တော့ရပြီ။ ဟန်နီကလည်း နှစ်သက်မှာပါ။ သို့မွေးနေ့ကတော့ လိုပါသေးတယ်။ မွေးနေ့ရောက်မှ မာမို့ကို ပူဆာပြီး အလှူလုပ်ရဦးမယ်လေ။





" မမသီ နှုတ်ခမ်းနီက ဖျော့လွန်းတယ် ခပ်ရဲရဲလေး ဆိုးပါလား"

" ငါမကြိုက်ပါဘူး နီနီရယ် . . . လိမ္မော်ရောင်ဖျော့ဖျော့လေးပဲကောင်းပါတယ် . . . နှုတ်ခမ်းကြီးကနီရဲနေရင် ငါရှက်ပါတယ်"

" မမသီကို ကြည့်လိုက် အမြဲ မှိန်တုပ်ကုပ်နဲ့ ဝတ်လိုက်လည်း လုံချည်အရောင်ရင့်တွေကို အကျီဖြူဖျော့ဖျော့လေးတွေနဲ့ . . . "

" ငါက နင့်လောက်မလှဘူးလေနီနီရဲ့ နင်က လှတော့ဘယ်လိုပြင်ပြင် လှနေတာ . . . "

" မဆိုင်ပါဘူး . . . မမသီက ကုန်ချေရရနဲ့ ရိုးသားစွာ လှတာပါ . . . "

နက်ပြာရင့်ရင့် လုံချည်လေးကို နက်ပြာပေါ် လိမ္မော်ခွင့်လေးတွေပါသော အကျီနဲ့ဝတ်တယ် သိပ်မှိန်တာပဲလို့ နီနီပြောပေမယ့် သီတမှ တောက်ပလွန်းသောအလှကို မနှစ်သက်တာ။ မာမီပေးသော မွေးနေ့လက်ဆောင်လေးကို လှလှပပ ဖြင်ဆင်ထုပ်ပိုးပြီးပါပြီ . . .။

"သွားမယ် . . . "

" ငါတူမကမှ အိန္ဒြေရရလှတာ "

" သူ့တူမအိန္ဒြေရသတဲ့ . . . ဖျာယာဖျာယာနဲ့သွားလာနေတာတော့ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



သီကလည်းဟုတ်ပါတယ်။

ပြင်တာဆင်တာသာ ခပ်ရိုးရိုး. . .။ သွားတာလာတာကျတော့နွေးကွေးတာမကြိုက်။ ခပ်သုတ်သုတ် ဖျာနေတယ်ပြောရမှာပါပဲ စိတ်မြန်တာလည်းပါမှာပေါ့လေ။

အိမ်ထဲကထွက်ရုံရှိသေး။

ခြံထဲကို ကားဘစ်စီးဝင်လာလို့ ကြည့်လိုက်ပါတယ်။

" သီသီထွန်းရေ . . . ဟန်နီက မင်းဘတ်စ်နဲ့လာနေရမှာစိုးလို့ ကြိုခိုင်းလိုက်တာ"

ဟန်နီ့အစ်ကိုငယ် ရှေ့နေ ကိုကိုစိုးပါလား။ အန်တီအေးနှင့်မာမီ့ ကိုမြင်တော့လည်း အကြောင်းအကျိုးမြောဖြီး ရည်ရည်မွန်မွန် နှုတ်ဆက်ပါတယ်။

"ကျေးဇူးပဲ သားရေ "

မာမီကတော့ ဖော်ဖော်ရွေရွေပါ။

အန်တီအေး မျက်နှာက မအီမလည်။

နောက်ခန်းဖွင့်ထိုင်တာပါ။

ကားထွက်သွားတာကို မျက်ဝန်းတဆုံးကြည့်ကျန်ခဲ့တဲ့ အန်တီအေးကိုလည်း ပိုလွန်းတယ် မပြောရက်ပါ။

" သီသီထွန်း "

" ရှင် "

" အစ်ကို့သူငယ်ချင်းတစ်ယောက် ဝင်ခေါ်ချင်တယ်ရပါတယ်နော်"



" ရပါတယ်"

ကိုကိုစိုးက သူ့သူငယ်ချင်းဝင်ခေါ်တာများသိရင် အန်တီအေးပြောဦးတော့မည်။ သူ့သူငယ်ချင်းသွားခေါ်မည် ခဏစောင့်ပါဦးဆို ကားပေါ်ထားခဲ့ပြီး ရှစ်ထပ်တိုက်ပေါ် တက်သွားတာပဲ။ ဟိုငေးသည်ငေး ကြည့်နေလိုက်ပါတယ်။

ခဏနေတော့ သူငယ်ချင်းတစ်ယောက်နှင့် အတူပြန်လာပါတယ်။ ယောကျ်ားလေးတွေဆိုတော့ သီသီလည်း ကြည့်မနေပါဘူး ကိုယ့်ဘာသာ တစ်ဘက်ငေးရင်း ထိုင်နေလိုက်ပါတယ်။ ကားထွက်သွားတော့လည်း ရှေ့ခန်းမှာရှိနေသူကို မကြည့်မိပါဘူး။

ဟန်နီတို့အိမ်ရောက်တော့လည်း . . . ဝင်နေထွက်နေကျ သူငယ်ချင်းအိမ်ဆိုတော့ မစိမ်းပါဘူး။

" သည်မှာပဲထိုင်လိုက် သီသီ . . . နင့်ကိုစောင့်နေတာ ငါတောင် မစားရသေးဘူး"

" အေး . . . အတူစားမယ်. . . "

" ဟန်နီရေ . . . ကိုကိုစိုး သူငယ်ချင်းကိုပါ ညွှဲခံပေးပါဟာ . . . ငါ ကိုကိုကျော့်သူငယ်ချင်းကို သွားကြိုပေးရမှာမို့ပါ . . . "

သည်လိုနှင့်သီသီတို့ဝိုင်းကို သူရောက်လာပါတယ်။

ဟန်နီနှင့်တော့ ခင်မင်ပုံရပါတယ်လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



" အစ်ကိုက ကိုမင်းလွင်ဇော်လား ကိုလွင်ဇော်ဦးလားဟင် . . . ကိုကိုစိုးသူငယ်ချင်းနာမည်နှစ်ခုက ဆင်တူနေတော့ ဟန်နီ ရောရောနေလို့ပါ. . ."

" ကိုယ်က မင်းလွင်ဇော်ပါ . . . လွင်ဇော်ဦးက ကိုယ့်ထက် ချောပါတယ်. . ."

" အစ်ကိုလည်း မချောပါတယ်"

" ဟန်နီကျွေးမယ့် ထမင်းကိုစားမှာနော် "

" စားပါ . . ."

သူ့ကိုတွေ့နေရတယ်

အသားညိုတယ်လေ . . . ဒါပေမယ့် ညိုညိုစိမ့်စိမ့်လေးနဲ့ မျက်ခုံးထူထူ မဲမဲလေးက ထင်းနေတာပါလား။ နာမည်က မင်းလွင်ဇော် . . .၊ သည်လောက်ပါပဲ။ ထမင်းစားမယ် . . . ပြီးရင် ဟန်နီနှင့်စကားပြောပြီးပြန်ရုံပေါ့ . . .။ ဟန်နီတို့အိမ်မှာ လိုတာထက်ပိုကြာရင် . . . မာမီက ဘာမှမပြောပေမယ့် အန်တီအေးကတော့ အနည်းငယ် ဆူဆူပူပူတော့ ဖြစ်ဦးမှာ မဟုတ်လား။

" ဟန်နီ့သူငယ်ချင်းလား"

" ဟုတ်သားပဲ မိတ်ဆက်ပေးဖို့မေ့နေတာ . . . ကိုကိုစိုး သူငယ်ချင်းလေ ကိုမင်းလွင်ဇော် . . . သူက ဟန်နီ့အချစ်ဆုံး သူငယ်ချင်း သီသီထွန်း . . . အလုပ်အတူတူပဲ . . ."





" တွေ့ရတာဝမ်းသာပါတယ် . . ."

" ဟုတ်ကဲ့ အတူတူပဲပေါ့ . . . ဟန်နီရေ . . . ငါစားပြီး ခဏနေ ပြန်မယ် အန်တီအေးက ညနေဘုရားပို့ခိုင်းနေလို့ "

" နင်ကလည်း စားတောင်မစားရသေးဘူး . . . ပြန်ဖို့ပဲ"

" အန်တီအေးအကြောင်း . . . နင်သိပါတယ်ဟာ . . ."

နဂိုရ်ကတည်းက သီသီထွန်းတို့ ထမင်းစားရင် အလွန်မြန်။ ဒါကြောင့် အမြန်ဆုံးစားပြီး ပြန်ဖို့ ပြင်ရပြီ။ ဟန်နီကတော့ သီသီတို့များ အမြဲတမ်းသည်လိုပဲ. . . ဘယ်တော့မဆို အေးအေးဆေးဆေးမနေဘူး ပြောနေပေမယ့် ပြန်ဖို့ ပြင်ပါပြီ။

" မသီသီထွန်းမှာလည်း ကားမပါဘူးနော် . . . ကျွန်တော် လည်း ကားငှားပြန်မှာပါ . . . အတူပြန်ရအောင် . . . ကျွန်တော်လိုက်ပို့မယ်လေ . . ."

" မဖြစ်ဘူးရှင့် . . . သီသီ့အန်တီက ယောကျ်ားလေး တစ်ယောက်နဲ့အတူ ကားငှားစီးတာသိရင် သတ်မယ် . . . ရှင်လည်းရှင့်ဘာသာပြန်ပါ . . . သီသီလည်း သို့ဘာသာ ပြန်မယ် "

အားမနာနိုင်ပါဘူး။

အန်တီအေးတွေ့သွားလို့ကတော့ ဆူခံလိုက်ရမှာ။ ဒါကြောင့်ကိုယ့်ဘာသာပဲ ကားငှားပြန်ခဲ့ပါတယ်။ အားက ဟန်နီတို့အိမ်ရဲ့ လမ်းသွယ်လေးတနေ လမ်းမကျယ်ကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



အတွေ့ . . .။ ဟင် . . . ဟိုလူ ဘတ်စ်ကားမှတ်တိုင်မှာပါလား။ ခုနကပြောတော့ ကားငှားစီးရအောင်ဆို . . .။

အိမ်ပြန်ရောက်လို့

အိမ်ထဲဝင်ခွဲ့ရှိသေး။

" သိသိ . . . တောင်လေးတွေ အများကြီး လာသလား"

" မပြောတတ်ပါဘူး အန်တီအေးရယ် . . . တောင်လေးတွေကိုလည်း အရေးလုပ်ပြီး ကြည့်မနေပါဘူး. . . "

" အေး . . . ကောင်းတယ် ကောင်းတယ် "

တစ်သက်လုံးနေလာတဲ့ အဖေါ်ပဲ။ ဘယ်လိုပြောလိုက်ရင် ဘယ်လိုအေးသွားမည်မသိပဲ နေမလား။ တကယ်လည်း . . . သို့အနေနှင့် ဘယ်ကောင်လေးကိုမှ မကြည့်ခဲ့ဘူးလေ ရှေ့တည့်တည့်တွေခဲ့တဲ့လူကိုတော့ မြင်ခဲ့တာပဲရှိတယ်၊ ဘယ်လို ခံစားမှုမှမရှိပေါင်။





" မမသိ "

" အင်း . . . ပြော"

" မမသိတလည်းလေ ခုမှ ဘယ်နှစ်နာရီရှိသေးလဲ [illegible]ဖြိလား . . . "

ဟဲ့ . . . စောစောအိပ်မှ . . . မနက်ဆို နင်အိပ်ယာက စောမနိုးရင် အန်တီအေးက ဘာမှမပြောဘူး ငါကျတော့ အန်တီအေးနဲ့အတူထ ဆွမ်းချက်ဆွမ်းကပ် ဘုရားမရှိခိုးရင် ဆူတော့မှာ . . . "

မနက်ဆို အန်တီအေးက သိ နိုးနိုး မနိုးနိုးလေးနာရီ ထိုးတာနှင့် လာနှိုးပါပြီ၊ ဘယ်လောက်အိပ်ချင်အိပ်ချင် ထရပါတယ်၊ အတူတူဆွမ်းချက်ရတယ် ဆွမ်းကပ် ဘုရားရှိခိုး ရတယ်လေ၊ တစ်ခါတလေတော့လည်း အိပ်ချင်တိုင်း အိပ်နေသော နီနီ့ကို အားကျမိသားလား။

" မမသိက အန်တီအေးအကြိုက် နေပြနေတာကိုး ဒါကြောင့်လည်း မမသိကို အပျိုကြီးဂိုဏ်းထဲ အတင်းထည့်နေတော့တာ . . . "

" အပျိုကြီးဖြစ်လည်း ကောင်းတာပါပဲ . . . မမစိအရိုက်ခံရ မကြည့်ငိုရနဲ့ . . . နင်လည်း ဘယ်လိုလာမလဲ မသိဘူး"

" အံမယ် အံမယ် . . . မမသိနော် အန်တီအေးလေတွေ အတော်ရလာပါရောလား . . . ကြည့်နေပါ . . . နီတို့



www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်ရွေးထားတာ . . . "

သူ့လက်ရွေးစင် တင်အောင်ထိုက်ကြီးကို အတော်လေး စိတ်ချနေပုံရပါတယ်။ ပြောထားဦးပေါ့ . . . မမကြည်တို့ မမစီတို့တုန်းကလည်း . . . သည်လိုပဲ ပြောခဲ့ကြတာပါပဲ။

" လက်ရွေးစင်ကြီး အရက်သောက်သလား မိန်းမပွေ သလားဆိုတာတော့ သေချာလေ့လာထားဦး မရွှေနီ . . . နင့်မျက်နှာမှာ ဒါဏ်ရာ ဗရပွတွေနဲ့လည်း မတွေ့ချင် မျက်ရည် လည်ရွှဲလည်းမတွေ့ချင် "

" တော်ပါ . . . မမသီ . . . တကယ့်ကို အန်တီအေး လေဖြစ်သွားပြီ . . . အိပ်မယ်ဆို အိပ်တော့ . . . "

အိပ်မယ်လို့ရှိသေး ဖုန်းသံကြားရပြန်ပြီ။

မိုးချုပ်ချုပ်မှာ ဖုန်းဆက်လေ့ရှိသူဟာ နီနီ့ရည်းစား တင်အောင်ထိုက် တစ်ယောက်ပဲရှိတာ သိနှင့် ဘာမှမဆိုင်ဘူး ဆိုပြီး . . . အိပ်တော့မှာလေ။

" မမသီ မဟန်နီဆီက "

" ဟန်နီ"

ဟန်နီဆီက ဆိုပါလား။

အိပ်မယ်ဆိုမှ

" နင်အိပ်နေပြီလား"

"အိပ်တော့မလို့ ဟန်နီ ဘာကိစ္စလဲ . . . "





" တနလာနေ့မှတွေ့ရမှာ . . . ငါမစောင့်နိုင်လို့ဟာ . . . သိပ်ပြောချင်နေပြီ . . . "

" ဘာကိုလဲ "

" ကိုမင်းလွင်ဇော်လေ . . . ဟိုနေ့ကတွေ့တာ"

" အင်း . . . ဘာဖြစ်လဲ"

" ကိုကိုစိုးကို မေးတယ်တဲ့ နင့်မှာချစ်သူရှိသလားတဲ့ နင့်ကိုတော့ စိတ်ဝင်စားပြီထင်တယ်တဲ့ . . "

" တော်စမ်းပါ . . . "

" တကယ်ပြောတာ ငါမညာဘူး . . . "

" နင့်ကိုညာတယ်မပြောပါဘူး ငါစိတ်မဝင်စား ဘူးလို့ပြောတာ ငါအိပ်တော့မယ် ဟန်နီရာ . . . ဒါပဲမဟုတ်လား"

" ကဲ အိပ်ပါ အိပ်ပါ . . . "

သွားစမ်းပါ။ ကိုမင်းလွင်ဇော်ဆိုတဲ့လူက စိတ်ဝင်စားလည်း သိ စိတ်မဝင်စားပါဘူး၊ သည်လူဟာ မိန်းမပွေချင်ပွေ အရက် သောက်ချက်သောက် တစ်ခုခုတော့ ဗုက္ခပေးဦးတော့မည် အသေအချာ။

" မမသီ . . . ဘာကို စိတ်မဝင်စားတာလဲ မမသီကို ကြိုက်မယ့်လူ ရှိနေပြီလား . . . "

" မရှိပါဘူး . . . ရှိလည်းငါဂရုမစိုက်ဘူး . . . ငကြာတုန်းက



www.burmeseclassic.com

www.burmeseclassic.com



နင်တွေတယ် မဟုတ်လား . . . "

ဝဏ္ဏဟာ နီနီ့သူငယ်ချင်း ဖြူမာရဲ့အစ်ကိုပါ . . .။ သီသီ့ကို ကြိုက်လိုက်တာမှ လေးငါးနှစ်တောင် လိုက်နေတာ။ စိတ်မဝင်စားပါဘူးဆိုပြီးနေလိုက်တာ ဝဏ္ဏသာ မိန်းမရသွားတယ် သီသီကတော့ မတုန်မလှုပ်ပါပဲ။

" မမသီနှလုံးသားကလည်း အန်တီအေးလို ကျောက်တုံးကြီးလားမှ မသိတာ . . . "

" သံမဏိတုံးကြီးဆိုပိုကောင်းတယ် . . . "

" ဘဝခရီးဖော်ဆိုတာ လိုအပ်တယ် မမသီ တစ်ယောက်တည်းနေရတာ အိုမင်းလာရင် ဘယ်သူပြုစုမလဲ ကိုယ့်သားသမီးမှ ပြုစုမှာ. . . "

" ရတနာလေးတွေ မွေးပြီးပြုစုရင်တော်ပါရဲ့ ရတနာလေးတွေကနှိပ်စက်တော့မှ တောင်းဆိုးပလုံးဆိုးပဲ ပစ်လို့ရတာ"

" မမသီကလည်း . . . မလွယ်တော့ပါဘူး . . . "

နီနီကတော့ သူ့ချစ်သူရှိနေလေတော့ အနာဂတ်ကို အကောင်းတွေနဲ့ချည်း စဉ်းစားနေပြီလေ။ သီကတော့ ချစ်သူမရှိလို့လားမသိ။ အကောင်းတွေရော အဆိုးတွေရော အကုန်တွက်ဆကြည့်နေမိပါပြီ။

" မမသီက အပျက်တွေပဲစဉ်းစားတယ် . . . "

" နီနီကလည်း အဖြစ်တွေပဲ စဉ်းစားတယ် . . . "





" အကောင်းအဆိုးဖွန်တွဲနေမှာပါ မမသီရယ် ကောင်းတာတွေများဖို့ပဲလိုတာ . . . "

" ခုချိန်အကောင်းဆုံးကတော့ ငါအိပ်ချင်ပြီ. . . "

" ဒါပဲ . . . ကဲပါအိပ်တော့"

သီ့ဘက်ကမီးကို ပိတ်လိုက်ပြီ။

နီနီကတော့ သူ့လူတင်အောင်ထိုက်ရဲ့ ဖုန်းကိုစောင့်ရင်းတော်ရုံနှင့် အိပ်ဦးမည်မဟုတ်ပါ။ သူကတော့ မနက်ဖြန်တနင်္ဂနွေဆို ကျောင်းလည်းမရှိ အိပ်ယာက ထချင်တဲ့အချိန်မှ ထမှာပါ။

သီကတော့ လေးနာရီတီတီမှာ ကိုယ့်ဘာသာနိုးလည်းနိုး၊ မနိုးရင် အန်တီအေးနှိုးတော့မှာဆို အိပ်ရဦးတော့မှာပါပဲ။

မင်းလွှင်ဇော်ဆိုတဲ့လူက စိတ်ဝင်စားသတဲ့လား။

ခုချိန်တော့ သီ အိပ်ရဖို့ပဲ အရေးကြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ကိုမင်းလွင်ဇော်က သူတို့သူငယ်ချင်းအုပ်စုမှာ သိပ်အေးပါတယ်တဲ့ . . . အသောက်အစားလည်းကင်းပြီး ခုချိန်ထိ ချစ်သူတစ်ယောက်မှ မထားခဲ့ဖူးဘူး . . . ရိုးသားအေးဆေးတယ်တဲ့ . . . "

" ကိုကိုစိုးက ရှေ့နေပီသသားပဲ သူ့သူငယ်ချင်းဘက်က ရှေ့နေလိုက်နေပါရောလား . . . "

ဟန်နီတစ်ယောက်ကတော့ သူ့အစ်ကို ကိုကိုစိုး ပြောပြသည့် ကိုမင်းလွင်ဇော်အကြောင်းတွေ သိုကို ပြန်လည်ဖောက်သည် ချပါပြီ။

" ချစ်တယ်ဆိုတာ မြင်မြင်ခြင်း ရင်ခုန်ရမယ်ဆိုရင် ကိုမင်းလွင်ဇော်ကို ငါရင်မခုန်ဘူး . . . မချစ်ဘူး . . . "

" နင် ချက်ချင်းမစဉ်းစားစမ်းပါနဲ့ . . . တဖြည်းဖြည်းပေါ့ သံယောဇဉ်ဆိုတာ . . . တဖြည်းဖြည်းငြိတွယ်တတ်ပါတယ်"

" ဘာလဲ နင်ကသိပ်သဘောတူနေသလား ဟန်နီ . . . "

" သဘောကောင်းပြီး အေးတယ်ဆိုလို့ပါ နင့်ကိုသည်လို ကောင်းတဲ့လူနဲ့သာရစေချင်တယ်"

" နေပါစေတော့ . . . "

" ငါ ခုလိုပြောတာတွေ . . . အန်တီအေးမသိစေနဲ့နော် တော်ကြာငါနဲ့ မပေါင်းရဘူး ဖြစ်နေဦးမှာ"

" ငါသိတာပေါ့ . . . မပြောပါဘူး . . . ငါ လယ်ဂျာတွေ





သွင်းဦးမယ် "

ဟန်နီပြောသမျှသာ နားထောင်နေရင် အလုပ်တောင် ပြီးမှာမဟုတ်။

စကားက ပြောလည်းပြောနိုင်ပါသည်။ နီနီကဆို မမသီ သူငယ်ချင်းအနားမှာပြောင်းဖူးချထားရင် ဘာနဲ့ပေါက်ပေါက် ပေါက်ပြီးများဖြစ်မှာလို့ ပြောဖူးတယ်။ ကိုမင်းလွင်ဇော်ဟာ အသောက်အစားကင်းပြီး ချစ်သူတစ်ယောက်မှ မထားဘူး ရိုးသားအေးဆေးတယ်ဆိုတာ . . . ဟုတ်ရဲ့လား . . .။

ဟုတ်တာမဟုတ်တာထားပါ။

သည်လူကို သီကလည်းချစ်နေသည်မှ မဟုတ်ပဲလေ .။

ဒါပေမယ့် ဟန်နီနောက်တစ်ခေါက်ပြောတဲ့စကားကို ကြားရတဲ့အခါမှာတော့ . . .။

" ကိုမင်းလွင်ဇော်က . . . သီ့ ဖုန်းနံပါတ်တောင်းလို့ ပေးလိုက်တယ်. . . "

" ဟင် "

" စိတ်မဆိုးပါနဲ့ဟာ . . . "

" အန်တီအေးနဲ့သွားတိုးရင် ငါအဆူခံရမှာ နီနီနဲ့တိုးရင်လည်း ပေါ်စုတော့မှာ . . . ဟန်နီရယ် . . . သီ့ဖုန်းနံပါတ်များ ပေးလိုက်ရတယ်လို့ပဲ . . . "

"တဂျီဂျီတောင်းနေလို့ပါဟယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးနေပြီပဲ . . .။

"မတတ်နိုင်တော့ပါဘူး။

မီးစင်ကြည့်ကရတော့မှာပါ . . .။ ဟန်နီရယ် နောက်ဆို ငါ့ကိုဘာမဆို တိုင်တိုင်ပင်ပင်လေးမေးပြီးမှ ပြောပါဟယ် . . .။ နင်သိတဲ့အတိုင်း . . . အန်တီအေးက ဆူမှာ . . .။ ငါကလည်း ချစ်သူအဖြစ်ရွေးပြီးပြီဆို မာမီ့ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ရုံပေါ့ . . . အခုတော့မကောင်းဘူးလို့သာ ပြောရတယ်။

" သူက ကိုကိုစိုး သူငယ်ချင်းဆိုတော့ ကိုကိုစိုးလို ရှေ့နေပဲလား . . ."

" နင် စိတ်ဝင်စားလာပြီလား"

" ဟယ် ဘယ်ကစိတ်ဝင်စားရမှာလဲ နင်က ဖုန်းနံပါတ်ပေးလိုက်လို့ ဆက်ပါပြီတဲ့ မာမီတို့ အန်တီအေးတို့နဲ့ တိုးလို့မေးရင် မသိဘူးတွေချည်း ဖြေလို့မရဘူး သူကဘယ်သူပါ ဘယ်လိုပါ ရိုးသားစွာခင်တာပါ ဘာအလုပ်လုပ်ပါတယ် . . . စသဖြင့်ဖြေရမယ်. . ."

" သူ့မိဘတွေက မုံရွာမှာနေတယ် သူက သည်မှာ အဒေါ်နဲ့နေတာ . . . ကိုကိုစိုးလို ရှေ့နေပါပဲ . . ."

" ယေဘုယျသိရင် တော်ပါပြီ ငါစိတ်မဝင်စားပါဘူး . . ."

" နင် အလုပ်လုပ်ရင်လုပ် ညနေကျတစ်ခုခုစားကြမယ်"

ဟန်နီကတော့လေ . . . ကိုမင်းလွင်ဇော်အကြောင်းတွေတို





တွတ်တွတ်ပြောလေဦးတော့မည်။ တကယ်ဆို မင်းလွင်ဇော်အကြောင်း ဟန်နီလည်း ကောင်းကောင်း သိသည်မဟုတ်ပါ . . .။ ဟိုနေ့ကတွေ့တုန်းကတောင် မင်းလွင်ဇော်လား ကိုလွင်ဇော်ဦးလားလို့ နာမည်ကိုတောင် သေချာမေးနေသေးတာ . . .။

အဲသည့်လူကိုလည်း တစ်ခုမဟုတ်တစ်ခု အပြစ်ရှိမည်လို့ ထင်နေမိပါတယ်။

အရက်သောက်ချင်သောက်မည်။

မိန်းမပွေချင်လည်း ပွေမည်ပေါ့။

နီနီ့ကိုပြောပြမိရင်တော့ . . .

မမသီတစ်ယောက် အပျက်တွေချည်းပဲ တွေးနေတာကိုးလို့ ပြောဦးတော့မည်။

စိတ်မဝင်စားပါဘူး ဆိုကာမှ . . .

စာရင်းတွေမှားသွားသေးတယ်။

တကယ်ဆို . . . ဘယ်သူကမှ သီသီထွန်းကို စိတ်မဝင်စားကြတာ အကောင်းဆုံးပါပဲ . . .။

အန်တီအေး တူမပီပီ အပျိုကြီးလုပ်တာပဲ ကောင်းပါတယ်လေ . . .။



www.burmeseclassic.com

www.burmeseclassic.com



" ငါ တကယ်စိတ်မဝင်စားဘူး ဟန်နီ . . . နင်ဖုန်းနံပါတ် ပေးလိုက်တာ ငါစိတ်ဆိုးတယ် . . . "

" မဆိုးပါနဲ့ဟာ "

" ဒါဆို နောက်ကို ငါ့ဖုန်းနံပါတ် ဘယ်သူ့မှ မပေးနဲ့ . . . "

" အေးပါဟယ် "

" နင်ကိုယ်တိုင်လည်း သည်လူအကြောင်း သေချာမသိပါဘူး နင့် အစ်ကို ပြောလို့သာ အေးတယ် ရိုးတယ် ပြောနေတာ မဟုတ်လား . . . "

သည်တော့မှ ခေါင်းလေးညိတ်ပြီး ဝန်ခံပါတယ်။

မမကြည်တို့ မမစီတို့တွေ သုံးနှစ်လောက် ချစ်သူဘဝမှာ နေပြီးမှ လက်ထပ်ကြတာ . . .။ ဒါတောင်မှ တဖြိမ်းဖြိမ်း ငိုနေကြရတယ်။ အခုတွေ့ အခုကြိုက်ဖို့လည်း သိသိ လုံးဝ စိတ်မကူး။

" ကိုမင်းလွင်ဇော် ဖုန်းဆက်ရင်တော့ ကောင်းကောင်း ပြောလိုက်ပါနော် . . . "

" အင်းပါ ငါမရိုင်းပါဘူး ဒါပေမယ့် အန်တီအေးတို့ ဘယ်လိုကြည့်ပြောရမှန်းတောင် မသိဘူး . . . ကိုကိုစိုး သူငယ်ချင်းလို့ ပြောရမှာတောင် မပြောရဲဘူး . . . အဲဒါမှ နင်တို့ အိမ်မသွားရဘူးဆို ဟုတ်နေမယ် "

" ငါတို့ အလုပ်ထဲက ရှေ့နေလို့ ပြောပေါ့ဟာ . . . "





" အင်း ကြည့်ပြောရမှာပါပဲ. . . "

" စိတ်မဆိုးပါနဲ့ သိသိရယ် . . . ကိုကိုစိုးက ရိုးရိုးအေးအေး သဘောကောင်းတယ်ဆိုတော့ ငါလည်း နင့်အတွက် ဝမ်းသာ သွားပြီး ပြောလိုက်မိတာပါ. . . "

" ငါပြန်မှပဲ . . . စိတ်မဆိုးတော့ပါဘူး . . . တော်ကြာ ငါက အိမ်ပြန်မရောက်သေးဘူး . . . ဖုန်းလာနေပြီး အန်တီအေးနဲ့တွေ့နေရင် မကောင်းပါဘူး . . . "

ဟန်နီနှင့် လမ်းခွဲပြီး အိမ်ပြန်လာခဲ့ပါတယ်။

ခြံရှေ့မရောက်ခင် နှစ်ခြံသုံးခြံအလိုမှာ နောက်က ကားသံ ကြောင့် လမ်းဘေးကပ်ရပ်ပေးလိုက်တယ်လေ။ ကားက ဘေးမှ ဖြတ်ရင်း သိသိခုမှပြန်သလားဆိုတဲ့ မမကြည်အသံ ကြားရ တယ်။ မမကြည်က ဘေးမှာထိုင်လို့ အကိုကြီးကိုသော်ကောင်း တ မောင်းလို့။ အခုတော့လည်း ရယ်လို့ မောလို့ပါလား။

သူတို့ကားခြံထဲဝင်သွားတော့မှ သိနောက်မှ လျှောက်လိုက် လာခဲ့ပါတယ်။

" အန်တီအေး . . . ပန်းပင်တွေရေလောင်းနေတာလား . . . သိလောင်းမှာပါ ဘာလို့မစောင့်ရတာလဲ ခဏလေး. . . အဝတ်သွားလဲဦးမယ်. . . "

" ရတယ် နေ နေ အမောဖြေပါဦး အန်တီအေး ဟုန်နဲ့တဲ့ အလုပ်တွေ ပြီးနေပါပြီ . . . ဒါနဲ့ဟိုလင်မယား ရယ်လို့ မောလို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာပါလား . . . ငိုလာလိုက် ရယ်လာလိုက်နဲ့ သည်ယောက်ျားကိုလည်း မကွာနိုင် . . . ငါမြင့် တွေ့ရမြင်ရ စိတ်ကုန်လွန်းလို့ပါ . . . "

အန်တီအေးကတော့ ဟုတ်တာတွေပြောနေပြီ။

မမကြည် ရယ်လိုက်ငိုလိုက် ဖြစ်နေတာဘာဆန်းလဲ၊ အိမ်ထဲအဝင်မှာ မာမီနှင့် စကားတွေရွှန်းရွှန်းဝေအောင်ပြောပြီး ရယ်နေကြတာ ကြားရတယ်လေ။ အခန်းထဲဝင်ပြီး အကျီအဝတ် အစားလဲနေလိုက်တယ်။

" မမသိ "

" အင်းပြော "

" ကိုမင်းလွင်ဖော်ဆိုတာနဲ့ ဘယ်အတိုင်းအတာအထိ ခင်မင်သလဲ . . . "

နီနီ့ဆီ သည်နာမည် ရောက်သွားပြီကိုး။ သည်လူ ကလည်းလေ . . . ။

" ကိုမင်းလွင်ဖော် . . . သည်လူက ရွှေနေပါ အလုပ်ထဲ ကပဲ သိတယ်ဆိုရုံပေါ့ မခင်လှပါဘူး"

" မသီသီထွန်းလို့ ခေါ်ကတည်းက သိပ်မခင်ဘူးလို့တော့ နီထင်ပါတယ် ဒါပေမယ့် ခင်မင်ချင်တာက စတယ်နော် မမသီ"

" ငါ စိတ်မဝင်စားပါဘူး နီနီရယ် . . . "

" မမသီစိတ်ဝင်စားတယ်လို့ နီမပြောပါဘူး သူကတော့





စိတ်ဝင်စားတဲ့ပုံပါပဲ "

" သူစိတ်ဝင်စားလည်း ငါမဝင်စားဘူး အေးအေးနေပါ . . . အန်တီအေးသိသွားလို့ ဘယ်ကလဲဘယ်သူလဲ ဘယ်သူ့သားလဲ အကုန်ရောက်ကုန်မယ် . . . "

အဲလိုပြောမှနီနီ ငြိမ်သွားတာ။

မမကြည်တို့ လင်မယားရယ်မောသံကိုလည်း စိတ်ဝင်စားပြီး အပြင်ထွက်သွားတယ်လေ။ သည်အချိန်မှာ ဖုန်းဝင်လာပြန်ပါပြီ။ နီနီက မျက်စပစ်ပြီး မမသီရေဖုန်းတဲ့။

" ဟုတ်ကဲ့ သီသီပါ "

" မသီသီထွန်း ကျွန်တော်မင်းလွင်ဖော်ပါ. . . "

" ဟုတ်ကဲ့ ဘာကိစ္စရှိလဲ "

" ဟို ဟို . . . ဘာမှမရှိပါဘူး . . . ဟိုလေ . . . မသီသီထွန်းနဲ့ စကားပြောချင်လို့ပါ "

" သို့မှာ အချိန်မရှိဘူး စကားပြောရလောက်အောင် အချိန်မအားဘူးရှင့် ဒါပဲနော် . . . "

ဖုန်းချပစ်လိုက်တယ်။

ဒါတောင် နီနီက ပြုံးစေ့စေ့လာကြည့်နေသေး။

စကားပြောတာကလည်း ရွှေ့နေသာဆို အထစ်အစ် အငေါ့ငေါ့ တဟိုဟိုနဲ့။ ကိစ္စလည်းမရှိဘူးပြောသေး စကားလည်း ပြောစရာရှိသတဲ့ . . . ၊ ရုတ်ထရက်တော့ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဦးမယ် မထင် . . .။

ဖုန်းသံမြည်ပြန်ပေါ့။

" မသီသီထွန်းနဲ့ တွေ့ချင်လို့ပါ "

" ရှင့်ကိုခုနက ပြောပြီးပြီလေ"

" ကျွန်တော် တောင်းပန်ပါတယ်"

" ဘာကို တောင်းပန်တာလဲ . . . "

" မသီသီထွန်းကို ကိုကိုစိုးတို့အိမ်မှာ တွေ့ကတည်းက ကျွန်တော်စိတ်ဝင်စားမိတယ် . . . ဒါကြောင့် . . . "

အံ့ဩပါရဲ့

သည်လောက် ချက်ချင်းမြန်မြန်ပြောရသလား။

ခင်မင်ပါရစေက မစ

ချက်ချင်း စိတ်ဝင်စားတာကနေ စပါရောလား . . .။

" မသီသီထွန်းကို ချစ်တယ် "

ဖုန်းချပစ်လိုက်သည်။ ပြီးတော့ နီနီ ငါ့နာမည်မေးရင် မရှိဘူးလို့ပြောလိုက်ဆိုပြီး မီးဖိုဘက်ထွက်ခဲ့ပါတယ် . . .။ သည်လူဟာ အံ့ဩစရာပဲ။

မိန်းကလေးတစ်ယောက်ကို ခဏလေးတွေ့တာနဲ့ ချစ်သတဲ့။

သီသီထွန်းဆိုတဲ့ မိန်းမအကြောင်း သူဘယ်လောက် သိလို့လဲ။

ဟန်နီ့ကိုတော့ ပြောထားရမည်။





ခဏခဏ ဖုန်းဆက်နေရင်တော့ မရိုင်းချင်လည်း ရိုင်းရတော့မည်လို့လေ။

" အန်တီအေး ဘာကူရမလဲ"

" ငါကထမင်းတွေဟင်းတွေချက်ပြီးနေ့မှ ဟိုလင်မယား ထမင်းစားမလို့တဲ့ဗွေလ . . . ထပ်ချက်ရဦးမှာပေါ့ . . . "

အန်တီအေးခမျာလည်း အဲဒါတစ်ခုတော့ သနားစရာ ကောင်းပါတယ်။ အိမ်မှုကိစ္စမှာ နစ်နေရရှာတယ်။ အပျိုကြီး လုပ်ရတာ . . . တခြားညီအစ်မတွေရဲ့ အိမ်ထောင်တွေထဲဝင် ကူညီပေးနေရတာမျိုးကိုတော့ သိ မနှစ်သက်ပါဘူး . . .။ မာမီကမှ ရိပ်သာတို့ ဘုရားဖူးတို့သွားချင်ရင် လွတ်လွတ်လပ်လပ် ထွက်သွားတတ်ပြီး အန်တီအေးကတော့ အိမ်စောင့်ကြီးကို ဖြစ်လို့ပါ။

" ကိုမင်းလွင်ဇော်က ရယ်ရတယ် "

ဟန်နီကတော့ ပြောလိုက်ရယ်လိုက်နှင့် သဘောတွေကျ နေတယ်။ ဘာရယ်စရာရှိလဲလို့ သိပြောတော့မှ အံ့ဩပါရဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းစဆက်ဆက်ခြင်း ချစ်စကားပြောရတယ်လို့ သည်လူ ကောင်မလေးတွေအကြောင်းလည်း တောင်းတောင်းသိပုံမရ ပါဘူးတဲ့လေ။

"သူ့ကိုယ်သူ အထင်ကြီးလို့နေမှာပေါ့ . . . ငါ အခုဖွင့်ပြော အခုပဲ သိသိထွန်း ခေါင်းညိတ်မှာလို့ သွေးနားထင်ရောက်နေ တာလည်း ဖြစ်နိုင်ပါတယ် "

" အဲလိုမဟုတ်နိုင်ပါဘူးဟာ သူ့ခမျာ မိန်းကလေး တစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရတယ် နားမလည်ရှာလို့နေ မှာပါ . . . "

" နင်ကလည်းလေ နင့်အစ်ကို သူငယ်ချင်းဆိုပြီး သိပ်အကောင်းမြင်နေတယ် ငါကတော့ . . . စိတ်ဆိုးလိုက်တာ . . . အခုဆို နီနီ သိနေပြီ"

နီနီ့ကို အမှန်အတိုင်း ပြောပြထားရတာပေါ့။ တယ်လီဖုန်း လာရင် သွားတိုင်ပေးပါ . . . သိ မရှိဘူး ပြောပေးပါ မှာရတာ ပေါ့ . . . ။ အန်တီအေးနှင့် ခုထိတော့ တစ်ခါမှ မတိုးသေးပါဘူး။

" ငါ ကိုကိုစိုးကိုတောင် ပြောလိုက်သေးတယ် "

" ဟာ့ ဘာလို့ပြောတာလဲ ရှက်စရာ "

" ကိုကိုစိုးက ပြောပါတယ် သည်ကောင်ကလူမိုး လူအေး . . . ချစ်သူလည်းမရှိဖူးတော့ မပြောတတ်လို့နေမှာပါတဲ့"

" နင်တို့မောင်နှမတွေက သည်လူကို ညွှန်းလွန်းတယ် . . .





ကဲပါ ငါပြန်တော့မယ် . . . သည်ညနေ မာမီက မမစီတို့ လင်မယား လာမယ်ထင်တယ် ထမင်းအတူစားရအောင် ဘယ်မှ ဝင်မနေနဲ့မှာလို့ပါ . . . "

ဟန်နီနှင့်မို့ လက်ဖက်ရည်ဆိုင် တစ်ခါထိုင်လိုက်မိရင် . . . အချိန်အတော်ယူရပါတယ်။

သို့အတွက်ကတော့ နှစ်အတော်ကြာပေါင်းလာတဲ့ အခင်မင်ဆုံး သူငယ်ချင်းမို့ပေါ့။ တခြားသူတွေအတွက်ကတော့ . . . တကယ်စကားများလွန်းတဲ့ ကောင်မလေးပါ။

ခြံတံခါးဝက မျက်နှာချင်းဆိုင် အုတ်ခုံလေးမှာ နီနီ ထိုင်နေပါလား။

အန်တီအေးက မကြိုက်ဘူး။

မိန်းကလေးတွေက လမ်းပေါ်မှာ ထိုင်ပြနေတော့ ယောကျ်ားလေးတွေက အထင်သေးမှာပေါ့တဲ့။

နီနီကတော့ အန်တီအေး ပြောချင်လည်းပြော သူထိုင်ချင် ထိုင်တာပါပဲ။

သိသို့မှာသာ အန်တီအေး မနှစ်သက်ရင် မလုပ်ရဲပါဘူး။

" နီနီ . . . သည်ခုံမှာထိုင်နေပြန်ပြီလား အန်တီအေး တွေ့ရင်ဆူမယ်"

" အန်တီအေးမှာဆူချိန်မရှိဘူး မမသိ အန်တီအေး တစ်ယောက် သူစပ်စုစရာ မေးမြန်းစရာ အသစ်အဆန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရထားတယ် . . . "

" ဘာအသစ်အဆန်းလဲ"

ခြုံထဲဝင်မည်လို့ ခြေလှမ်းစဉ်မှာ . . .

" မမသိရဲ့ ကိုမင်းလွင်ဇော်ဆိုတဲ့လူက အရပ်မြင့်မြင့် ခပ်ချောချောမဟုတ်လား . . . ဆံပင်ခွေခွေလေးတွေနဲ့လေ"

" ဟင် "

နီနီ . . . ကြည့်စမ်း ။

ကိုမင်းလွင်ဇော်ကို ဘယ်မှာတွေ့လာသည်မသိ။

သို့ခြေလှမ်းတွေရပ်သွားပြီး သူ့ကို အံ့ဩတကြီး ကြည့်နေတော့ နီနီရယ်နေတယ်။

" နင်ဘယ်မှာတွေ့တာလဲ "

" အိမ်ထဲမှာ"

" ဘာ . . . "

"မမသိလူကြီးက မမသိကို လက်ထပ်ပါရစေဆိုပြီး မာမီနဲ့ အန်တီအေးကို လာတောင်းနေလေရဲ့ "

လန့်လိုက်တာ

နီနီဘာတွေပြောနေတာလဲ။ နီနီ့ကိုသိငေးကြည့်နေမိပြီးမှ အိမ်ထဲအမြန်လျှောက်ဝင်လာခဲ့ပါတယ်။ ဧည့်ခန်းမှာ မာမီနှင့် စကားပြောနေသူကိုအမြင်မှာ သိ အံ့ဩထိတ်လန့်လွန်း၍ ကြည့်နေမိဆဲ။





ကိုမင်းလွင်ဇော်ဆိုတဲ့လူ

သည်မျှ ရဲတင်းလှချည်လား။

တွေတွေ့ချင်း ရည်းစားစကား ပြောတယ်။

အခုအိမ်လာပြီး မာမီ့ဆီမှာတောင်းသတဲ့။

သူကိုယ်သူ သည်မျှအထင်ကြီးနေတာတော့ လွန်အား ကြီးနေပြီ။

" သမီး သိသိထိုင်ပါဦး . . . မိတ်ဆက်ပေးမလို့ . . . "

မာမီက ထိုင်ဆိုလို့သာ

သို့မျက်နှာမှာ အပြုံးတစ်စမရှိတော့ပါဘူး။

" မောင်မင်းလွင်ဇော်တဲ့ . . . မာမီ့သူငယ်ချင်း အန်တီခင်အေးမူရဲ့သားလေ . . . မူတို့က မုံရွာမှာနေကြတာ . . . မောင်မင်းလွင်ဇော်က ရွှေ့နေလေ . . . ပြီးတော့ အလုပ်တရန်ကုန်မှာရတယ် . . . မောင်မင်းလွင်ဇော် သိသိက နီနီ့ထက် အကြီးလေ . . . "

မိနီ မိနီ . . .။ သက်သက်မဲ့ သို့ကိုမဟုတ်တာတွေ ပြောလွှတ်တာ။

သူက မာမီ့သူငယ်ချင်းရဲ့သားဆိုပါလား . . .။

ချက်ချင်းပဲ အိမ်ရောက်လာမယ့် နည်းကိုရှာတတ်ထား အံ့ရောပဲ။

ရှင်ဘာသာ ဘယ်ပုံဘယ်နည်းနဲ့ပဲ သို့အိမ်ထဲရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးကို ရှင် အရင်ရင်ဆိုင်ကြည့်လိုက်ပါဦး . . .။

" သို့ကိုခွင့်ပြုပါဦး "

အခန်းထဲဝင်လာခဲ့ပြီး

အန်တီအေးရှိရာ မီးဖိုထဲကိုလည်းရောက်ရော။

" သီသီ . . . နင့်မာမီသူငယ်ချင်းသားတဲ့ ခပ်ကင်းကင်းနေနော် သည်အိမ်မှာ လွတ်လပ်တဲ့ အပျိုဆိုလို့ ငါတို့မပဲကျန်တယ် မရွှေနီက မနေ့နက်ဖြန် ယူတော့မှာ . . ."

"စိတ်မဝင်စားပါဘူး အန်တီအေးရယ်"

" အခုတော့ ပြောတာပဲ . . ."

" အခုလည်း စိတ်မဝင်စားဘူး . . . နောက်လည်း စိတ်မဝင်စားဘူး အန်တီအေး ကြည့်နေပါ . . ."

အန်တီအေးကိုကူပြီး တို့စရာပန်းကန်ပြင်ပေးနေလိုက်တယ်။ မာမီက ထမင်းကျွေးချင်လောက်အောင် သည်လူ သည်အိမ်ထဲ အရောက်လာပုံကတော့ မဆိုးပါဘူး။

မာမီ့သူငယ်ချင်းသားဖြစ်တိုင်းလည်း ကျွန်မကမကြိုက်ပါဘူးရှင်လို့ ပြောခွင့်ရရင် ပြောဦးမည်။

" မမသီ "

"ဘာလဲ "

" နီ ပြောတာဟုတ်လား "

" နီနီနော် နီနီ . . .'





" ရုပ်ရည်ကတော့ မဆိုးပါဘူး"

" မိနီ . . . ငါ့ဝမ်းကို ဘာတွေလာပြောနေလဲ . . ."

" အန်တီအေးလိုအပျိုကြီးမလုပ်နဲ့လို့ ပြောတာ . . . အပျိုကြီးဆိုတာ ကိုယ်က မလိုချင်လို့ မယူခဲ့ရင်တောင်မှ လူတွေရဲ့အမြင်မှာ မရရှာလို့လို့ ထင်ခံရတယ် မမသီကို အဲလိုအထင်ခံရမှာ စိုးလို့ပါ . . ."

" ဘယ်သူက ဘာထင်ထင် . . . ညည်းသာအခုပျော်ရွှင်နေ . . . ကြည်ကြည်တို့ စီစီတို့လို မျက်ရည်လည်ရွဲလေး ရောက်ရောက်လာမှာ မြင်ယောင်သေး . . ."

" မငိုရသေးဘူး . . ."

" ကြည့်သေးတာပေါ့အေ "

ထမင်းပွဲပြင်ပြီးတော့ မာမီနှင့်သူ အတူထမင်းစားကြတယ်။

" မသီသီထွက်းတို့ မနီနီထွက်းတို့ရော တစ်ခါတည်း ဝင်စားပါလား "

" သူတို့က စားမှာမဟုတ်ဘူး မောင်မင်းလွင်ဇော် . . . သူတို့အန်တီအေးနဲ့မှစားကြတာ . . . သားဘာ့သာပဲ စိတ်ဖြောင့်ဖြောင့်စား . . ."

ထမင်းဝိုင်းနားမှာမနေချင်လို့ အခန်းထဲပြန်လာခဲ့ပါတယ်။

ထမင်းဝိုင်းနားမှာ အန်တီအေးလည်းရှိနေတာပဲ မဟုတ်လား။ အခန်းထဲကို နီနီလိုက်လာပြီး သို့ကိုကြည့်လို့ ရယ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" မမသီ . . . သည်လူဟာတော်တယ်လို့ပြောရမယ်"

" ဘာတော်တာလဲ"

" တော်တာပေါ့ . . . မမသီကို လိုချင်ရင် သည်အိမ်ထဲကို ဘယ်နည်းနဲ့ဝင်နိုင်မလဲဆိုတဲ့ နည်းလမ်းရှာတဲ့နေရာမှာ အရမ်းတော်တယ်"

" မဆိုင်ပါဘူးဟယ် သူ့အမေနဲ့မာမီ သူငယ်ချင်းဖြစ်တာတ တိုက်ဆိုင်သွားတာနေမှာ . . ."

" တိုက်ဆိုင်မှုကို ရအောင်ရှာနိုင်တာကိုက တော်တာ . . ."

နီနီကတော့ ကိုမင်းလွင်ဇော်ကို သိပ်ချီးကျူးနေပြန်တယ်။ သီကတော့ တိုက်ဆိုင်သွားတာလို့ပဲ ထင်ပါတယ်။

" ရုပ်ရည်ကမဆိုးပါဘူး "

" လာပြန်ပြီ . . ."

" အဟုတ်ပြောတာ မမသီတို့နှစ်ယောက်က အရပ်မြင့်ကြတာတော့ တကယ်လိုက်တယ်"

" နီနီတော့ အန်တီအေးနဲ့ တိုင်ရတော့မယ်ထင်တယ် . . . ဘယ်လိုကိုဖြစ်နေတယ်မသိဘူး . . ."

" အန်တီအေးရဲ့ ဆူညံသံတွေကိုရိုးနေပြီနော် . . . တိုင်ချင်လည်းတိုင် . . ."

" ဟိုနှစ်ယောက် . . . ညွှဲသည်ပြန်မလို့ လာနှုတ်ဆက်ပါတဲ့ "

အန်တီအေးခေါ်သံကြောင့် အပြင်ထွက်ခဲ့ရပြန်ပါပြီ။





သူပြန်တော့မည်။ ခက်တာက အိမ်ကို လမ်းပေါက်သွားပြီ။ ရောက်လာဦးတော့မည်လား။ ကြာရင် မာမီနှင့်အန်တီအေး ရိပ်မိသွားနိုင်တယ်။

" မောင်မင်းလွင်ဇော် . . . မင်းက လူငယ်ဆိုတော့ မင်း လာလည်မှတွေ့ရမှာ . . . အန်တီခင်တို့ အန်တီအေးတို့တွေက အပြင်သိပ်မရောက်ကြတော့ဘူး . . ."

" ဟုတ်ကဲ့ ကျွန်တော် လာပါ့မယ် . . ."

နီနီ့မျက်နှာက မချိုမချဉ်။

ဟိုလူမှုခြံပြင်လောက်ရောက်ရုံရှိဦးမည်၊ အန်တီအေးက ပြောပါလေရော။ မမခင်ရယ် ဘာလို့များ လာလည်ဖို့ ဖိတ်နေရသလဲ ကိုယ့်အိမ်မှာ အပျိုလေးတွေ နှစ်ယောက်တောင် ရှိတာ . . . ကောင်လေးတစ်ယောက် အိမ်ကို ခဏခဏဝင်ထွက်နေတာ ပတ်ဝန်းကျင်ကမြင်ရင် ဘယ်ကောင်းပါ့မလဲဆို ပြောတော့တယ်။

" အပျိုလေးနှစ်ယောက်လို့ မပြောပါနဲ့ အန်တီအေး . . . နီမပါဘူးနော် နီကနို့ချစ်သူနဲ့နီ . . . မသီတစ်ယောက်ပဲ လွတ်နေတာ မမသီလူကြီးလို့ပြောပါ "

" ဟဲ့ကောင်မလေး . . ."

နီနီကတော့လေ

အန်တီအေးဆူချင်လည်းဆူ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောချင်ရာ ပြောတတ်တဲ့ ကောင်မလေးပါပဲ. . .။ မာမီကတော့ ထုံးစံအတိုင်း သမီးတွေပြောရင် ပြုံးနေတာပါ။ ဘယ်တော့မှ ဆူဆူပူပူပြောလေ့မရှိပါဘူး . . .။ အေးအေး ဆေးဆေးသာ ရှင်းပြတတ်ပါသည်။

" ခင်အေးမူနဲ့က အချစ်ဆုံးအရင်းနှီးဆုံး သူငယ်ချင်းတွေဆိုတာ အေးလည်းသိသားနဲ့ . . . သည်တော့ . . . မောင်မင်းလွင်ဇော်ကို ခင်ခင်မင်မင် ဆက်ဆံရမှာပါပဲ . . . ကလေးချင်းတွေ နှစ်သက်ကြမယ်ဆိုလည်း ခွင့်ပြုရမှာပဲ"

" မမခင် . . . အေးတူမကို အတင်းသဘောတူပါနဲ့ သိသို့ကို အေးက ကြည်ကြည်တို့ စီစီတို့လို အိမ်ထောင်ရေး ဒုက္ခတွေမှာ အနစ်မွန်းမခံနိုင်ပါဘူး . . ."

" အတင်းသဘောတူတဲ့အလုပ် ဘယ်တုန်းက မမခင် လုပ်လို့လဲ သမီးအားလုံး သူတို့နှစ်သက်ရာ ရွေးချယ်ခွင့်ပေးခဲ့တာပါ . . . သို့ကိုလည်း အတင်းမချုပ်ကိုင်ပါဘူး . . . သူနှစ်သက်မယ်ဆိုရင် ပြောတာပါ . . ."

" မမသီ နှစ်သက်သလားဟင် ဘယ်လိုလဲ . . ."

" နီနီ . . ."

နီနီတစ်ယောက် အတော်အူမြူးနေတယ်။

ကိုမင်းလွင်ဇော် အိမ်ရောက်လာတာကို သိပ်သဘောတကျ ဖြစ်နေပြန်တော့တာ။ မသီသီထွန်းကို ချစ်တယ်လို့ ချက်ချင်း





လွယ်လွယ်ဖွင့်ပြောကတည်းက သီဖြင့် အံ့ဩစိတ်ပျက်သွားတယ်။

သို့ကို အထင်သေးတာလား

သူ့ကိုယ်သူ အထင်ကြီးတာလား

သည်နှစ်ခုသော ချာပေါက် ဖြစ်ရမည်။

" သီသဘောမကျပါဘူး . . ."

အန်တီအေးမျက်နှာ အခုမှ ပြုံးသွားတော့တယ်။

" ဟုတ်လား . . . အံ့ရော အံ့ရော . . . တော်လိုက်တဲ့ သို့မင်းလွင်ဇော် . . ."

ဟန်နီ့ကိုပြောပြတော့လည်း နီနီနှင့်တလေတည်းပါပဲ။

သီကတော့ ခုချိန်ထိ အမြင်မကြည်လင်ပါဘူး။

သို့ကိုချစ်တယ်ဆိုတာကထားပါ။

ဒါတရင်ထဲက ဖြစ်လာတဲ့ကိစ္စပဲ။ သူ့ရင်ထဲက ချစ်မယ်ဆို နှစ်ပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် အခုတွေ့ အခုဖွင့်ပြောတာက ဘာလဲ။ သို့ကို အထင်သေးတာ။

သူ့ကိုယ်သူ အထင်ကြီးတာ။

" သီ နင်တို့တော့ ဖူးစာမှန်ပြီ "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖူးစာမှန်တာလဲ"

"ဖူးစာမှန်လို့သာ သူ့အမေနဲ့နင့်အမေ သူငယ်ချင်းဖြစ်နေကြတာပေါ့ . . ."

"အဲဒါနဲ့ပဲ ဖူးစာမှန်ရောလား . . . နင့်လူကြီးကို နင်ပဲကြိုက်ငါ့ကိုအထင်သေးပြီး သူ့ကိုယ်သူ အထင်ကြီးနေတဲ့လူ လုံးဝစိတ်မဝင်စားဘူး . . ."

သို့မျက်မှာအမူအယာက တကယ့်ကို စိတ်ဆိုးနေမှန်းသိလို့ထင်ပါရဲ့။ ဟန်နီနည်းနည်းတော့ ငြိမ်သွားပါတယ်။

"သူလည်း စိတ်ဓာတ်ညံ့တာတော့ မဟုတ်နိုင်ပါဘူးဟာ . . . ချစ်သူမထားဖူးတော့ အစီအစဉ်မကျမန ဖြစ်ကုန်တာမျိုးနေမှာပါ"

"ကိုမင်းလွင်ဇော်သာ ရှေ့နေမှတ်နေတာ ဟန်နီလည်းရှေ့နေပါလား"

"ငါတကယ်ပြောတာ"

"တော်ပါ နင့်လူကြီး နင်သိပ်သနားနေရင် နင်ကြိုက်လိုက်"

"သူကမှ ငါ့မကြိုက်တာ . . . သူကလေ မသီသီထွန်းကိုမှချစ်ပါသတဲ့ . . ."

အိမ်မှာဆို နီနီ . . . အလုပ်ထဲမှာ ဟန်နီ။ သူတို့နှစ်ယောက်က တစ်ပုံစံတည်းပဲ။သို့ကို ကိုမင်းလွင်ဇော်နှင့် သိပ်သဘောတူနေကြတယ်။ သို့တဖြင့် သူနှင့် အေးအေးဆေးဆေးတွေလို့





တတော့ ကောင်းကောင်းပြောပစ်မည်လို့ စောင့်နေတာ။

"ဟယ်တော့ သေခဲဦးမယ် ရှေ့မှာ ကိုမင်းလွင်ဇော်ပါလားသို့ဆီလာတာထင်တယ်"

"လာပါစေ ကောင်းတယ်"

"သို့ . . . ကောင်းကောင်းပြောနော်"

"မပြောပါဘူး . . . ငါ မကျေနပ်တာကို မကျေနပ်တဲ့အတိုင်းပြောမယ် နင်မျက်နှာပူရင် ရှောင်သွား"

"အင်း . . . ဒါဆို ငါနှုတ်ဆက်ပြီး ရှောင်မယ် . . ."

ဟန်နီတို့များအဲလို။

သူမှာ အားနာရတာနဲ့ မျက်နှာပူရတာနဲ့။

သို့မှာလည်း အားနာတတ်တဲ့စိတ်ရှိသလို ရိုင်းစိုင်းတဲ့စိတ်လည်းမရှိပါဘူး။ ဒါပေမယ့် သည်လူကိုတော့ အားနာလို့ဖြစ်ဘူး . . .။ သူကသို့ကို အထင်သေးတယ်လေ. . .။

"မသီသီထွန်းနဲ့ ဟန်နီပါလား"

"ကိုမင်းလွင်ဇော် ဘယ်လာလဲ . . ."

"အလုပ်ဆင်းတော့ သတိရလို့ထွက်လာတာ အန်တီခင်မှာတဲ့ ချောင်းဆိုးပျောက်ဆေးလည်းပေးချင်လို့"

အကြောင်းပြချက်ကလေးနှင့် အိမ်ကို အတူလိုက်ဦးတော့မည်ဆိုတဲ့ သဘောပေါ့။

ချောင်းဆိုးပျောက်ဆေးပေးချင်တာများ . . . သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သွားလည်းရရဲ့နဲ့ . . .

သီနှင့်အတူအိမ်ပြန်ပြီးပေးမှ ရတာမဟုတ်ပါဘူး။

" ဒါဆို ဟန်နီသွားမယ် . . . ကိုမင်းလွင်ဇော် သွားဦးမယ်"

ဟန်နီတို့ကတော့ အမြန်ဆုံးရှောင်ထွက်သွားပြီ ။ သီလျှောက်တဲ့ဘေးမှာ သူလိုက်လျှောက်တယ်။ သူ့ရဲ့စကားစကို သီအရင် စောင့်နေရတယ်။ ဒါမှပြန်နှုတ်လို့ရအောင်လို့ပေါ့။

" တောင်းပန်ပါတယ် မသီသီထွန်းရယ် . . . ကျွန်တော့်ရင်ထဲမှာ ဘယ်လိုပဲ ချစ်နေ ချစ်နေ . . . ချက်ချင်း ချစ်တယ်လို့ မပြောသင့်ပါဘူး . . . မသီသီထွန်းစိတ်မှာ ငါ့ကို အထင်သေးလို့ ချက်ချင်းဖွင့်ပြောတာလား . . . ထင်သွားနိုင်တာပေါ့ . . ."

" ဟုတ်လား အဲလိုမျိုး ထင်နိုင်သလား"

" ထင်နိုင်ပါတယ် . . . "

" ဪ ဪ . . ."

သူ့ဟာသူ သိလာတာရောဟုတ်ရဲ့လား။

တစ်ယောက်ယောက်ကများ ပြောလိုက်သလား။

"အဲလိုဖြစ်နိုင်ထင်နိုင်တယ်လို့ တစ်ယောက်ယောက်က ရှင့်ကို ပြောလိုက်တာလား "

" ဟုတ်တယ် ကိုစိုးပြောတာ "

တွေ့လား။



အံ့ဩဖွယ်ပဲ။ ကိုကိုစိုးကပြောလိုက်တာတဲ့။

" ကိုကိုစိုးမပြောရင် သည်လိုဖြစ်နိုင်တယ် ရှင်မသိဘူးပေါ့"

" ကျွန်တော်ကတော့ ရင်ထဲကချစ်တာကို ချစ်တယ်လို့ပြောတာ . . . ဘယ်တော့ပြောပြော အတူတူပဲ ထင်နေတာ . . . "

" ဟုတ်လား . . . "

" ကျွန်တော် ချစ်သူမထားဖူးဘူး မသီသီထွန်း . . . ငယ်ငယ်တည်းက အားကစားလေ့ကျင့် စာကျက်နဲ့ အခုမှ မသီသီထွန်းကို မြင်မြင်ချင်း ချစ်သွားတော့ . . . ရင်ထဲရှိတဲ့ အတိုင်းပြောမိတာပါ . . . "

ချစ်သူမရှိလို့ ဆိုတာရော ပြောတာနှင့်ယုံရခက်ပါဘိ။ အစ်ကိုကြီးဆို ချစ်သူတွေများစွာ များစွာကိုလှည့်ပတ်ထားရင်း မကြည်ကို ရိုးသားဟန်ဆောင်လက်ထပ်ခဲ့သေးတာ။ ပြောတိုင်းယုံရရောလား။

" သီထင်ထားတာ တစ်ချက် ကျန်သေးတယ် "

" ဘာလဲဟင် ပြောပါ မသီသီထွန်း "

" ရှင်ပြောသလို ကျွန်မကို အထင်သေးတာလား ဒါမှမဟုတ် ငါပြောရင်ရတော့မှာလို့ ရှင့်ကိုယ်ရှင် အထင်ကြီးတာလား "

" ဟာ မဟုတ်ရပါဘူး မဟုတ်ရပါဘူး မသီသီထွန်းရယ် ကျွန်တော့်မှာ အဲလိုမျိုးအတွေး လုံးဝမရှိပါဘူး ရင်ထဲရှိတာ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲ မပြောတတ်ပဲ ပြောမိတာပါ ကျွန်တော့် တစ်သက် ပထမဦးဆုံးချစ်ရတဲ့မိန်းကလေးကို အထင်မသေးပါဘူး . . . ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးနေတာမဟုတ်ပါဘူး . . .”

ပျာပျာသလဲရှင်းပြနေတယ်။

ပထမဦးဆုံးချစ်ရတဲ့မိန်းကလေးတဲ့ . . .

ပထမဦးဆုံးချစ်တာတော့ဟုတ်ပြီ . . .

ဒုတိယ တတိယ ကျတော့ ဘယ်လိုစဉ်းစားထားလဲလို့ တမင်မေးလိုက်တဲ့အခါမှာ။

“ ဒုတိယ တတိယ . . . ဟာ. . . မရှိပါဘူး ကျွန်တော့် တစ်သက်မှာ တစ်ယောက်ပဲ ချစ်မှာ”

“ တစ်သက်မှာ တစ်ယောက်”

စကားပြောကောင်းနေပြန်ပါပြီ။

တစ်သက်တစ်ယောက်တဲ့ . . .။

အစ်ကိုကြီးကိုသော်ကောင်းက မမကြည်ကို ချစ်ဖို့ပြောတဲ့ အချိန်မှာ . . . ဘယ်လိုပြောခဲ့မလဲ သိချင်မိတယ် . . .။

မမကြည်နှင့် တွေ့ရင်မေးကြည့်ဦးမှပါ။

ခုချိန်မှာတော့ မမကြည်နောက်ကွယ်မှာ အစ်ကိုကြီး တွဲနေသော အမျိုးသမီးတွေက မမကြည်သက်စေ့ထက်များ ကျော်ပြီလား မသိ . . .

တစ်သက်တစ်ယောက်လို့ နှုတ်ဖျားက်ပြောလိုက်ရတာ





လွယ်လွန်းလို့ပါ။ ပြီးတော့ အစ်ကိုသော်ကောင်းသာကြည့် . . .။

“ သိ လုံးဝမယုံဘူး”

“ ဗျာ ”

“ တစ်သက်တစ်ယောက်ဆိုတာ မယုံဘူး ပြောတာ . . . ရှင့်ကိုတစ်ခုပြောထားမယ် ကျွန်မကို ရှင်ရည်းစားစကား ပြောပါတယ်လို့ အန်တီအေးကို တိုင်လိုက်လို့ကတော့ . . . ရှင် သည်အိမ်ထဲကို ဝင်လို့ရလိမ့်မယ် မထင်နဲ့ သည်တော့ သိသိထွန်းကိုချစ်တယ်ဆိုတဲ့ အပြောမျိုးတွေရပ်တန်းကရပ်ပါ ဒါမှ ရှင်ဟာ မာမီ့သူငယ်ချင်းရဲ့ သားတစ်ယောက်အဖြစ် ရင်းနှီးစွာနေခွင့်ရမယ် . . .”

“ မသိသိထွန်းကို ကျွန်တော် တကယ်ချစ်တာပါ . . .”

“ ပြောရင်းဆိုရင်း ပြောလာပြန်ရော. . .”

“ မပြောနဲ့ဆိုလည်း မပြောပါဘူး မသိသိထွန်း ရင်ထဲမှာ တော့ သိမ်းဆည်းထားဖြို ယုံကြည်ပေးပါ ”

“ မယုံပါဘူးဆိုမှ ”

“အခု မယုံချင်နေ . . . နောင်တစ်နေ့နေ့တော့ ယုံကြည်ပေးပါ . . .”

“ ရှင် သည်နားကနေ အိမ်ထဲ ဖြည်းဖြည်းလိုက်လာခဲ့ . . . အိမ်ကိုအတူပြန်တာ အန်တီအေးမှသိမှ ဖြစ်မယ် . . .”

သည်လိုပြောတော့ ခြေလှမ်းလျှော့ပြီး ကျန်ရစ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်တော့ နီနီက သူ့ဧည့်သည်တင်အောင်ထိုက်ကို ဧည့်ခံနေတာပါလား။

"မမသီ . . . အခုမှ အလုပ်ပြန်တာလား"

"အေး . . . နင်ရော ခရီးထွက်နေတယ်ဆို . . ."

"ဟုတ်တယ် မမသီ . . . မနေ့ကညမိုးချုပ်မှ ပြန်ရောက်တယ် . . . နီကြိုက်တဲ့ ဟာလဝါလာပို့တာ . . ."

"ဟုတ်ပါပြီ စကားပြောကြဦး"

အခုတော့ နီနီကြိုက်တဲ့ဟာလဝါတဲ့ . . .

နောက်တော့ ကြည့်ရသေးတာပေါ့။

ကြည့်လည်း ကြည့်ရကာနီးပါပြီ . . .။

လာမည့်သီတင်းကျွတ်မှာ တင်အောင်ထိုက်နှင့် နီနီ လက်ထပ်ကြတော့မည်ပဲ . . .။

အခန်းထဲဝင် အဝတ်လဲပြီးလို့ မီးဖိုထဲ ဝင်မည်ကြံရုံရှိသေး။

"မမသီရေ ဧည့်သည်လာနေတယ်"

နီနီ . . . သည်ကောင်မလေးကတော့ တွေ့လား။ တကယ်ဆို မာမီ့ဆီလာတာပဲ သီ့ကိုခေါ်ပေးစရာ အကြောင်း မရှိပါဘူး . . .။ အန်တီအေးအနားသွားကပ်နေပြီး အိမ်ရှေ့ကို မထွက်ပဲနေလိုက်တယ်။ တင်အောင်ထိုက်လည်း မပြန်ရသေး။ မရှေ့နီတို့က တင်အောင်ထိုက်ကို မမသီလူကြီးလေးဆိုပြီး သေချာပြလိုက်ဦးမှာပါ။





"မမသီ"

"ဘာလဲ"

"ဧည့်သည်ရောက်နေတယ်"

"နီနီ . . . ငါသိပ်သည်းမခံချင်တော့ဘူး နင်သိပ် သဘောကျရင် တင်အောင်ထိုက်ကို ဖြတ်ပြီး ကြိုက်လိုက် . . ."

"အဲလောက်တော့ မပြောပါနဲ့ မမသီရယ် . . . မမသီအတွက်ပါ . . ."

"ဟောသည်မှာ အန်တီအေးရေ . . ."

ကောင်းတယ်။

ဟောသည်မှာ အန်တီအေးရေဆိုလိုက်တော့မှ ထွက်သွား တော့တာ။ မာမီ့ဆီ ဆေးလာပေးသည့်လူကို မာမီ ဧည့်ခံ လိုက်မှာပေါ့။ အန်တီအေးက မီးဖိုထဲဝင်လာပြီး သီ့အနား လာကာ တိုးတိုးပြောပါတယ်။

"ဟိုကောင်လေးတော့ လှေထွင်းနေပြီ . . . ငါထင်ပါတယ်"

"ဘာလို့လဲ အန်တီအေးရဲ့"

"ချောင်းပေါက်အောင်လာမှတော့ လှေနဲ့မှလာလို့ရမှာပေါ့ ဒါကြောင့် လှေထွင်းနေပြီပြောတာ . . . ကော်ဖီနဲ့ [illegible] စီစဉ်ရဦးမယ် . . . ဒါပဲနော် သီသီ . . . ကောင်လေး[illegible] ခပ်တည်တည်နေ . . ."

"စိတ်မဝင်စားပါဘူး အန်တီအေးရယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



" အေး ကောင်းတယ် . . . "

" မမသိ မာမီခေါ် . . . "

မာမီကလည်းလေ . . . သည်လူကို စကားပြောစေချင်သေးတယ်။ အန်တီအေးရဲ့ မမခင်ကလည်းလေဆိုတဲ့ အသံနဲ့အတူ အပြင်ခန်းကိုထွက်ခဲ့ရပြန်တယ်။

တင်အောင်ထိုက်တို့ပါ ဧည့်ခန်းမှာရှိနေတာမဟုတ်လား။ နီနီကတော့ ပြုံးပြုံးလေးကြည့်နေတယ်။ အခန်းထဲမှာသာဆို သည်အကြည့်နဲ့ ကြည့်လို့ကတော့ ကောင်းကောင်း ခေါင်းခေါက်ပစ်လိုက်မယ် . . .။

" မောင်မင်းလွင်ဇော်က မေးနေတာ . . . သီသီရုံးက ပြန်ရောက်ပြီလားဆိုလို့ . . . "

ဒါနဲ့များ ရှိုးသားသတဲ့ . . .။

သူသာရှိုးသားတယ်ဆို ခုလို လိမ်ညာတတ်ပါ့မလား။

အတူတူပြန်လာပြီး အိမ်ရောက်လာတာကို လုံးဝ မတွေ့ရသေးတဲ့ပုံစံနဲ့ . . .။ ရှိုးသားတယ်ဆိုတာ ဘာတွေ ရှိုးသားသလဲ။ ဒါကြောင့် ဘာမှမပြောပါပဲ မာမီ့ဘေးနားဝင်ထိုင် နေလိုက်ပါတယ်။

" မူနဲ့ ဖုန်းပြောရဦးမယ် ဟိုနေ့က ဖုန်းနံပါတ်တောင်းထားဖို့ မေ့သွားတယ် မောင်မင်းလွင်ဇော်ရယ် . . . မုံရွာ ဖုန်းပေးခဲ့ဦးနော် . . . "





" ဟုတ်ကဲ့ ကျွန်တော်လည်း မေမေ့ကို အန်တီခင်နဲ့တွေ့တာ ပြောပြထားပါတယ် . . . အန်တီခင်တို့ ဖုန်းလည်း ပြောထား ပါတယ် မေမေလည်းဆက်မှာပါ . . . "

အန်တီအေးက ကော်ဖီနဲ့မုန့်လာချပေးရင်းမှ သီသီ အန်တီအေးဟင်းချက်မလို့လာကူဆိုပြီး ခေါ်သွားပါတယ်။ ဝမ်းသာအားရပဲ ရှုတ်ဆက်ထွက်ခဲ့ပါပြီ။

တကယ်ချစ်တာပါတွေ . . .

တသက်တစ်ယောက်တွေ . . .

သီသီထွန်းစိတ်မှာ မယုံ မယုံ မယုံ။

" အစရှိအနောင်နောင်တဲ့ မလွယ်ဘူး မလွယ်ဘူး . . . "

ညနေကြော်မည့် ဆိတ်သားတွေကိုသာ ဒေါသနှင့် အားပါးတရ ဒါးနှင့်လှီးနေတဲ့ အန်တီအေးကို ကြည့်ရင်း ပြုံးရပါသည်။

တူမတစ်ယောက်သာကျန်တာလေး အပျိုကြီးမဖြစ်မှာ ကြောက်နေပုံရပါတယ်။

" မမစီအကြိုက် ဆိတ်ကလီစာချက်တာနဲ့အတော်ပဲ . . . လာ . . . လာ . . . အတော်ပဲ အစ်ကိုလတ်လည်း ပါလာတာကိုး . . . "

နီနီကတော့ မမစီတို့ လင်မယားကို မြင်တာနှင့် ရွှန်းရွှန်းဝေအောင်ခေါ်တော့တာပါပဲ . . .။ သီသီ့စိတ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



မမစီရဲ့ ဒါဏ်ရာများစွာနှင့် မျက်နှာကိုမြင်ယောင်ပြီး ... အစ်ကိုလတ်အပေါ် မကြည်မလင်ခံစားရဆဲ။ ဟန်ဆောင်ပြီး တော့လည်း မနှုတ်ဆက်ချင်ပါ။

" မောင်သန်းဇော်ပါပါလာတာလား ... အေး ကောင်းတယ် မင်းတို့ အန်တီအေး ဟင်းတွေချက်နေတာ ..."

အန်တီအေးကလည်း သို့အခေါ်မပြောရ။

သို့စိတ်နှင့် တော်တော်တူပါတယ်။

အစ်ကိုလတ်ကို သိပ်စကားမပြော။ သူ့ဟင်းတွေပဲသူမဲ ချက်နေပါတယ်။ မာမီနှင့်နီနီကတော့ စကားတွေပြောနေကြတာပေါ့ ...။

" ကြည်ကြည်တို့ လင်မယားတောင် တစ်နေ့က လာသေးတယ် ..."

" ဟုတ်လား ဒါနဲ့ မာမီတို့ကို ဝမ်းသာစရာပြောရဦးမယ် "

" ဝမ်းသာစရာဟုတ်လား ပြောပါဦး သမီးရဲ့"

" စီ့မှာ ကိုယ်ဝန်ရှိနေပြီ မာမီ ... မာမီမြေးချီရတော့မှာ"

မမစီမှာ ကိုယ်ဝန်ရှိနေသတဲ့ ...

ကလေးရတော့မည်။

အဲဒါပျော်စရာလား။ သူတောင်မှ မူးလာသည့် ယောက်ျားက ခဏခဏရိုက်တာခံနေရတယ်။ မွေးလာတဲ့ ကလေးကိုရော အမူးသမား အဖေကမရိုက်ပဲ နေမလား။ အဖေမူးပြီး အမေ့ကို





ရိုက်နေတတ်တဲ့ အိမ်မှာနေရသည့်ကလေးလေးဆီမှာ ပျော်ရွှင်စရာ အပြည့်အဝရှိပါ့မလား။

" ဒါ ပျော်စရာ မဟုတ်တာ "

" ဟဲ့ သီသီ "

" မမသီ ဘယ်လိုပြောလိုက်တာလဲ "

သီပြောလိုက်တဲ့အခါ ... အားလုံးက တအံ့တဩ ဝိုင်းကြည့်နေကြပါတယ်။ မှန်တိုင်းမပြောနှင့် ဆိုပေမယ့် သီကိုကမနေနိုင်တာပါ။ သီခံစားရတဲ့အတိုင်း သီတွေးထင်ယူဆတဲ့အတိုင်း ပြောကိုပြောချင်တာ။

" သီ သာ မမစီဗိုက်ထဲက ကလေးဆို မပျော်ပါဘူး ... အဖေကမူးပြီး အမေ့ကိုရိုက်နေတတ်တဲ့ မိသားစုမှာ ကလေးဖြစ်ရတာ ဘာ ပျော်စရာမှမရှိဘူး ... စိတ်ညစ်စရာပဲ ရှိမယ် ... မမစီမျက်နှာပေါ်က ဒါဏ်ရာဗရပွကို ကြည့်ပြီး စိတ်ဆင်းရဲရတဲ့ မိသားစုတစ်ယောက်တိုးလာတာ ပျော်စရာမှ မဟုတ်ပဲ ... သီသာဆို ကလေးတစ်ယောက်မှ မယူဘူး ... ကလေးကို စိတ်ဆင်းရဲစရာဘဝထဲခေါ်ယူတာ ..."

" သီသီ ..."

မာမီရဲ့ သီသီဆိုတဲ့ ခေါ်သံဟာ ပြောနေတဲ့စကားတွေကို ရပ်ခိုင်းနေပြီဆိုတာလည်း သိသလို သီပြောချင်ရာလည်း ပြောပြီးပြီ ဆိုတော့ စိတ်ကလည်း ကျေနပ်သွားတာမို့ အိမ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်လာခဲ့ပါတယ်။

အိမ်ရှေ့က ဒါန်းတလေးမှာထိုင်ရင်း မာမီဆူလည်း ခံလိုက်တော့မည်လို့ . . . တွေးနေဆဲ။

" သီသီ "

" အန်တီအေး . . . "

" ကောင်းလိုက်တာ ငါ့တူမတော်တယ် အန်တီအေးလည်း ပြောချင်လိုက်တာ သျှာကိုယားနေတာပဲ . . . ဒါပေမယ့် လူကြီးဆိုတော့ ပြောချင်လည်း မပြောသင့်ဘူးဆို ဟန်ဆောင်နေရတယ် . . . "

" စိတ်တိုလွန်းလို့ ပြောလိုက်တာပါ အန်တီအေးရယ် . . . မမစီကိုတော့ သနားပါတယ် . . . လင်မယားပဲ ကွဲရိုက်နွားရိုက် ရိုက်တာမျိုးတော့ သီသိပ်မုန်းတယ် . . . "

" ငါ့တူမတော်တယ် . . . တစ်ခါလောက်ကြည်ကြည့် ယောကျ်ားလည်း ပြောပေးလိုက်ဦး . . . "

" သို့တို့ မာမီရိုက်တော့မှ အန်တီအေး ဝင်ဆွဲနေရဦးမယ်"

" မမသီရေ ဖုန်းလာနေတယ် "

" လာပြီ . . . "

ဘယ်ကဖုန်းလဲ။

တယ်လီဖုန်းကိုခပ်လန့်လန့်ပဲ။ ကိုမင်းလွင်ဇော်ဆီကဆို ပြောမနေချင်ပါဘူး။ သူနှင့်သီက သဟဇာတ မဖြစ်ဘူးလို့





သိထင်တာပါပဲ . . ။ တယ်လီဖုန်းကို တစ်ခါတစ်ခါ နားထောင်ချင်စိတ်မရှိပါ။

" ဟဲ့ မရွှေသီ . . . ကျွန်မပါ "

" ဟန်နီရယ် ငါက ဘယ်သူများလဲလို့ "

" ဘာလည်း . . . ကိုမင်းလွင်ဇော်ကြီးများလားဆိုပြီး ကြိုတင်ရင်ခုန်နေနှင့်သလား . . . "

" ရင်ခုန်ဖို့နေနေသာသာ . . . ဖုန်းလာရင် ချပစ်ရမလား တွေးနေတာ "

" သည်လောက် မရက်စက်ပါနဲ့ဟာ . . . သနားပါတယ်"

" သနားရင် နင်ချစ်လိုက် "

" နင့်ဆီမှာ အန်တီအေးပြောတဲ့ စကားတွေ တော်တော် ဝင်နေပြီ . . . နင် အကောင်းမှုမမြင်တော့တာ . . . "

ဟန်နီလည်း နီနီ့လိုပင် ပြောတတ်ပါတယ်။

အကောင်းမမြင်တာ မဟုတ်ပါဘူး။ ကောင်းတဲ့လူဆိုတာလည်း ရှိသင့်သလောက်ရှိမှာပါ။ အကောင်းအဆိုးဒွန်တွဲနေတာမှာ အကောင်းများရင် လူကောင်းပေါ့။ အရက်မသောက်ရဘူး မပြောပါဘူး။ အလုပ်ကိစ္စရှိရင် အနည်းအပါး သောက်ပေါ့။ ကိုယ်ချစ်လို့ယူထားတဲ့ မိန်းမကို ဒါဏ်ရာအထပ်ထပ်ဖြစ်အောင် ရိုက်တဲ့ အရက်သောက်ခြင်းမျိုးတော့ သီ ခွင့်လွှတ်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကျတော့ရော . . .

ချစ်လို့လက်ထပ်ခဲ့ပြီ။ ဖောက်ပြန်စရာလား။ ကိုယ့်ဂုဏ်သိက္ခာလည်းကျ ဘုရားလည်းမကြိုက် မိန်းမအတွက်လည်း စိတ်ဆင်းရဲ တစ်ခုမှ မကောင်း . . .။ ဒါမျိုးလည်းသီ ခွင့်မလွှတ်နိုင် . . .။

" နင့်လူကို ငါခွင့်လွှတ်နိုင်မှ လူကောင်းတစ်ယောက်လို့ ယူဆမယ် . . ."

" နင်ကလည်းဟာ . . ."

နီနီ့ကိုပြောကြည့်။ မမသီ မချစ်တတ်သေးလို့ပါလို့ပဲ ပြောဦးတော့မည်။

" သီသီတစ်ယောက်တည်း ပြန်လို့ဖြစ်ရဲ့လား ဟန်နီတို့လည်း ပြန်နှင့်ကြပြီ . . . ဦးလေးအလုပ်များလိုက်တာ သီသီပါမနေရတော့ဘူး . . ."

တစ်ဌာနတည်း ဖလုပ်အတူလုပ်နေတာ ကိုယ့်ကိုအတူအညီတောင်းတာ သီမငြင်းနိုင်။ ဦးလေးဦးစောလွင်တို့နှင့်





ထယ်ဂျာတွေ ဝိုင်းဖြည့်ပေးရင်း မိုးချုပ်ရပြီ။ သီ နောက်ကျမည်ဆိုတာကို မာမိဆီလည်း ဖုန်းဆက်အကြောင်းကြားပြီးပြီဆိုတော့ စိတ်မပူတော့ပါဘူး။ နောက်ကျရင် ဘတ်စ်ကားတောင် ပိုချောင်သေးတယ်လို့ပဲ ကောင်းတာတွေးထိုက်ပါတယ်။

" ပြန်မယ် ဦးလေး "

အလုပ်တိုက်ထဲကအထွက် . . .

မိုးရွာနေပါလားဆိုပြီး . . . ထီးကလေးဖွင့်လိုက်ချိန်မှာ . . .။

အုတ်ခုံပေါ်မှာ ထီးတစ်ချောင်းနှင့် ထိုင်နေသူကို သီ အံ့ဩတကြီးကြည့်မိပါတယ်။

" မသီသီထွန်း "

" ရှင် သည်မှာ ဘာလို့ထိုင်နေတာလဲ"

" ဟန်နီနဲ့ အလုပ်အပြန်အဆုံမှာ မသီသီထွန်း အချိန်ပိုကြောင့် မိုးချုပ်မယ်ဆိုတာနဲ့ စိတ်ပူလို့ . . ."

" အို . . . ဘာပူစရာရှိလဲ . . ."

" ဘာပူစရာမှ မရှိဘူး မပြောပါနဲ့ မိုးနဲ့လေနဲ့ ပြီးတော့ လွန်တော်က ချစ်ရတဲ့သူ . . . ပူတာပေါ့ဗျာ. . ."

သီလျှောက်တဲ့အနားကလိုက်လျှောက်လာပြန်ပါပြီ။

ဟန်နီတို့များ အငြိမ်မနေ။

သီ အချိန်ပိုဆင်းတာ သူ့ကို ပြောလိုက်ရတယ်လို့ . . .။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော် မပြောတတ်တာတွေကြောင့် မသိသိထွန်း စိတ်ခုနေတာသိပါတယ် . . . ဒါပေမယ့် တကယ် ချစ်တာပါ . . ."

မိုးရွာနေလို့လားမသိ။

လမ်းပေါ်မှာ လူရှင်းနေသလိုပါပဲ။

မှောင်စလည်းပြုနေပြီပဲ . . .။ ခေတ်မီးတိုင်တွေက မာကျူရီအဝါရောင်မီးတွေကြောင့် မိုးမှုန်တွေပင် လင်းနေသလိုလို . . .။ မှတ်တိုင်ဆီ လျှောက်လာရင်း သည်လူ့ကို ဘယ်လို ပြန်ခိုင်းရမလဲ စဉ်းစားနေမိပြီ။

" ကျွန်တော်ပြန်မှာပါ . . . မသိသိထွန်းကို ဘတ်စ်ကားပေါ်က ဆင်းတဲ့အထိပဲ ပို့မယ်လေ . . . အိမ်ထိမပို့ပါဘူး . . . အန်တီအေးမကြိုက်တာသိပါတယ် . . ."

" ရှင့်အိမ်ဆင်းတဲ့ မှတ်တိုင်မှာပဲဆင်းလိုက်ပါ . . ."

ဘတ်စ်ကားက တစ်လမ်းတည်းစီးလို့ရနေပေမယ့် သိတို့အိမ်က နောက်ထပ် ငါးမှတ်တိုင်လောက် ထပ်စီးရဦးမှာ။ မှတ်တိုင်မှာရပ်ရင်း ဘတ်စ်ကားစောင့်နေမိတယ် . . .။ စီးချင်ပါသည်ဆိုရင် ကိုယ်စီးမည့်နံပါတ်နှင့်ဘတ်စ်ကားကမလာ။

" မနက်ဖြန်ရော အချိန်ပိုဆင်းရမလား"

" မပြောတတ်သေးပါဘူး . . ."

" ကျွန်တော် ခုလိုပဲလာစောင့်ပါရစေ "





" တင့်အင်း . . . အလုပ်ပိုတွေမလုပ်ပါနဲ့လား . . . သိ ပြန်နေကြပါ ပြန်ရတယ် . . ."

" ကျွန်တော် စိတ်ပူလို့ပါ . . ."

" ရှင့်စိတ်ထဲမှာ သိသိထွန်းဆိုတာ ဖယ်ထုတ်ထားလိုက်ပါ ဒါဆိုဘာမှ စိတ်မပူရတော့ဘူး "

" ဘယ်ရမလဲ မသိသိထွန်းကို ကျွန်တော်ချစ်တယ် ချစ်သူတို့ရင်ထဲက ဘယ်လိုထုတ်ပစ်နိုင်ပါ့မလဲ . . ."

" ဟော . . . ကားလာပြီ . . . ကားလာပြီ "

ကားကလည်း မိုးချုပ်လို့များ ချောင်မလားမှတ် မိုးရွာလွန်းပြီး ကားအဆက်ပြတ်နေတာ ပိုတောင်ကျပ်နေသေး။ ဒါပေမယ့် စလိုက်လည်း မရောက်တော့လို့ အတွင်းဖက် အတင်းတိုးဝင်ရတာပေါ့ . . .။

" ဘတ်စ်ကားခ လုပေးတာ သိအမုန်းဆုံးပဲ ရှင်မပေးနဲ့နော် သိပေးလိုက်မယ် "

" ကောင်းပြီလေ . . ."

နှစ်ယောက်အတွက် ဘတ်စ်ကားခကို သိပေးလိုက်ပါတယ်။ အနားမှာသူတပ်ရပ်နေလို့ သည်ဘက်မလှည့်ပဲ တစ်ဘက် လှည့်နေမိတယ် သည်ဘက်ကျတော့ ယောကျ်ားလေး တစ်ယောက်။ ဒါကြောင့်တည့်တည့်နေပြန်တော့လည်း သူတစ်ယောက်ရဲ့ ကျောပြင်က ကာလို့ . . . ခက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ဘက်ပြန်လှည့်ရပြန်ရော. . .။

" မသီသီထွန်း သိပ်ကျပ်နေလား "

" ရတယ် . . . သည်လိုပဲပေါ့ . . . "

" ရှင်ကျွန်မခြေထောက်တက်နင်းနေတယ်"

" သည်လောက်တော့ရှိမယ် ကားကျပ်နေတာပဲ"

အဲလိုမျိုးခြေထောက်အနင်းခံရတဲ့ အမျိုးသမီးနဲ့ နင်းတဲ့လူကြီးတစ်ယောက် စကားများကြပြန်ရော . . .။ စိတ်ရှုပ်စရာတွေပါလား . . .။ ဒါပေမယ့် ခဏတဖြုတ်ကားစီးတာပဲဆိုပြီး သည်းခံနေကာမှ . . .။

" ဟဲ့ ကောင်မလေး လက်မပါနဲ့ "

အမျိုးသမီးက ဦးလေးကြီးကို နင်းရကောင်းလားတွန်းထည့်ပြန်ရော။

စိတ်ရှုပ်ပြီကွာ။

တွန်းကြတိုက်ကြနဲ့ ကျပ်ရတဲ့အထဲ။

လက်မှတ်ရောင်းဝင်ပါလည်းမရ။ ဟိုတွန်းသည်တိုးတွေနဲ့ သီတို့ပါ ယိုင်ထိုးကုန်ကြတဲ့အခါ။

" မသီသီထွန်း သည်ဘက်လာ သည်ဘက်လာ . . . "

သီ့တစ်ဘက်မှာ ဖြစ်နေကြတာမို့ သူ့တစ်ဘက်ကိုရအောင်ရွှေ့ရပြန်တယ်။ ကားလည်းရပ်ရောသီလည်း စိတ်ပျက်ပျက်နဲ့ ကားပေါ်က အတင်းတိုးဆင်းတာပေါ့. . .။ သီ့အိမ်မှတ်တိုင်





မပြောနဲ့ သူတို့အိမ်မှတ်တိုင်တောင် မရောက်သေး။ တစ်မှတ်တိုင်လိုနေသေးသည်။

ရုတ်တရက်ထီးမဖွင့်မီခင်မှာ သူက ထီးမိုးပေးပါတယ်။

" ပျော်စရာကြီးနော် . . . "

" ဟာ မပျော်ပါဘူး စိတ်ရှုပ်တယ် "

" ကျွန်တော်တော့ ပျော်တယ် . . . အခုဆို မသီသီထွန်းနဲ့ အတူလမ်းလျှောက်ရပြီ . . . "

ဘတ်စ်ကားနောက်ထပ်စီးဖို့လည်း မစဉ်းစားတော့ပါဘူး။ ခုလောက်ဆို လမ်းလျှောက်သွားလို့လည်းရနေပါပြီ။ နည်းနည်းတော့ လှမ်းသေးတာပေါ့နော်. . .။

အတူလျှောက်ခဲ့ရတော့ ဘေးဘက်မှာသူ ရှိနေတာစိတ်ကျဉ်းကျပ်နေသလိုလို။

" ကားငှားစီးတော့မယ် "

" ရောက်တော့မှာပဲ . . . အတူတူလမ်းလျှောက်ရတာကျွန်တော်ပျော်တယ် . . . "

" ရှင်ပျော်ပေမယ့် သီမပျော်ဘူး "

" မသီသီထွန်း . . . ကျွန်တော့်ကို တကယ့်ကိုမချစ်တာလား"

" မချစ်ပါဘူး . . . "

သူ ခြေလှမ်းတွေတန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သီကတော့ဆက်လျှောက်ခဲ့တယ်။ ကားငှားသင့်မငှားသင့်လည်း စဉ်းစားရင်း လျှောက်မိဆဲ၊ ခဏနေတော့ ဘေးနားကို သူရောက်လာပြန်ပါပြီ။

" ရပါတယ်လေ . . . မသီသီထွန်း ချစ်လာမယ့် အချိန်ထိ ကျွန်တော်စောင့်နေမယ် . . . "

" ရှင်တို့လမ်းထိပ်ရောက်ပြီ နေခဲ့တော့"

" မနေပါဘူး . . . လိုက်ပို့မယ် . . . "

" မလိုက်ပါနဲ့ "

ပြောလို့လည်းမရဘူး။

စိတ်ပျက်စရာပါပဲ . . . ။

ဒါပေမယ့် . . . ရှေ့မှာ ယိုင်းထိုးယိုင်ထိုးနဲ့ တစ်လမ်းလုံး သူပိုင်သလိုလျှောက်လာတဲ့ အမူးသမားတစ်ယောက်ကိုအမြင်မှာ . . . သီတတ်နိုင်သရွေ့ ရှောင်တိမ်းရင်းမှ သူ့ကိုမေးမိတယ်။

" ရှင် အရက်သောက်တတ်လား"

" ကျွန်တော်လည်း လူငယ်ပဲ . . . အပေါင်းအသင်းတွေနဲ့ သောက်ဖူးတယ် . . . ခက်တာက အရက်သောက်ပြီးတိုင်း အင်ပြင်လို အပိန့်တွေဖြစ်တော့ ဆရာဝန်က သွေးသားနဲ့ မတည့်တာ မသောက်ပါနဲ့ဆို လုံးဝသောက်လို့ မရလို့ မသောက်တော့ဘူး . . . "

အင်း . . .





ဒါဆိုအရက်သမားတော့ မဖြစ်နိုင်တော့ဘူး။

အစ်ကိုလတ် ကိုသန်းဇော်ပုံစံတော့ မရှိနိုင်၊ ခက်တာက ရှင့် မိန်းမပွေမှာလားလို့ မေးလို့လည်းမဖြစ်၊ ရှင့်မှာ မကောင်းတဲ့ အချက် ဘာရှိလဲလို့လည်း မေးလို့ဖြစ်မှာမဟုတ် . . . ။

" ညဘက် မသီသီထွန်း အချိန်ပိုရှိရင် တစ်ယောက်တည်း မပြန်ပါနဲ့ဗျာ . . . စိတ်ပူလို့ပါ . . . "

" သည်လိုပဲပေါ့ . . . အဆင်ပြေသလိုပြန်ရမှာပေါ့ "

" ကျွန်တော်လိုက်ပို့မယ် . . . "

" ဘယ်ဖြစ်မလဲ လူဆိုတာကိုယ့်အားကိုယ်ကိုးသင့်တယ် . . . သီတို့လမ်းထိပ်ရောက်ပါပြီ ရှင်လိုက်ပို့တာ ကျေးဇူးတင်ပါတယ် နေခဲ့ပါတော့ . . . "

ခုလိုပြောမှ နေရစ်ခဲ့ပါတယ်။ သို့ဆိုမှာ ချစ်ခြင်းမရှိလို့ ဆင်ပါရဲ့ သူကျန်နေရစ်တာ တစ်ချက်မှလှည့်ကြည့်ဖော်မရခဲ့ပါ။

" မနေ့က ညဘက် သမီးအချိန်ပိုအပြန်မှာ ကောင်လေး တစ်ယောက်နဲ့ ပြန်တယ်ဆို . . . "

မာမီမေးလိုက်တယ်ဆိုရင်ပဲ အန်တီအေးက မျက်လုံးကြီး ပြူးပြီးလှမ်းကြည့်ပါတယ်။ မာမီဘယ်လိုသိသလဲ။ ညတ မကြည် ဖုန်းဆက်တာ အမှတ်ရပါပြီ၊ ဒါကြောင့် မကြည်တို့များ မာမီ့ဆီ သတင်းပို့တာတော်တယ်လို့ အရင်ပြောမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" ကြည်ကြည်က စိုးရိမ်လို့ပါကွယ် "

တွေတယ်မဟုတ်လား။

မမကြည်မှ မမကြည်အစစ်။

သူ့ယောကျ်ား ဘယ်ကောင်မလေးနှင့် တွဲသ လိုက်ချောင်းရင်းက . . . သို့ကို တွေ့သွားပုံရပါတယ်။

" ကိုမင်းလွင်ဇော်ပါ . . . ညနေရှုံးအဆင်းလမ်းမှ ဟန်နီနဲ့သူ တွေ့တယ်တဲ့ . . . သီ အချိန်ပိုဆင နေရတယ်ဆိုတာသိလို့ လာကြိုတယ်တဲ့ . . . ကားကလည် သည်လိုဖြစ်သွားတယ် . . . "

အမှန်အတိုင်းပဲပြောပါတယ်။

သီ ညာပြောစရာ အကြောင်းမရှိပါဘူး။

" မောင်မင်းလွင်ဇော်က သီသို့ကိုများ နှစ်သက်နေသလာ

" မမခင် . . . အေး တူမကို ဘယ်သူနှင့်မှ မစေ့စပ်ပါနဲ့

" စေ့စပ်တာမဟုတ်ပါဘူး . . . ပြောပြတာပါ . . . ကိုယ် မိန်းကလေးရှင်လေ . . . သည်တော့ စဉ်းစားရမှာပေါ့ . . . မစဉ်းစားလို့ မတော်တဆ မသင့်တော်တာနဲ့တွေ့ရင် ဘယ် လုပ်မလဲ . . . မောင်မင်းလွင်ဇော် လိုက်ပို့တာ ဆိုရင်တော့ ကောင်းပါတယ် . . . သီတစ်ယောက်တည်းမဖြစ်တော့ဘူးပေ

အန်တီအေးကတော့ သူနှင့်သီ အတူပြန်လာတာ နှစ်သက်ပုံမရပါ။ မာမီတို့တွေမရှိတဲ့နောက်ကွယ်ဆို သို့





ဘာပြောဦးမည်မသိ။ သီကိုယ်တိုင်ကလည်း သို့ နှလုံးသား ရေးရာကို ကိုယ့်ဘာသာပဲ စဉ်းစားရွေးချယ်ချင်ပါတယ်။

" နောက်ဆို အချိန်ပိုမဆင်းနဲ့ သီသီ . . . "

" တတ်နိုင်သရွေ့ သီအချိန်ပိုမဆင်းပါဘူး အန်တီအေးရယ် ဒါပေမယ့် အလုပ်တွေရှိခဲ့ရင်တော့ သီလည်း လုပ်ရမှာပါပဲ . . . ဘာကိုမှ စိတ်မပူပါနဲ့ အန်တီအေး . . . သီ . . . မစဉ်းစားမဆင်ခြင်ပဲ ဘာအလုပ်မှ မလုပ်ပါဘူး. . . "

အန်တီအေးကတော့ အချိန်ပိုဆင်းတာကို ကိုမင်းလွင်ဇော် လိုက်ပို့တယ်ဆိုလို့ မနှစ်သက်တော့ဘူးလေ . . . ။ သီကလည်း အလုပ်တာဝန်ဝတ္တရားတွေရှိတယ်ဆိုရင်တော့ အချိန်ပို ဆင်းရမှာပါပဲ။ ကိုမင်းလွင်ဇော် လာကြိုတာ မကြိုတာကိုလည်း ဂရုစိုက်စရာ မလိုပါဘူး။

သူ လာကြိုတာ မကြိုက်ဘူးလို့ပြောလိုက်ရုံပေါ့ . . . ။

" အိမ်ရှေ့မှာ ဖုန်းလာနေတယ် . . . "

နီနီပြေးထွက်သွားပါတယ်။

" မာမီ မုံရွာက အန်တီမူတဲ့ . . . "

ဘယ်ကဖုန်းများလည်း မှတ်ပါတယ်။

ကိုမင်းလွင်ဇော်ရဲ့ အမေဆီကပါလား။ မာမီထွက်သွား တာနှင့် အန်တီအေးက ရွှေလမ်း ငွေလမ်းတွေသိပ်ဖောက်ချင် နေကြတယ်။ မုံရွာက ဖုန်းဆက်လာပြီ။ နောက်ဆို အကြောင်းအမျိုးမျိုးတွေပြပြီး ရန်ကုန်ရောက်လာကြပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးတတွတ်တွတ်ရွတ်သမျှ နားငြီးလာပြီဆို နီနီတော့ ထွက်သွားပြီလေ။ မာမီနှင့်နီနီ မရှိတော့မှ အန်တီအေး ပြောပါပြီ။

" သီသီ . . . အန်တီအေးစကား နားထောင်ပါ သမီးရယ် . . . ယောကျ်ားတွေဆိုတာ မရခင်ဖျာလိုလိပ်တာပါ "

" ထိပ်ပေါ်မှာရော တင်မထားဘူးလား အန်တီအေး "

" ကောင်မလေး ငါစကားအကောင်းပြောနေတာ ဖောက်မလာနဲ့ . . . သမီးတို့ ညီအစ်မလေးယောက်မှာ သမီးကို အန်တီအေး အချစ်ဆုံး . . . သူတို့သုံးယောက်အိမ်ထောင်ရေး ဒုက္ခတွေ ဘယ်လိုရောက်ရောက် သူတို့ရွေးတဲ့လမ်း သူတို့လျှောက်ရတာ ရောက်ပါစေ . . . သမီးကိုတော့ ဒုက္ခအဖြစ်မခံနိုင်ဘူး . . . "

" အန်တီအေးရယ် . . . သီ ဘာကိုမှ လွယ်လွယ် ကူကူမဆုံးဖြတ်ပါဘူး သိပ်စိတ်မပူပါနဲ့ . . . အန်တီအေး အခုလိုပူပန်နေရတာ မောပါတယ် . . . "

" သီ့အတွက်မောရတာပဲ. . . "

သီ့အတွက် သီ့ကိုချစ်လို့ဆိုတာသိပေမယ့် သည်လောက် စိတ်ပူပန်နေတာတော့ သီမနှစ်သက်ပါဘူး။ သီကလည်း ချစ်သူတစ်ယောက်ကို လွယ်လွယ်ရှာမည့် သူမဟုတ်ပါ။ ချစ်သူကို ချစ်သူအဖြစ် လက်ခံပြီးရင်လည်း ဘဝခရီး





တစ်လျှောက်လက်တွဲမှာဆိုတော့ အစစစဉ်းစားဦးမှာပါလေ။

"မမခင် အရင်က သည်လိုမဟုတ်ပါဘူး ကြည်ကြည်တို့ စီစီတို့တုန်းကများဆို လက်ထပ်မယ်ပြောတာနဲ့ စဉ်းစားပါဦး အချိန်ယူပါဦးနဲ့ . . . နီနီ့ကျတော့ မပြောတော့ဘူး အခု သီသီ့ကိုကျတော့ သူကရှာဖွေပေးနေသလိုဖြစ်နေပြီ . . . "

နီနီကပြောတယ်။ အန်တီအေးတစ်ယောက် ပြောစရာတစ်ခု ရှိရင် တတွတ်တွတ်နှင့် မပြီးအောင်ပြောတယ်။ ကြာတော့ နားထောင်ရတဲ့လူက နားတွေပူပြီး ထွက်ပြေးချင်လာရောတဲ့။ ဒါကြောင့် ဟိုလိုလိုသည်လိုလိုနှင့် အိမ်ရှေ့ထွက်လာခဲ့မိပါပြီ။

မာမီတယ်လီဖုန်းပြောနေဆဲပါလား။

အန်တီမူနှင့် ဘာတွေများ သည်လောက် ပြောနေတာပါလိမ့် . . .။ စကားတွေပြောလိုက် ရယ်လိုက်နှင့် သဘောတွေကျနေသလိုပါလား။

" မမသီ . . . လာပါ အခန်းထဲလာခဲ့ပါ. . . "

နီနီတတော့လေ။

သီ့လက်ကိုဆွဲခေါ်ပြန်ပါပြီ။

ဘာတွေပြောဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းလွင်ဇော်အကြောင်းနှင့် အန်တီအေးအကြောင်း ပဲပြောမည် သေချာပါတယ်။ သို့စိတ်မှာတော့ ကိုမင်းလွင်ဇော်ဆိုတာ ဘယ်သို့ခံစားမှုမှ မရှိတာအမှန်ပါ။

" သီသီရေ သည်တစ်နေ့တော့ကူပါဦးတော့ ညည်းလာအလုပ်လုပ်တာ ခေ့စပီတယ် လက်ရေးကလည်းလှတယ် ဟန်နီတို့များ တစ်ခါကူတစ်ခါမှား လက်ရေးကလည်း ကြောင်ခြစ်သလိုပါပဲ . . . ဒါကြောင့်သီသီ့ကိုပဲ အကူအညီတောင်းရတာပါ အားတော့နာပါတယ် . . ."

ဦးလေးဦးစောလွင်လာပြောတော့ သီ လက်ခံရတော့တာပေါ့။ သီ အချိန်ပိုဆင်းမယ်ဆို အန်တီအေးကတော့ စိတ်ပူဦးတော့မှာပါပဲ ။ အချိန်ပိုဆင်းတာနှင့်လည်း ကိုမင်းလွင်ဇော်နှင့် တွေ့မည် ပြောနိုင်တာမှ မဟုတ်တာ ။ နေပါစေတော့ ညနေမှပဲ ဖုန်းဆက်ပြောလိုက်မည်။ ခုချိန်တည်းက ပြောထားရင် အန်တီအေး တတွတ်တွတ်ပြောရင်း မာမီ့နှင့် စကားများနေဦးတော့မည်။





" ရပါတယ် ဦးလေးရယ် . . ."

" ညည်းအပြန် ဘတ်စ်ကားရော အဆင်ပြေရဲ့လား"

" ပြေပါတယ် . . ."

ဦးလေးဦးစောလွင်လည်း ထွက်သွားရော . . . ဟန်နီက အနားရောက်လာပါလေရော ။

" နင်ကသိပ်အတာပဲ သီသီ . . . သူတို့ဌာနခွဲမှာ ဝေဝေမာတို့ ခက်ခက်တို့လည်းရှိတာပဲ သူ့လူတွေကျတော့ အချိန်ပိုဆင်းခိုင်းပါလား . . . နင့်ကိုမှ လာလာခိုင်းတယ် . . . ငါ့ကိုကျတော့ ဘာပြောတယ်မှတ်လဲ လက်ရေးကလည်း မလှ ခိုင်းလိုက်ရင် မသေမသပ်နဲ့ အမှားတွေချည်းပဲလို့ ပြောတယ် . . . ကောင်းတယ် . . . ဒါမှ မခိုင်းတော့ဘူးပေါ့ . . . လုပ်မပေးနဲ့ အပိုပင်ပန်းတယ်"

"သည်လိုလည်း ဘယ်ဟုတ်ပါ့မလဲ အားလုံးက လုပ်ငန်းတစ်ခုတည်းလုပ်နေတာပဲ ဟန်နီရယ်။ ကူညီပါဆို တူညီလိုက်တာ ကောင်းပါတယ်"

" နင်က သိပ်သဘောကောင်းနေတာကိုး . . . ငါကတော့ မရဘူး . . ."

" ခက်ပါတယ် ဟန်နီရယ် . . ."

ဟန်နီကတော့ သည်လိုမျိုးပဲလေ။

ဘယ်သူနှင့်မဆို သည်းမခံတာက ထိပ်ဆုံးက။ သီလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာတွေကြားရရင် ပြန်ပြောတတ်တဲ့ စိတ်ရှိပါတယ်။ ဒါပေမယ့် အလုပ်နှင့်ဆိုရင်တော့ ကူညီချင်ပါတယ်။

" နင် အချိန်ပိုဆင်းရမှာ"

" ဘာလဲ ငါအချိန်ပိုဆင်းရမှာကို နင်က ကိုမင်းလွင်ဇော်ကို သွားပြောဦးမလို့လား"

" ဒါကတော့ . . . နင်တစ်ယောက်တည်း မှောင်မှောင်မည်းမည်းထဲ ပြန်ရတာ ငါက စိတ်ပူလို့ပါဟာ . . . စေတနာမေတ္တာဗရပွနဲ့ ပြောတာပါ . . . တစ်မျိုးမတွေးပါနဲ့ . . . ကိုမင်းလွင်ဇော်တို့ကလည်းလေ . . . ပြောလိုက်တာနဲ့ ချက်ချင်းရောက်လာတာပါလား မလာချင်ရှာဘူး မလာချင်ရှာဘူး . . . "

" ဟန်နီနော် . . . နင်ကလည်းငါ့ဘက်ကမနေဘူး ကိုမင်းလွင်ဇော်ဘက်က "

" ငါကနင့်ဘက်ကနေပါတယ် သီရယ် . . . ငါ့သူငယ်ချင်းလေးခမျာ သူ့အဒေါ်လို အပျိုကြီးဖြစ်သွားမှာ စိုးရိမ်လို့ ချစ်သူလေးရအောင် ကူညီစောင့်ရှောက်တာပါ . . . "

" ငါ အန်တီအေးကို တိုင်လိုက်ရင် နင် အိမ်ရိပ်တောင်နင်းရမှာ မဟုတ်တော့ဘူး . . . "

" သည်လိုတော့ မကျီစယ်နဲ့လေဟာ . . . "

ဟန်နီတို့မျာ ဘယ်လိုပြောပြောရမည်မထင်ပါ။ သည်နေ့အချိန်ပိုပြီးလို့ ပြန်ရင် ကိုမင်းလွင်ဇော်လာမလား။





လာခဲ့ရင် နောက်မလာနဲ့လို့ ပြောလိုက်တော့မည်။ အလုပ်လုပ်ရဦးမည်ဆိုတဲ့အသိနှင့် ကိုယ့်အလုပ်တွေအရင်ပြီးအောင်လုပ်ရပြန်တာပေါ့။ ညနေဆိုရင်တော့ လယ်ဂျာဌာနစာရင်းတွေ ကူဆွဲပေးရဦးမှာလေ. . .။

" သီသီထွန်းရေ ဖုန်းလာနေတယ် "

" ဟုတ်ကဲ့ လာပါပြီ . . . "

တယ်လီဖုန်းလာတာ အလုပ်တကယ်ပျက်တယ်။

" ဟုတ်ကဲ့ သီသီထွန်းပါ "

" မသီသီထွန်း "

" ခြော် "

" မသီသီထွန်း. . . ညနေအချိန်ပိုဆင်းရဦးမှာလားဟင် "

" မဆင်းဘူး ပြန်မှာ "

ညာပြောလိုက်ပြီ။

ညာပြောနေကျမဟုတ်တော့ ခံစားရတာ တစ်မျိုးကြီးလိုပါပဲ။ ဒါမှ ညနေမိုးချုပ်လာမကြိုမှာ။ မာမီက သူလာကြိုတာအဖော်ရတယ်လို့ထင်ပေမယ့် . . . အန်တီအေးက မနှစ်သက်။

" ပြန်မှာဆိုလည်း လမ်းလျှောက်ရင်း ပြန်ကြရအောင်လေ ကျွန်တော် လေးနာရီခွဲလာကြိုပါမယ် . . . "

" ဟင့်အင်း မလာပါနဲ့ သီ သူငယ်ချင်းတစ်ယောက်နဲ့ ပြန်မှာမို့ပါ . . . "



www.burmeseclassic.com

www.burmeseclassic.com



သူငြိမ်သွားပြီ။

ဒါပဲနော် အလုပ်တွေရှိတယ်လို့ ဖုန်းချပစ်လိုက်တယ်။

အစရှိအနှောင်နှောင်တဲ့ ။

သူက ညနေတိုင်း အတူပြန်ချင်နေရင်ကော . . .။

စိတ်မှာတော့ သဘောကျသွားသလိုပါပဲ။

သိ မိုးချုပ်မှပြန်မှာ သူမသိတော့ဘူးလေ . . .။ ဟန်နီကတော့ လေးနာရီခွဲတာနှင့် လာနှုတ်ဆက်ပါတယ်။

" ငါပြန်တော့မယ် ရွှေသီ လမ်းမှာကိုမင်းလွင်ဖော်ကြီးနဲ့ တွေ့လို့ကတော့ သီကျန်နေခဲ့တယ် သွားကြိုလိုက်လို့ ပြောမှာပဲ"

" မပြောပါနဲ့ ဟန်နီ သူ့ခုနက ဖုန်းဆက်လို့ ငါ သူငယ်ချင်း တစ်ယောက်နဲ့ ပြန်မှာလို့ ပြောပြီးပြီ . . ."

" ဖုန်းဆက်တယ်လား . . . အတူပြန်ချင်ရှာတယ်နဲ့ တူပါတယ် သနားပါတယ်ဟာ ကြိုချင်တာကြိုခွင့်ပြုလိုက်ပါ"

" ဟန်နီနော် . . ."

တကယ်ဆို အချိန်ပိုဆင်းရတဲ့ အချိန်မှာ အလုပ်လုပ်ရတာ တကယ်နှစ်သက်စရာကောင်းပါတယ်။ အလုပ်ထဲမှာလည်း စိတ်နှစ်ထားလို့ရတယ်။ လုပ်စရာအလုပ်တွေက ပိုပြီး ပြီးသလိုပါပဲ။ ဦးလေးဦးဘောလွင်က လက်ဖက်ရည်နဲ့မုန့် ဝယ်ကျွေးသေးတယ်။

" သည်နေ့ဆို ပြီးပါပြီ . . . နောက်ရက်တော့ သီသီထွန်း





စောစောပြန်လို့ရပါပြီ . . ."

" ရပါတယ်ဦးလေးရယ်"

" ငါ့ဌာနက ကလေးမတွေက အိမ်ထောင်သည်တွေလေ သူတို့မှာ ချက်ရပြုတ်ရ ကလေးတွေရှိနဲ့ ငါ တော်ရုံစာရင်းဆို ခေါ်ချင်ဘူး သီသီထွန်းရယ် ညည်းက အပျိုကြီးမဟုတ်လား"

" ဌာနထဲမှာ အပျိုကြီးဆိုလို့ သီတစ်ယောက်တည်း ရှိတာ သားဦးလေးရဲ့ ဟန်နီတို့ တင်တင်ထားတို့လည်းရှိတာပဲ . . ."

" ဟန်နီ့အကြောင်းက ညည်းကိုပြောပြီးပြီလေ . . . တင်တင်ထားကတော့ သူ့ကိုအလုပ်ခိုင်းဖို့ခေါ်ထားရင် . . . သူ့ရည်းစားပါ ခေါ်ထားသလိုဖြစ်နေတယ် . . . ရည်းစားက အနားမှာထိုင်နေရတာ ပင်ပန်းတယ်လေ . . ."

သီပြုံးရတာပေါ့။

ဦးလေးဦးဘောလွင် ပြောတာလည်းဟုတ်တာပါပဲ။ တင်တင်ထားအလုပ်အချိန်ပိုဆင်းရင် သူ့ချစ်သူ ကောင်လေးက အနားမှာ ခုံကလေးတစ်လုံးနှင့် ထိုင်စောင့်နေတတ်တာ သီလည်းတွေ့ဖူးတယ်လေ . . .။

" ညည်းကတော့ ကောင်းပါတယ် . . . ချစ်သူမရှိတော့ . . . အလုပ်လုပ်ရင်လည်း စိတ်ပါဝင်စားရှိတာပေါ့ . . . နီနီ ကတော့ တင်အောင်ထိုက်နဲ့ တတွဲတွဲပဲ . . ."

နီနီ့ချစ်သူတင်အောင်ထိုက်က ဦးလေးဦးဘောလွင်နှင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



အိမ်နားလည်းနီးသလို ဆွေမျိုးလည်း နည်းနည်းတော်စပ်တယ်လေ။ ဒါကြောင့် တင်အောင်ထိုက်နှင့်နီနီ ချစ်သူတွေဆိုတာ သိနေတယ်လေ။

" သည်စာရင်းပိတ်ပြီးရင် ပြန်တော့လေ. . . "

" ဦးလေးကရော . . . "

" ငါက သည်ညဂျူတီ . . . "

" ဒါဆို သိပြန်မယ် . . . "

ခုမှ ခုနှစ်နာရီခွဲရှိသေးတာ စောပါသေးတယ်လေ . . .။ သီအိပ်ကလေးလွယ်ပြီး အလုပ်တိုက်ထဲကထွက်လိုက်တဲ့အခါမှာ သန့်ရှင်းလတ်ဆတ်သော လေညင်းနှင့်အတူ . . . လှေကားထစ်ဘေး ခုံကလေးမှာထိုင်နေတဲ့သူကို တွေ့ရပြန်ပါရော. . .။

" ဟာ ဘာလို့ စောင့်နေရတာလဲ"

" မသီသီထွန်း တစ်ယောက်တည်းမို့ စိတ်မချလို့ပါ . . . ဘာလို့ညာပြောလိုက်တာလဲ . . . ဟန်နီ ပြောလို့သာ တော်တော့တယ် . . . "

လာပြန်ပြီ သည်ဟန်နီ နေဦး နောက်မနေ့တွေ့မှ ကောင်းကောင်းဆူလိုက်ဦးတော့မည်။ အတူလျှောက်လာရင်းမှ နောက်တစ်ခါ လာမကြိုနှင့်လို့ပြောတော့မည်ဆိုမှ။

" ကျွန်တော် လာကြိုပါရစေ မသီသီထွန်းရယ် . . . အတူလမ်းလျှောက်ပြန်ကြမယ်လေ . . . လာကြိုမယ်နော် . . "





" သီ အချိန်ပိုမဆင်းရတော့ပါဘူး . . . "

" ဒါဆို အလုပ်ဆင်းချိန်ပေါ့ . . . "

ငြင်းမယ်လို့ စိတ်မှာ ရည်ရွယ်လိုက်ပေမယ့် နှုတ်ကငြိမ်သက်နေမိပါရောလား။

အန်တီအေး မျက်နှာမကောင်းပါဘူး။

သည်လိုဆိုတော့လည်း စိတ်မကောင်းပါဘူး။ အမှန်အတိုင်းပြောရရင် သီတို့ ညီအစ်မလေးယောက်မှာ အန်တီအေး အနားအကပ်ဆုံးလူက သီပဲ မဟုတ်လား။ ဒါကြောင့်လည်း အန်တီအေးက သီ့ကို ပိုချစ်ပါတယ်။

" အန်တီအေး "

" အင်း . . . "

" ဘာချက်နေတာလဲ"

" ငါးဖယ်ငါးဆုပ်"

သီပြုံးရပြီ။

တစ်အိမ်လုံးမှာ ငါးဖယ်ငါးဆုပ်အကြိုက်ဆုံးလူက သီပဲလေ။ ဒါ့ကြောင့်လည်း အန်တီအေးခမျာ တစ်ပတ်မှာ နှစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သုံးခါလောက်တော့ ငါးဖယ်ကို အမျိုးမျိုး ချက်ပြုတ်ပေးပါတယ်။

" အန်တီအေးရယ် . . . မာမိက သို့ကိုလက်ထပ်စေချင်တယ် . . . ကိုမင်းလွင်ဇော်ကို လေ့လာပါ ခင်ခင်မင်မင်နေပါ နှစ်သက်ရင်သဘောတူပါတယ်ဆိုပေမယ့် . . . သီ စိတ်ကူးမရှိပါဘူး . . . အိမ်ထောင်ပြုတယ်ဆိုတာ တစ်သက်လုံးအတွက် . . . မှားလည်း ပြင်ဖို့မလွယ် သီ သိတာပေါ့ . . . အိမ်ထောင့်သံယောဇဉ်ထဲ နစ်မျောနေတာထက် တစ်ယောက်တည်းဆို ပိုကောင်းတယ်ဆိုတာလည်း သီ လက်ခံပါတယ် . . . ကိုမင်းလွင်ဇော်ကိုလည်း သီ ချက်ချင်း လက်မခံပါဘူး လက်မခံသင့်ဘူးဆိုရင် သီလုံးဝငြင်းမှာပါ စိတ်ချပါ . . . "

ခုလိုပြောတော့ နည်းနည်းကျေနပ်သွားပုံရပါတယ်။ သီတာကယ်ပြောတာပါ။ နှလုံးသားက ငြိမ်သက်နေတယ်ဆိုတာ သိမှတော့ အဲသည့်လူတစ်ယောက်ကို မိဘချင်းသဘောတူရုံနဲ့ ခေါင်းညိတ်မှာတဲ့လား . . .။ အန်တီအေးကို နောက်ကနေ သိမ်းကျုံးဖက်ထားရင်း စိတ်ကျေနပ်ဝမ်းသာစေချင်နေပါတယ်။

" အိမ်ထောင်ပြုတယ်ဆိုတာ မလွယ်ဘူး . . . ကြည်ကြည်တို့ စိစိတို့သာကြည့် . . . မကောင်းတဲ့အချက်တွေ ဘယ်လိုရှိရှိ ကွာဖို့လည်းမဖြစ်နိုင် . . . အန်တီအေးလို တစ်ယောက်တည်း ယောကျ်ားမရှိတော့ ယောကျ်ားအတွက် ပူပင်စရာမရှိ မအေးဘူးလား"





" အေးတာပေါ့ အန်တီအေးရယ် . . . "

" ဟိုတစ်ယောက်တော့ ပြောမရရုံ မဟုတ်ဘူး . . . လာမယ့်စနေနေ့တောင် စေ့စပ်ပေးပါတဲ့ သီတင်းကျွတ် လက်ထပ်မယ် ပြောနေပြန်ရော . . . "

နီနီကတော့ လက်ထပ်ရက်ကို ရွှေ့ရွှေ့ပြန်ပြီလား . . .။ သူကတော့ သူ့ချစ်သူနှင့်လက်ထပ်ရမှာ . . .။ ပျော်ရွှင်စရာရက်တွေကို ဆွဲခေါ်ချင်နေမှာပေါ့လေ . . .။

" အန်တီအေးအမြင်ပြောရရင် မင်းလွင်ဇော်က အေးစက်စက်နဲ့ . . မပွင့်လင်းသလိုပါပဲ မမခင်ကလည်းလေ မမမူတို့ခင်မင်တာလေးတစ်ခုနဲ့ သားနဲ့သမီး ပေးစားချင်တာ အဓိပ္ပါယ်မရှိပါဘူး . . . "

" လေ့လာရဦးမှာပါ အန်တီအေးရယ် . . . အလွယ်လေးပါ . . . မေးလာရင် လေ့လာပါတယ် မနှစ်သက်ဘူးဆို ပြီးတာပဲ"

" အေး အေး ကောင်းတယ် ကောင်းတယ် . . "

အန်တီအေး ခုလိုကျမှ ကျေနပ်သွားပြီး ပုံမှန်ပြန်ဖြစ်သွားတယ် . . .။ မနက်ဖြန်ကျ ဘာဟင်းချက်ပေးရမလဲ ဘာစားမလဲဆို သို့ကိုမေးနေပြန်ပါတယ်။

" အန်တီအေး . . . ဘာဟင်းချက်နေတာလဲ ပိုချင်စေးပါ . . . ညှော်သည်ပါထမင်းစားမှာ . . . "

" နီနီကတော့လေ . . . "



www.burmeseclassic.com

www.burmeseclassic.com



ခုတလော နီနီတို့ စေ့စပ်မည့်ကိစ္စတွေတိုင်ပင်ရင်း အိမ်မှာပဲ မနက်ညစ ထမင်းလာစားနေကြတာ။ အန်တီအေးက ပြောမည့်သာ ပြောနေတာပါ။ တူမတွေအကြိုက် အဆင်ပြေအောင်တော့ အမြဲ ချက်ပြုတ်ပေးရှာပါတယ် . . .။

" ကိုကိုက အစပ်မစားနိုင်ဘူး . . . အန်တီအေးရဲ့ . . . ငပိရည်ကို အစပ်လျှော့ပေးပါနော် . . . "

" အစပ်တော့ မလျှော့နိုင်ပါဘူး . . . ငါ့တူမက ငပိရည်စပ်စပ်လေးကြိုက်တာ ညည်းလူမစားနိုင်ရင် ကိုယ့်ဘာသာ တစ်ခွက်ဖျော် "

" အန်တီအေးကလည်းလေ မမသီများဆို သိပ်ပိုတာ . . . ကြည့်ရသေးတာပေါ့ . . . မမသီတစ်ယောက် ကိုမင်းလွင်ဇော်ကြီးနောက်ပါသွားမှ ကျန်နေခဲ့မယ် . . . "

" အမယ် . . . ငါ့တူမကို နင့်လို မှတ်လို့လား . . . နင်သာယူ . . . "

နီနီကတော့ ကြည့်ရသေးတာပေါ့ဆိုတဲ့ ရုပ်နဲ့ . . .။

အန်တီအေး စိတ်မကောင်းဖြစ်နေတုန်းမှာ . . . ကိုမင်းလွင်ဇော်နှင့်အကြောင်း ထပ်မပြောစေချင်။ နီနီ့ကိုတော့ သတိပေးထားရဦးမည်။ မာမီက ဘယ်လိုပင် လေ့လာ ဆိုလည်း သို့ရင်ထဲမှာ လှုပ်ရှားဦးမှပေါ့လေ။

အန်တီအေးအနားကထွက်ခဲ့တော့ နီနီနောက်မှ





လိုက်လာတာတွေ့သားပဲ . . .။ မိုးတွေမည်းလာတာမို့ အဝတ်ရှုတ်မည် ခြံပြင်ထွက်လာခဲ့ပါတယ်။

" မမသီ . . . "

" အင်း . . . "

" အန်တီအေး စကားတွေကို နားမထောင်ပါနဲ့ မမသီရယ် . . . တစ်နေ့မှာ အန်တီအေးမရှိရင် မာမိမရှိရင် မမသီ တစ်ယောက်တည်း နေခဲ့ရမှာ . . . "

" အန်တီအေးလို အပျိုကြီးဖြစ်တော့လည်း နင့်အိမ်မှာ အန်တီအေးလိုပဲ တူ၊တူမတွေနဲ့ ချက်ပြုတ်နေလို့ရော မရဘူးလား"

" ရတော့ရတာပေါ့ . . . ဒါပေမယ့် မမသီပဲစဉ်းစား မာမိနဲ့ အန်တီအေးဆို ဘယ်သူ့ပိုချစ်လဲ ကိုယ့်အမေပဲ ကိုယ်ချစ်မှာပေါ့ "

နီနီသည်လိုပြောတော့ သီစိတ်မကောင်းဖြစ်သွားပါတယ်၊ သီဆို မာမိကိုလည်း ချစ်တယ် အန်တီအေးကိုလည်း ချစ်တာပါပဲ . . .။ အမေမို့ အဒေါ်မို့ ခွဲခြားမနေပါဘူး။ နီနီပြောရက်တယ်လို့လည်း စိတ်မှာ ခံစားရတာပေါ့ . . .။

" ငါကတော့ နင့်လို မတွေးဘူး အန်တီအေးလည်း ငါ့အမေပဲ ငါတို့ကလေးလေးဘဝတည်းက အမေလို ပြုစု ယုယပြီး သားသမီးလိုထားခဲ့တာ. . . "



www.burmeseclassic.com

www.burmeseclassic.com



" မမသီကတော့ အန်တီအေးကိုဆို ပိုပါတယ် ... တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာ မှန်ပါတယ် ..."

နီနီ ဘာမှမပြောတော့ပါဘူး ...။

သီကတော့လေ အနာဂတ်မှာ အိမ်ထောင်မရှိရင် ဘာဖြစ်မှာမို့ ညာဖြစ်မှာမို့ လျှောက်တွေးပြီး အိမ်ထောင်ပြုဖို့ စဉ်းစားတာမျိုးလည်း မနှစ်သက်ပါဘူး ...။

အိမ်ထောင်ပြုဖို့ နှစ်ဦးနှစ်ယောက်လုံးရဲ့ ချစ်ခြင်းမေတ္တာက အဓိကအကျဆုံးပါပဲလေ ...။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုတို့ သည်းခံခွင့်လွှတ်မှုတို့ ဒါတွေလည်း ညှိနှိုင်းသင့်သေးတာ။

" မမသီ ... စနေနေ့ဝတ်မယ့်အဝတ် ရွေးပြီးပြီလား"

" နီနီရယ် ... နင် စေ့စပ်မှာကို ငါက အဝတ်အစား အသစ်ချုပ်ရဦးမှာလား ... ရှိတာပဲ ဝတ်မှာပါ ... မင်္ဂလာပွဲဆိုလည်း တစ်မျိုးပေါ့ဟာယ် အန်တီအေးနဲ့ တိုင်ပင်ပြီး ချုပ်သင့်ချုပ်မှာပေါ့ ..."

" မဟန်နီကို ဖိတ်ထားလား"

" အင်း ... ဟန်နီ့ကို ဖိတ်ထားတယ်"

" ကိုမင်းလွင်ဇော်ကိုတော့ ... မာမီကိုယ်တိုင် ဖိတ်နေလေရဲ့ မမသီ မာမီကြည့်ရတာ မမသီနဲ့ သိပ် သဘောတူနေပြီထင်တယ် ..."





" လေ့လာခိုင်းထားတာပါ ... ငါ့သဘောပါ ..."

" အပြင်ပန်း ယေဘုယျဆိုရင်တော့ ကိုမင်းလွင်ဇော်ဟာ ရုပ်ရည်သန့်ပြန့်ပြီး ... သဘောကျစရာပါပဲ ..."

" အေး အဲဒါ အပြင်ပန်းလေ အပြင်ပန်းလှတာလေးပဲ ကြည့်လို့ကတော့ ကျီးအာသီးလိုလူ ဖြစ်နေဦးမယ် ..."

" မမသီကတော့လေ ပြောလိုက်ရင် ရစရာကို မရှိတော့ဘူး"

ဟန်နီကလည်း သည်လိုပင် သို့ကိုပြောပါတယ်။

သီကတော့ ခုချိန်ထိ ကိုမင်းလွင်ဇော်ကို မနှစ်သက်သေးလို့လားမသိ။ ခံစားလို့ကို မရသေးတာ။

" နီနီ ... ငါလေ တစ်ခါတစ်ခါ နင့်ကိုလည်း မကြည်တို့ မမစီတို့လိုဖြစ်မှာ သိပ်စိတ်ပူတာပါပဲ ..."

" မဖြစ်ပါဘူး ... တွေးပူနေရင် ဘာကိုမှ ရှေ့ဆက်လုပ်လို့ မရတော့ဘူး ... ချစ်သူဆိုတာ ... ယုံကြည်လို့ကို ချစ်ခဲ့တာ ..."

" ချစ်သူကို ယုံကြည်လို့ ချစ်ခဲ့သမျှ ခင်ပွန်းလည်း ဖြစ်ရော ယုံကြည်စရာမရှိတော့ရင် ..."

" ဒေါ်သီသီထွန်းရေ ... ဒေါ်သီသီအေးလို့အာ နာမည် ပြောင်းလိုက်ပါတော့ ..."

နီနီကတော့ သီဟာ အန်တီအေးလိုပင် ဖြစ်သွားပြီထို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေပါပြီ၊ ဒါပေမယ့်သည်သို့သာ မရေရာသော အိမ်မက်တွေကို ဘယ်သို့ အကောင်အထည်ဖော်ရပါမည်တဲ့ လဲ၊

" သမီးရေ သီသီ မောင်းမင်းလွင်ဇော်ရောက်နေပြီ လာညှော်ခံပါဦး ..."

အန်တီအေးကတော့ မာမီ့ကို ပိုတယ်ဆိုတဲ့ မျက်နှာမျိုးနဲ့ သို့ကို ကြည့်ပါတယ်၊ ဒါကြောင့် ဧည့်ခံရဦးမည်ဆိုပြီး ... အပြင်ကိုထွက်လာခဲ့ရတယ်၊ ခုရက်ပိုင်း သူနှင့်မတွေ့ပါဘူး၊ သီကလည်း အချိန်ပိုတွေမရှိဘူးလေ ...၊

" မသီသီထွန်း လှလိုက်တာဗျာ"

" ဟယ် ... သူများတွေကြားကုန်မယ် "

တော်သေးရဲ့၊ နီနီ့သူငယ်ချင်းတွေ တော်တော် လှမ်းလှမ်းမှာ ထိုင်နေလို့သာပေါ့ ...၊ သည်လူ့နှယ် ...၊

" ဟန်နီရော မလာသေးဘူးလား "

" တခါတည်း ဝင်ခေါ်ခဲ့တာမှ မဟုတ်တာ"

" မသီသီထွန်းက ဝင်ခေါ်ခဲ့ပါဆို ခေါ်မှာပေါ့ ... ပြောမှမပြောတာ..."





" အရင်ကတော့ဖြင့် ကိုကိုစိုးဆီ ခဏခဏ သွားနေပြီး ခုမှ ..."

သူ့အတွက် ဒန်ပေါက်သွားယူပေးပါတယ်၊

ပြီးတော့ အနားမှာ ပြန်ထိုင်နေရတာပေါ့...၊

အတူတူစားချင်တယ်ဆိုတော့ ... သီ မဆာသေးဘူးလို့ ဖြေလိုက်တယ်၊

" ဟန်နီနဲ့တော့ အတူစားမှာ မဟုတ်လား"

" စားမှာပေါ့ ..."

" ဒါဆို ဟန်နီလာအောင် ကျွန်တော်လည်း စောင့်နေမယ် သုံးယောက်အတူစားမယ်လေ ..."

" ဒါဖြင့်ရင် ... အအေးသောက်ပြီး စောင့်နေ ..."

ဟန်နီနှင့်သုံးယောက်အတူစားမယ်ဆို မစားရဲစရာ မရှိပါဘူး၊ ဒါကြောင့် အအေးသောက်ရအောင် ဌဲပေးမိတယ်၊ အနားတို့ မလာပေမယ့် အန်တီအေး ခပ်လှမ်းလှမ်းက ကြည့်နေတာတော့ သိသား ...၊

" မနက်ဖြန်ညနေ အလုပ်အပြန်ကို ကျွန်တော် လာကြို ပါရစေ"

" ဘာလို့လဲ"

" ကျွန်တော်နဲ့ မသီသီထွန်းက လေ့လာရ[illegible] ဒါမှပဲ တစ်ယောက်စိတ်ဓာတ် တစ်ယောက်သိမှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း သူ့အမေက မာမီလို့ပင် ပြောထားပါတယ်တဲ့...။

" လူကြီးတွေလေ့လာဆိုပေမယ့် သိနှစ်သက်မှနော်..."

" ဟုတ်ပါတယ် မသီသီထွန်း စိတ်ချမ်းသာတာကိုပဲ ကျွန်တော် လိုလားပါတယ် "

" ရှင်ရော ... သီ့ကိုချစ်တယ်လို့ တရားသေ မသတ်မှတ်ပါနဲ့လား ... သီ့ကိုလေ့လာပါဦး သီ့မှာလည်း လိုအပ်ချက်တွေအများကြီးရှိမှာပါ ..."

" ဟင့်အင်း ... ကျွန်တော်ချစ်တယ် ... မသီသီထွန်းဆီမှာ ခွင့်လွှတ်လို့မရတဲ့အခြေအနေ ဘာမှမရှိဘူး"

" သည်လိုအပြောဆိုရင် ရှင်ဟာ အချစ်အတွက် မျက်လုံးတွေကန်းနေသလို ဖြစ်သွားမှာပေါ့ ... လေ့လာဦးမှပေါ့ရှင် ..."

သူနှင့်သီ စကားပြောနေတုန်း ဟန်နီ ရောက်လာပါတယ်။ ဟန်နီရောက်လာမှ သုံးယောက်အတူ ဒန်ပေါက်စားကြတယ်။ သီက အိမ်ရှင်ဆိုတော့ သူနှင့်ဟန်နီ့ကို ဧည့်ဝတ်ကျေအောင် ဧည့်ခံပါတယ်။ သူ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးမိတယ်။ အန်တီအေးလက်ရာ ကြက်သားဟင်းကို စားကြည့်ပါဦး။ သိပ်ကောင်းပါတယ်လို့ ပြောရတယ်။ ကိုမင်းလွင်ဇော်ကို





ဟင်းထည့်တော့ ဟန်နီပြုံးနေတယ်လေ။ မြင်ပါတယ်။

" နီနီကတော့ ပျော်နေမှာ"

" ခုနေတော့ ပျော်မှာပေါ့ဟာ"

" သီသီရယ် နင့်စကားကြီးကလည်းလေ ခုနေတော့ ပျော်မှာဆို နောက် စိတ်ညစ်ရမလား"

" အိမ်ထောင်တစ်ခုမှာ သုခကြီးပဲ မရှိဘူးလေ ... ဒုက္ခကတော့ ရောက်လာဦးမှာ မဟုတ်လား..."

" ချစ်သူဆိုတာ အိမ်ထောင်ဘက်ဆိုတာ မျှဝေခံစားဖော်ပဲ မသီသီထွန်းရယ် ... အရာအားလုံး မျှဝေ ခံစားကြရမယ် ရင်ဆိုင်ကြရမယ်။ ခင်ပွန်းသည်ကလည်း ရှေ့က ရင်ဆိုင်မယ်ဆို ပျော်ရွှင်တဲ့ အိမ်ထောင်စုကလေး ဖြစ်ရမှာပေါ့"

အပြောကတော့ ကောင်းမွန်နေပါတယ်။

အပြောနှင့်လက်တွေ့ဆိုတာ ညီချင်မှလည်း ညီတတ်ပါတယ်လေ။ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ဆိုတာ သိပ်မကြာပါဘူး။ သိနိုင်တာပါပဲ ...။ ရှင့်ကို လေ့လာမယ်ဆို အလွန်ဆုံး တစ်နှစ်ပေါ့...။ လူတစ်ယောက်ရဲ့ စရိုက်ဟာ ဘယ်လောက် တန်ဆောင်နေနိုင်မှာတဲ့လဲ ...။

" မသီသီထွန်းကို ညနေလာခေါ်မယ်နော် ..."

" နေပါဦး သီသီနဲ့ကိုမင်းလွင်ဇော် ခင်ခင်မင်မင် နေနေပြီး ခေါ်တာကလည်း မသီသီထွန်းတဲ့ သီသီပဲ ခေါ်ပါလား



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီဖြင့် နားထဲကြားရတာ မကောင်းဘူး . . ."

" ဟုတ်ပါတယ် . . . သီသီပဲခေါ်လို့ရပါတယ် . ."

" သီလို့ခေါ်မယ်နော် . . ."

အန်တီအေးခမျာတော့ ပြောလို့တလည်းမရ ။

လှမ်းတော့ကြည့် ကြည့်နေရှာပါတယ်။ နီနီတို့ကတော့ သူ့ငယ်ချင်းတွေနှင့် ပျော်လို့ရွှင်လို့ပေါ့။ မမကြည်တို့ လင်မယား ရောက်လာပါတယ်၊ ရန်ဖြစ်ထားပုံတော့မရပါဘူး . . .၊ ကြည်ကြည်လင်လင်ပုံစံပါပဲ၊ မမစီတို့မရောက်လာသေးလို့ မာမီမေးနေပါတယ်၊ ရိုက်ကြနှက်ကြပြန်ပြီလားတော့မသိ၊ မမစီတနေရောကောင်းရဲ့လား . . .။

" မောင်သန်းဖော်ဆီ . . . ဖုန်းဆက်ပါလား သီသီ "

" နီနီ့ကိုဆက်ခိုင်းပါမာမီရယ် . . . သီ စကား မပြောချင်ပါဘူး . . . အရက်မူးရင် လူစိတ်ပျောက်ပြီး ရိုက်ဟယ် နှက်ဟယ်နဲ့ လူကို မလေးစားဘူး . . ."

" သီသီကတော့လေ . . . "

သူက ဘယ်သူ့ကို ပြောနေတာလဲလို့ မေးပါတယ်၊

" မရွှေသီရဲ့ ခဲအိုအငယ်ပေါ့ မူးရင် မိန်းမကိုရိုက်ရော"

" ကျွန်တော် အရက်မသောက်တာ သီသီတယ်နော် "

" ရှင်လည်း ရောဂါကြောင့်သောက်မရလို့ . . . သောက်လို့ရရင် သောက်ဦးမှာ . . ."





သူ ပြုံးနေပါတယ်။ ဟုတ်တယ်လေ၊ သွေးသားနှင့် မတည့်လို့ သောက်မရလို့မသောက်တာ မဟုတ်လား၊ အဲဒါလည်း ခပ်ကောင်းကောင်းပေါ့ . . .၊ အရက်သောက်ပြီး မူးလို့ရိုက်တဲ့ ပြဿနာမျိုးမရှိနိုင်တော့ဘူး။ ဒါပေမယ့် . . . မိန်းမပြဿနာ တတော့ မပြောနိုင်သေး၊ စုံစမ်းရဦးမည်၊ ဟုတ်လို့ကတော့ ကျော်လာမှာပါ။ ပတ်ဝန်းကျင် ရှိနေတာ၊ အချိန်ယူလေ့လာရင်း အကြောင်းသိလာနိုင်သည်ပေါ့။

မမစီတို့ဆီ ဖုန်းဆက်တော့ ထွက်သွားပြီဆိုပြီး သိပ်မကြာခင်ရောက်လာပါတယ်။

မာမီကတော့လေ . . .၊

မမကြည်တို့ လင်မယား . . .

မမစီတို့ လင်မယား . . . အားလုံးနှင့် သူ့ကို မိတ်ဆက် ပေးပါတယ်။

" အန်တီခင်ကတော့ မိသားစုစာရင်းထဲ သွင်းနေပြီ ထင်ပါရဲ့ . . . ဟုတ်လား သီသီ"

" မသိပါဘူး ဟန်နီရယ် ငါကတော့ ငါသဘောတူမှပါ"

" နည်းနည်းတောင် ရင်မခုန်ဘူးလား . . ."



www.burmeseclassic.com

www.burmeseclassic.com



သူပြန်ရောက်လာတာမို့ . . . ဟန်နီ့ကို မျက်စောင်းထိုးရုံထိုးလိုက်ရပါတော့တယ်။

အလုပ်တိုက်ထဲကနေထွက်လိုက်တယ်ဆိုတာနှင့် . . . ရပ်စောင့်နေတဲ့သူကို မြင်ရပါပြီ။ လေ့လာဆိုလို့သာ . . .။ သို့အတွက်တော့ ရင်ခုန်သံမရှိဘူးလို့ပဲခံစားရပါတယ်။ နီနီက ပြောတော့ဖြင့် သူဟာ ယောကျ်ားပီသ ခံ့ညားလွန်းပါတယ်တဲ့ . . . ရုပ်ရည်သန့်ပြန့်ခံ့ညားတာနှင့် စိတ်ဆိုတာ ဖြူစင်ကောင်းမွန်ရောလား။ သီကတော့ စိတ်မတ်ဖြူစင်တာကို ပိုနှစ်သက်ပါတယ်။

" လမ်းလျှောက်ရအောင်. . . ခုချိန်ကားသိပ်ကျပ်မယ်"

" လမ်းလျှောက်ရမှာဝေးပါတယ် . . . ကားပတ်စီးမယ်"

" ကားပတ်စီးမယ် . . . နှစ်ခါကုန်တာပေါ့"

" ဘယ်လို . . ."

" နှစ်ဆပိုဝေးတယ်လေ . . . ပိုပင်ပန်းတာပေါ့ . . ."

" အဲလိုမှ မစီးရင် . . . မိုးချုပ်တောင် ကား





မချောင်တော့ ဘယ်လိုအိမ်ရောက်မလဲ ရှင်ရော . . . အရင်ဆို ဘယ်လိုပြန်လဲ"

" လမ်းလျှောက်တယ် . . ."

" ဒါဆိုလည်း လျှောက်လေ"

" သီခြေထောက်နာနေမလား . . ."

နှစ်ယောက်အတူလျှောက်လာရင်း သီ စဉ်းစားပါတယ်။ မမစီတို့ ချစ်သူဘဝမှာ လမ်းလျှောက်ရင်း စကားပြောသွားကြတာ . . . လှည်းတန်းအထိ ရောက်သွားသတဲ့။ သိမ်မှာဖြင့် ဖြစ်မှဖြစ်ရလေ ညောင်းလိုက်တာဆို ရယ်ရပါတယ်။ အခုရော . . . သီတို့လျှောက်ရမှာ အတော်လှမ်းပါတယ်။ ကြည့်ရဦးမည်ပေါ့။

" သီ ဘာစားမလဲ "

" အရင်တော့ ကားပတ်စီးပြီးအိမ်ရောက်ရင် အန်တီအေးချက်တဲ့ ထမင်း. . . စားရတယ် . . . ထမင်းစားနည်းရင် ဘာတွေစားလာလဲဆိုပြီးတော့ ဆူပြန်ရော . . . ဒါကြောင့် ဘာမှ မစားဖြစ်ဘူး . . ."

လမ်းလျှောက်လာတော့. . .။

အကျင့်မရှိလို့လားမသိ . . .။

ခြေထောက်ညောင်းပါတယ်၊ မမောနိုင်မညောင်းနိုင် လျှောက်ကြတဲ့ ချစ်သူတွေ . . . ကြားဖူးပေါင်းများပါပြီ အခု



www.burmeseclassic.com

www.burmeseclassic.com



သီကတော့ ညောင်းနေပါပြီ။ ဒါဆို မချစ်ဘူးလား။ ချစ်တာတ
သတ်သတ် ညောင်းတာကသတ်သတ် နေမှာပါ။

" သီ မုန့်ဟင်းခါး စားမလား"

" မုန့်ဟင်းခါး . . . "

မုန့်ဟင်းခါးတော့ သီကြိုက်တယ်။

ဒါကြောင့် စားမယ်လို့ ခေါင်းညိတ်လိုက်ပါတယ်။ မုန့်ဟင်းခါးဆိုင်က လက်ဖက်ရည်ဆိုင်ဘေးမှာပါ။

တကယ့်ကို အငွေ့တထောင်းထောင်းနှင့် ပြုပ်ကော ကဲသော မုန့်ဟင်းခါးက တော်တော်ကောင်းပါတယ်။ သ မုန့်ဟင်းခါးစားပြီးရင် လက်ဖက်ရည်သောက်တတ်တဲ့ အကျင့် ရှိနေဆဲ။

" သီ လက်ဖက်ရည် သောက်မယ် "

"လက်ဖက်ရည် တစ်ခွက်"

" ဟင် ကိုမင်းလွင်ဇော်ရော မသောက်ဖူးလား"

" ကျွန်တော် လက်ဖက်ရည်သောက်တဲ့ အကျင့် မလုပ်ဘူး . . . ရေကို ပိုက်ဆံပေးသောက်နေရသလို ခံစား ရလို့ပါ . . . မုန့်ဟင်းခါးတစ်ပွဲစားတယ်ဆိုတာက ပိုက်ဆံပေ ရတာ...ပေမယ့် တန်တယ်လေ . . . အဆာပြေစားလို့ ထိုက်တ တယ် လက်ဖက်ရည်က အလကားပဲ နို့ဆီတွေရေဖျော်ပြီး ပိုက်ဆံပေးရသလိုခံစားရတာ "





" ရှင် . . . "

အံ့သြစရာပဲ။

တစ်ခါမှမကြားဖူးပါဘူး။ သူ့ကိုလေ့လာချိန် ပထမဦးဆုံး တွေ့ရှိရသော အရာတစ်ခုပါ။ အန်တီအေးကို ပြောပြရင် ဘာများပြောမလဲ။

" သီရော အဲလို မခံစားရဘူးလား"

" မပြောတတ်ပါဘူး လက်ဖက်ရည်သောက်ချင်တဲ့ အချိန် သောက်လိုက်တာပဲ ကိုမင်းလွင်ဇော်ပြောသလို တစ်ခါမှ မစဉ်းစားဘူး. . . "

" ကျွန်တော့်အဖေနဲ့ဆို မနက်စောစော ထမင်းပဲ စားရတယ် ထမင်းကို ပဲပြုတ်နဲ့ဖြစ်ဖြစ် အကြော်တစ်ခုခု ဖြစ်ဖြစ်ပေးတယ် ကော်ဖီသောက်တဲ့အလေ့မလုပ်ဘူး . . . ကျွန်တော်တို့လည်း အကျင့်ပါနေပြီ. . . "

သူသည်လိုပြောတဲ့အခါ မနက်ဆို အန်တီအေး တစ်ယောက် တစ်နေ့တစ်မျိုး မရိုးရအောင် မုန့်ဟင်းခါး အုန်းနို့ ခေါက်ဆွဲ နန်းကြီးသုပ်တွေ လုပ်ပေးရုံမက . . . . ကော်ဖီဆို လက်ဖက်ရည်ကရားထဲမှာ ကြိုက်သလောက် အဝသောက်ခွင့် ပေးတာတွေ မြင်ယောင်မိပါတယ်။

" ကိုမင်းလွင်ဇော် မနက်စောစောတစ်ရက် သီတို့အိမ် လာလည်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



" အင်း . . . သီ ဖိတ်ရင်လာမှာပေါ့"

နီနီ ကော်ဖီသောက်တာ ပြချင်မိတယ်။

နီနီက ကော်ဖီဆို အနည်းဆုံး သုံးခွက်လောက် သောက်တာတွေ . . .။ မုန့်ဟင်းခါးဆို အကြော်မျိုးစုံနှင့်မှ သီစားတတ်တာတွေ သူမြင်ရင် ဘာပြောမလဲ . . .။

" လာမယ့် စနေမနက်ဘက်မှာ အိမ်ကို အစောကြီး လာခဲ့ပါ . . . အန်တီအေးရဲ့လက်ရာ တစ်ခုခုနဲ့ ဧည့်ခံမယ်လေ"

" သီရော . . . ဘာတွေချက်တတ်လဲ"

" တတ်သင့်သလောက်တော့တတ်ပါတယ် အန်တီအေး လက်ရာတော့ မမီဘူးပေါ့ . . . လာခဲ့ပါ. . ."

မုန့်ဟင်းခါးဆိုင်မှာ ပိုက်ဆံရှင်းကြတော့ သီထုတ်ပေး ပေမယ့် မရပါဘူး။ သူပဲရှင်းပါမယ်ဆို ရှင်းပါတယ် . . .။ သူ့ပိုက်ဆံအိတ်ကို သီ မသိမသာ လှမ်းအကဲခတ်ကြည့်မိတာ။ ပိုက်ဆံလေးတွေက တစ်ထောင်တန် ငါးရာတန်သူ့နေရာနှင့်သူ . . . ပြီးတော့ တစ်ရာ နှစ်ရာ ငါးဆယ် နှစ်ဆယ် စသဖြင့် ညီညီညာညာထပ်ထားတာ သပ်ရပ်လွန်းပါတယ်။ ငွေရှင်း





တော့လည်း တိတိကျကျ . . . အရွက်လေးတွေကအစ ငါးကျပ်တန် တစ်ဆယ်တန်ပေးပါတယ်။

သူဟာ စည်းကမ်းကြီးသူလား . . .။

စနစ်ကျလွန်းသူလား . . . သပ်ရပ်မှုကို ကြိုက်တာလား။ တစ်မျိုးတော့တစ်မျိုးပါပဲ။

တစ်ခုတော့ မာမီ့ကိုကျေးဇူးတင်ပါတယ်။

သူနှင့်သဘောတူတယ်ဆိုပြီး ဖွတ်မပေးစားပါပဲ အချိန်ယူ လေ့လာခွင့်ရလို့ပါ။

တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းလို့မရနိုင်သော အကြောင်းအချက်တွေလည်း မရှိဘူး မပြောနိုင်ဘူးလေ။

" အလိုတော် . . . ဒါနဲ့ပဲ ကျုပ်က တစ်ခုခု စီစဉ် ချက်ပြုတ် ထားရဦးမယ်ဆိုပါတော့ "

" ဒါပေါ့. . . အရင်လည်း အန်တီအေး ချက်ပေး နေကျပဲလေ . . ."

ကိုမင်းလွင်ဇော်နှင့် ပြောခဲ့တဲ့ စကားတွေ မာမီ့ကို ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြမိပါတယ်။ ပြီးတော့ မနက်စောစော တစ်ခုခုစားဖို့ ဖိတ်ခဲ့တာလည်း ပြောပြတာပေါ့. . .။

" မမသီလူကြီးက ကိန်းဂဏန်းသမားကြီးလား မသိဘူး . . . တစ်ကျပ်နှစ်ကျပ်ကအစ တွက်တတ်ပုံပဲ သည်လိုဆိုရင် မီးဖိုချောင်ထိန်းရတဲ့မိန်းမက ငရုတ်သီးစိမ်းဖိုးကအစ တွက်ပြ ရတော့မယ် ထင်ပါရဲ့ . . . "

နီနီကတော့ သည်သို့ ဝေဖန်ပါတယ်။

" မူ တို့နဲ့ခင်ပါတယ် ဒါပေမယ့် သူ့အမျိုးသား အကြောင်း တော့ သေချာမသိဘူးပေါ့ မောင်မင်းလွင်ဇော် ပြောပုံဆို သူ့အဖေက စည်းစနစ်ကျပုံ ရတယ်။ လေ့လာပါ သမီးရယ် . . . မနှစ်သက်တော့လည်း ခေါင်းခါလို့ရပါတယ်"

" တကယ်နော် မာမီ . . . သီ ခေါင်းခါရင်သာ မာမီခွင့်ပြု"

" ခေါင်းခါရတဲ့ ခိုင်မာတဲ့ အကြောင်းပြချက်တော့ ရှိရမယ်လေ "

" ဟုတ်ကဲ့ပါ "

အန်တီအေးကတော့ ခေါင်းခါမယ့် လေသံမျိုး ထွက်လာ ရင်ပဲ ပြုံးနေပါပြီ။ သီကတော့ မာမီ စွတ်မစီစဉ်ဘူးဆိုတာ သိရလို့ အသက်ရှုချောင်ရတာတော့ အမှန်ပါပဲ။ မရဘူး ကောင်းသည် မကောင်းသည်လာမပြောနဲ့ ယူကိုယူရမယ်ဆို သီက သားသမီးလေ။ မျက်ရည်ကျရုံမှလွဲ၍ ဘာမှငြင်းနိုင်မည်





ဟုတ်ပါ။

ကိုမင်းလွင်ဇော်မှာ သီ ရင်ခုန်ရမည့် ခံစားမှုတွေရှိလာ နိုင်ပါ့မလား. . .။

"မမသီကိုက အပျက်တွေပဲ တွေးတယ် . . . ယောကျ်ား တစ်ယောက်ကို မကောင်းတာက စမြင်နေပြီ အဲဒါ အန်တီအေး သွင်းပေးထားတဲ့ စိတ်ဓာတ်ပဲ"

"မီနီ နင်ကများ ငါ့ကို"

" ဟုတ်တယ်လေ . . . လူတွေမှာ မကောင်းတာ ကောင်းတာရှိမှာပါပဲ . . . ကောင်းတာတွေများပြီး မကောင်း တာနည်းရင် ပြီးရောပေါ့. . . "

" တဲ ဒါဆို ငါမေးပါဦးမယ် . . . နင့်အစ်မ ကြည်ကြည့် ယောကျ်ားကို ဘယ်လိုပြောမလဲ ဘယ်လိုဆုံးမဆုံးမ ရသလား . . . မိန်းမတွေနဲ့ ကင်းအောင်နေပါ။ ကိုယ့်သားမယား အပေါ် သစ္စာရှိပါ ပြောမှမရတာ အဲသည့်လူကို ကောင်းတယ် ပြောရမလား . . . "

" အေးလည်းတော်ပါတော့ နီနီလည်းတော်ပြီ ကိုယ့်အဖေါ်ကို မပြောနဲ့ . . . သီသို့ကို မာမီသဘောကျပါတယ် လက်ထပ်ပြီးမှ ကွာရှင်းဖို့ဆိုတာ မဖြစ်နိုင်လေတော့ . . . လက်မထပ်ခင် လေ့လာနိုင်လေ ကောင်းလေပါပဲ . . . သီသီ မှန်တယ် . . . "



www.burmeseclassic.com

www.burmeseclassic.com



မာမီပြောလိုက်မှ နီနီငြိမ်သွားတော့တာ။

တယ်လီဖုန်းလာတော့ နီနီသွားပြောနေမှပဲ စကားဝိုင်းပြီးသွားပါတယ်။ မာမီကတော့ မွေးကိုခင်တာရယ် သားလေးတစ်ယောက်ပဲရှိတော့ သီသီ့မှာ ယောင်းမတွေလည်း မရှိတော့ အေးချမ်းလား စဉ်းစားတာပါတဲ့ . . .။

" အန်တီအေးကတော့ သီသီ့ကို ယုံပါတယ်။ သီသီရွေးရင်လည်း မှန်လို့ပါပဲ သီသီငြင်းရင်လည်း မှန်လို့ပါပဲ"

" ဒါကြောင့်လည်း အန်တီအေးကို သီချစ်တာ . . . "

သီ့ကို ယုံကြည်လွန်းတဲ့ အန်တီအေးပါ။

" မမသီရေ ဖုန်းလာတယ် "

" လာပြီ"

ဟန်နီနှင့် ကိုမင်းလွင်ဇော် တစ်ယောက်ယောက်ပါပဲ။ သီ့ကို တယ်လီဖုန်းဆက်သော အပေါင်းအသင်းရှားပါးလှပါတယ်။ ထင်သည့်အတိုင်း ကိုမင်းလွင်ဇော်ပါပဲ။

"မနက်ကို ကိုယ်လာခေါ်မယ် . . . "

" မခေါ်ပါနဲ့တော့ . . . သီ ကားပတ်စီးပြီးသွားမှာ . . . ကိုမင်းလွင်ဇော်က ကားပတ်စီးကာ ဝါသနာမပါဘူးလေ . . . သီ့ဘာသာသွားမယ် . . . ညနေကျမှ အတူပြန်ကြတာပေါ့ . . "

" ဒါဆို ညနေမှ ကိုယ်လာခေါ်မယ်နော် . . . "

" အင်းပါ . . . "





ကိုမင်းလွင်ဇော် လာခေါ်သမျှတော့ လမ်းလျှောက်ရတော့မည်ထင်ပါရဲ့။ အန်တီအေးကတော့ တွေ့ရာတွေလျှောက်စားမလာနဲ့ . . . ထမင်းစားပျက်တယ်လို့ ပြောဦးတော့မည်။

အသံလေးပဲ ကြားရကြားရဆိုပြီး . . . တယ်လီဖုန်းကလည်း ဆက်လိုက်တာ အကြိမ်ကြိမ်လို့ အန်တီအေး ပြောနေတာလည်း ကြားပါတယ်။ တကယ်လို့များ ကိုမင်းလွင်ဇော်ကို သီလက်ခံနိုင်မည်ဆိုပါက အန်တီအေးနှင့်က ပြောရဆိုရဦးတော့မှာ အသေအချာပါ။ ခုချိန်ထိတော့ သီ့မှာ ဘယ်ဘက်ကိုမှ မဖြေမရှိသေးပါဘူးလေ။

အန်တီအေးရဲ့လက်ရာ ရှမ်းခေါက်ဆွဲက အဆင်သင့်ဖြစ်နေပါပြီ။

ဟင် . . .

တံခါးခေါက်သံနှင့်အတူ အစောဆုံးရောက်လာသူတ တင်အောင်ထိုက်ပါလား . . .။ ဝီရိယကောင်းလှချည်လားနော် အန်တီအေးက ပြောတယ်။ သီတတော့ ကိုမင်းလွင်ဇော်တို့



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော သိတ္တိ စားတာသောက်တာတွေ တွေ့စေချင်လို့ ခေါ်တာပါ။

" ခဏစောင့်ကြတာပေါ့ မောင်မင်းလွင်ဇော် လာရင် စားကြတာပေါ့ . . ."

သိပ်တော့မကြာပါဘူး။

သူရောက်လာပါတယ် . . .။

အန်တီအေးကတော့ သူ့ဘာသာ ရင်ထဲဘာရှိရှိ အစား အသောက် ချက်ပြုတ်ကျွေးမွေးတာကတော့ တကယ့်ကို စေတနာရှိပါတယ်။

" မောင်မင်းလွင်ဇော်က မနက်စောစော ထမင်းစားတာဆို . . . ရှမ်းခေါက်ဆွဲကြိုက်ရဲ့လား"

" ကြိုက်ပါတယ် အန်တီ . . ."

" အခုရော . . . အခုနေတဲ့ အဒေါ်ကရော ကိုမင်းလွင်ဇော်ကို မနက်စောစော စားစရာဘာလုပ်ပေးလဲ . . ."

" ကျွန်တော် ထမင်းစားတတ်မှန်းသိလို့ ပဲပြုတ်နဲ့ ထမင်းကြော် လုပ်ပေးပါတယ် . . ."

ရှမ်းခေါက်ဆွဲကတော့ သိ့အကြိုက်ပါ။

အန်တီအေးလက်ရာကတော့ ကြက်သားဟင်းကအစ ပြောစရာမှ မရှိတာပဲ။ သိစားနေရင်း သူ့ကို အကဲခတ်ကြည့်ပါတယ်။ သူက ပုံမှန်ပဲစားတာပါ။ တင်အောင်ထိုက်ကမှ





နှစ်ပွဲစားသေးတယ်။ သူက တစ်ပွဲပဲစားပါတယ်။ ကော်ဖီ သောက်ကြတော့ နီနီက အစွမ်းပြပြီလေ။ ကရားအပြည့် အန်တီအေး ဖျော်ထည့်ထားသမျှ ကော်ဖီကို နီနီအဝ သောက်တော့တာ။

" မောင်တင်အောင်ထိုက် မင်းရှာတဲ့ငွေရဲ့ တစ်ဝက်လောက်က ကော်ဖီစရိတ်ဖြစ်မယ်ထင်တယ် . . ."

" နီနီက အစကတည်းက ပြောထားပါတယ် သူကော်ဖီကြိုက်တယ်ဆိုတာ . . ."

သိကတော့ ကော်ဖီတစ်ခွက်ပြည့်ပြည့်သောက်ရရင် ဗိုက်အင့်သွားပြီ . . .။

" ကိုမင်းလွင်ဇော် ကော်ဖီနည်းနည်းတော့သောက်ပါ . . ."

" နည်းနည်းပဲနော်သိ . . . တစ်ဝက် တစ်ဝက် . . ."

မနက်ကို ကော်ဖီ လက်ဖက်ရည်မသောက်ဘူးဆိုတော့ . . . နီနီက တအံ့တသြကြည့်နေပါတယ်။ သူတို့ စားသောက်တဲ့ ပုံစံနှင့် သိတို့ပုံစံ မတူပါဘူး။ ဒါပေမယ့် အစားအသောက်ကို တော့ သူ့အကြိုက်တိုယ့်အကြိုက် ညှိယူလို့ ရတာပဲလေ . . .။

" အလုပ်ပိတ်ရက်ဆိုတော့ သားတို့သမီးတို့ ဘယ်သွား ကြမလဲ သွားစရာရှိတာသွားပြီး ထမင်းပြန်လာစားကြပါလား"

" နီတို့ အိမ်နေစရာတွေ လျှောက်စုံစမ်းရဦးမှာမို့ ပြန်လာမစားတော့ဘူး မာမီ . . . ညနေမှ ပြန်လာတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သီသီတို့ ပြန်လာ ထမင်းစား"

" ဟုတ်ကဲ့ "

မာမီက ပြန်လာထမင်းစားဆိုလို့သာ။

ခုထိ နှစ်ယောက်အပြင်သွားလို့သာ ပြောထားတာ။ ဘယ်သွားရမည် မတိုင်ပင်ရသေးပါဘူး။ မရည်ရွယ်သေးပါပဲ နှစ်ယောက်အတူတူ ဘတ်စ်ကားဂိတ်ဘက် လျှောက်လာခဲ့ပါတယ်။

" ဘယ်သွားရကောင်းမလဲဟင် "

" ကိုယ်လည်းစဉ်းစားနေတာ. . . "

" သီတို့ ဘုရားတစ်ဆူဆူသွားရအောင်လား. . . "

" ဘုရားသွားဖူးမယ် ကောင်းတာပေါ့ . . . ဘယ်ဘုရားသွားမလဲ သီမရောက်တာကြာတဲ့ ဘုရားသွားပါလား"

" ဒါဆို သီ ဗိုလ်တစ်ထောင်ဘုရား မရောက်တာကြာပြီ သွားရအောင် . . . "

" ဘတ်စ်ကားတွေ မကျပ်လောက်ပါဘူး"

" သီ့ကို လမ်းလျှောက်ခိုင်းဦးမလို့လား"

" မဟုတ်ပါဘူး . . . လိုအပ်ရင် တားပတ်စီးကြတာပေါ့ "

သည်အခါမှာ နီနီညည်းသံလေးတွေ ပြန်ကြားမိပါတယ်။

တင်အောင်ထိုက်ကို ပိုက်ဆံစုပါပြောတာ မရဘူး ဘယ်သွားသွား တားငှားစီးချင်တယ် . . . ဆိုင်ကယ်ဝယ်ချင်တာနဲ့ လူပင်ပန်းမခံနိုင်ဘူးဆိုတာလေး အမှတ်ရ





ပါတယ်။

" သီတို့ တားငှားစီးမလား"

" တားငှားစီးမယ် ဘာလို့လဲ သီ နေမကောင်းဘူးလား"

" ကောင်းပါတယ်"

" နေကောင်းနေရင်တော့ ဘတ်စ်ကားပဲစီးရအောင်လား အပို ပိုက်ဆံကုန်တာပေါ့ . . . "

" ဘတ်စ်ကား စောင့်ရတာ တစ်ခါတစ်ခါ စိတ်မရှည်ဘူး "

" လာမှာပါ . . . ကိုယ်တို့ စကားပြောရင်း အေးအေးဆေးဆေးစောင့်နေလိုက်ရင် လာမှာပေါ့ . . . "

သူနှင့်အတူနေရင်း လေ့လာပါဆိုတဲ့ မာမီ့စကားကို သီအခုနှစ်ခြိုက်စပြုလာပါပြီ။ အတူသွားကြည့်တဲ့အခါ သူ့စိတ်ဓာတ်တော်တော်များများ သိရစပြုပါပြီ။ လောလောဆည်တော့ အပိုငွေကုန်မှာ ဘာမှလုပ်ပုံမရပါဘူး . . .။ ရေကို ပိုက်ဆံပေးသောက်နေရသလိုဆိုပြီး လက်ဖက်ရည် ကော်ဖီမသောက်ဘူးတဲ့။ အခုလည်း နေကောင်းနေရင် တားငှားမစီးရဘူးတဲ့လေ . . .။

ဘတ်စ်ကားက မဆိုးပါဘူး။

အချောင်ကြီး မဟုတ်ပေမယ့် စီးလို့ရပါတယ်။ သူက အကြွေနှစ်ဆယ်တန်တွေ ထုတ်ပေးပါတယ်။

" အစ်ကို သည်ပိုက်ဆံ အရမ်းစုတ်နေပြီ"

" မင်းကို့ပေးတာပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



" လဲပေးပါလား . . "

" မင်းတို့ပေးတုန်းက ယူထားရတာလေ. . . "

" ကိုမင်းလွင်ဖော် သို့ဆီမှာ ငါးဆယ်တန်ရှိတယ် . . . "

" နေပါစေ . . . "

စပယ်ယာလေးက ဘာမှမပြောတော့ပါဘူး။

သူက စိတ်ဆိုးနေတဲ့ပုံလည်း မရှိဘူး။

အေးစက်စက်နိုင်လွန်းတာလား။

ငြိမ်သက်လွန်းတာလား။

" သီရော . . . အဲလိုမျိုးပဲမဟုတ်လား . . . ဈေးထဲမှာ ဈေးဝယ်ရင်ဖြစ်ဖြစ် ဘတ်စ်ကားစီးရင်ဖြစ်ဖြစ် သူတို့ပြန်အမ်းတဲ့ အစုတ်တွေကို မယူဘူးဆို ဒါပဲရှိတယ်ဆိုပြီး မရရအောင်ပေးတယ် . . . သူတို့ကိုပြန်ပေးတော့ မယူဘူး . . . ဒါဟာ မမျှတဘူးပေါ့ ။လူလူချင်း စာနာစွာပေးသင့်တာ . . . လူတွေမှာ အဆိုးဆုံးအတ္တက ငွေစက္ကူတွေပေးပြီး ဈေးဝယ်ဘတ်စ်ကားစီးတဲ့နေရာပဲ . . . အကောင်းစက္ကူ အသစ်လေးတွေ ခပ်လတ်လတ်လေးတွေကို သိမ်းပြီး အစုတ်ဆုံး ပိုက်ဆံပေးချင်တယ် သီရောအဲလိုမျိုးလုပ်ဖူးလား ကျွန်တော် ကတော့ ရှိတာပေးလိုက်တယ် အသစ်ရှိရင် အသစ်ရမယ် . . . "

ကြဲကြဲဖန်ဖန် ကြားရပြန်ပြီ။

ဒါပေမယ့် သူပြောမှ သီ ပြန်စဉ်းစားမိတာ။





ဘတ်စ်ကားစီးရင် သီလည်း ခပ်လတ်လတ်ပိုက်ဆံ တစ်ရွက်နဲ့ ခပ်စုတ်စုတ်ပိုက်ဆံတစ်ရွက်ရှိတဲ့အခါ ဘာကို ပေးမလဲ။ နောက်တစ်ခါသုံးလို့လွယ်အောင် ကောင်းတဲ့ ငွေစက္ကူကို ကိုယ့်ဆီချန်ထားခဲ့မိတာပါပဲ . . .။

" သီ နောက်ဆို ဆင်ခြင်မှပါ . . . "

" ကောင်းတာတွေရွေးပေးရင်း ရွေးပေးရင်း အစုတ်တွေပဲ ကိုယ့်ဆီကျန်ခဲ့တာ များတော့လည်း စိတ်ပျက်စရာပါပဲ . . သည်တော့ ကောင်းတာတစ်ရွက် မကောင်းတာတစ်ရွက်ရှိရင် ကောင်းတာအရင်ပေး . . . မကောင်းတာကို နောက်မှပေး . . . အဲဒါက ပိုကောင်းပါတယ် "

သီမှာဖြင့် သူနှင့်စကားပြောရတာ ချစ်တဲ့အကြောင်း သိပ်မပါတော့ပါဘူး ။ ကောင်းပါတယ်လေ။ ချစ်တယ်ချစ်တယ်နဲ့ ပြောနေတာ သီလည်းမကြိုက်ဘူး။

" သည်အိတ်ထဲမှာ ဘတ်စ်ကားစီးတဲ့အခါ ပေးတာ ပြန်အမ်းတာ သတ်သတ်ထားတယ် . . . ဒါမှ မကောင်းတာ ပေးလို့ ခုလိုပြန်လဲခိုင်းလည်း အစုတ်တွေပဲရှိရင် လဲစရာမရှိတော့ဘူး တော်တော်ကောင်းတာလေးတွေက အရင်သုံးထားတာကိုး . . . "

" သည်အိတ်ထဲမှာ ဘတ်စ်ကားစီးတဲ့ပိုက်ဆံ သတ်သတ် ထားတယ်ဆိုတော့ တစ်ခြားဘာတွေကိုရော သတ်သတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သေးလဲ"

"တစ်လတစ်လ ပိုအောင်သုံးပြီး ပိုတဲ့ပိုက်ဆံကို သတ်သတ်ထားသေးတယ် . . ."

"စုထားတာလား"

"ဒါပေါ့"

"ဘာလို့ စုထားတာလဲ ဘာတွေသုံးဖို့လဲ"

"ဘယ်ပြောလို့ရမလဲ ဘာတွေသုံးရမယ် ကြိုပြောလို့မရဘူးလေ . . . လိုတဲ့အခါသုံးဖို့ပေါ့ . . . ငွေဆိုတာ ကိုယ့်ရှိမှ မဟုတ်လားသိ . . . သိမှာမရှိရင် ဘယ်သူကလာပေးမှာလဲ"

"သိမှာမရှိရင် မာမိနဲ့ အန်တီအေးပေးတာပေါ့ . . ."

သိသည်လိုပြောတော့ သူပြုံးနေပါတယ်။

ဒါကအခု အိမ်ထောင်မရှိ လူလွတ်မို့ မိဘဆီကလက်ဖြန့်လို့ကောင်းတာပေါ့တဲ့။ သိကတော့ သည်လိုမထင်ပါဘူး။ မမကြည်တို့ မမစီတို့ ငွေလိုရင်လည်း မာမိဆီ လာတောင်းတာပဲ မာမိကလည်း ကြည်ကြည်ဖြူဖြူပေးတာပါ။ နီနီနဲ့သိကလည်း အဲလိုလာတောင်းလို့ အပြစ်မမြင်မိပါဘူး။

"ကျွန်တော်တို့ကတော့ အိမ်ကို ပြန်တောင်းလေ့မရှိဘူး . . . ဘွဲ့ရပြီးတည်းက ကိုယ့်လမ်းကိုယ်လျှောက်ရတယ်"

"ဟင် ဒါဆို ကိုမင်းလွင်ဇော် ကိုယ့်လခနဲ့ကိုယ် လောက်အောင်သုံးရတာပေါ့ . . . အဖေနဲ့အမေက မပေး





တော့ဘူးလား"

"အလုပ်ပဲရနေပြီ ကိုယ့်ပိုက်ဆံကိုယ်လောက်အောင်သုံးရတာပေါ့ . . . မိဘကိုတောင် ပြန်ပေးရဦးမယ် . . ."

"ပိုက်ဆံက လောက်ရဲ့လား . . . မလောက်ရင် ဘယ်လိုလုပ်မလဲ"

"ဝင်ငွေနဲ့ ထွက်ငွေကို ညှိသုံးရတာပေါ့ . . . အပိုကုန်စရာ ဘာမှမသုံးဘူးလေ . . ."

"ဒါဆို . . . ကိုမင်းလွင်ဇော် အိမ်ထောင်ပြုမယ်ဆို ဘယ်လိုလုပ်မလဲ . . ."

"အိမ်ထောင်ဦးစီးဆိုမှ အိမ်ထောင့်တာဝန်ကျေအောင်တော့ ကြိုးစားရမှာပေါ့ . . ."

"အခုအလုပ်ကရတဲ့ငွေအပြင် တခြားငွေမရရင်ရော . . ."

"အိမ်ထောင်တစ်ခုရဲ့အစမှာ . . . မောင်တစ်ထမ်း မယ်တစ်ရွက် ညှိညှိနှိုင်းနှိုင်းနဲ့ ခြိုးခြံချွေတာစုဆောင်းရမှာပေါ့"

သိဖြင့် စကားတောင်မပြောတတ်တော့သလို ခံစားရပါတယ်။ သိဘဝမှာ မာမိရှိနေလို့လားမသိ . . .။ ခြိုးခြံချွေတာစုဆောင်းတယ်ဆိုတာ ဘာမှန်းကို မသိခဲ့ပါ။ စိတ်တွေရှုပ်ထွေးသွားသလိုပါပဲလား . . .။

"သိတို့ ဘုရားဖူးပြီးရင်တော့ အိမ်ပြန်ထမင်းစားရမယ် . . . အန်တီအေးကလည်း မျှော်နေမှာ . . ."



www.burmeseclassic.com

www.burmeseclassic.com



" အန်တီအေးရဲ့ဟင်းတွေက များလွန်းတယ် သည်အေ... အပိုတွေဖြစ်တာပေါ့ "

" အပိုတွေ . . . "

အန်တီအေးကြားရင်တော့သွားပါပြီ။ အန်တီအေး... အမယ်စုံစုံနဲ့ လက်ရာအလွန်ကောင်းတဲ့ ထမင်းဝိုင်းလေးက... ကိုမင်းလွင်ဇော်လက်ထဲရောက်မှ ပစ်ရပါရောလား။

" ဘာတွေပိုလဲ ပြောပါဦး "

" ဟင်းတစ်မျိုးချက်ပြီး ငပိရည် တို့စရာတော်ရော... အခုတော့ ငါးဖယ်တွေသုပ်တာရော ငါးကြော်ရောဆို... ကြက်သားဟင်း တစ်ခွက်ပါရက်နဲ့ အပိုလိုဖြစ်နေတာတွေ ...

" သီ ခုချိန်ထိ တစ်သက်လုံးအဲလိုပဲ စားခဲ့ရတယ် ...

" သို့ကို ကျွန်တော် ခုအခြေအနေထက် နိမ့်ကျတဲ့ ဘ... ခေါ်မိသလိုဖြစ်တော့မလား . . . "

" သီတစ်ခါမှ အဲလိုလည်း မတွေးမိပါဘူးလေ . . . သီ... စဉ်းစားကြသေးတာပေါ့ . . . လေ့လာနေဆဲအချိန်တွေပဲ...

အစ်ကိုကြီးကောင်းဇော်မှာ ငွေတွေအများကြီးရှိ... မမကြည်ရော ပျော်နေရလို့လား။ ကိုလတ်ကရော ရှိတဲ့ငွေ... အရက်သောက်လွန်းလို့ မမစီလည်း ဘယ်လိုမှ မလော...





ဖြစ်နေရတာကရော . . . ။

ဘတ်စ်ကားစီးမလား ခြေကျင်လျှောက်မလား သည်နှစ်ခု တစ်ခုခုသာ စဉ်းစားနေရတော့တာပါလား။

" မာမီ . . . ကိုမင်းလွင်ဇော်တို့က ချမ်းသာလား"

" မမတို့ကတော့ . . . ချမ်းသာသင့်သလောက် ချမ်းသာပါတယ် ဘာလို့လဲ . . . "

အန်တီအေး ဈေးသွားနေခိုက် မာမီနှင့် စကားပြောရတာပေါ့။

အန်တီအေးပါ စကားဝိုင်းမှာရှိရင် အခြေအနေမှန်ထက် အပြစ်တွေသာ များလာတော့မှာ မဟုတ်လား။ နှစ်ယောက်အတူစကားပြောတာတွေ ပြောရတယ်။

" မောင်မင်းလွင်ဇော်က တစ်ဦးတည်းသော သားပဲ သီသီရဲ့ . . . သူမိဘရှိသမျှ သူပဲရမှာ . . . ခုအချိန် စည်းကမ်းရှိရှိ သုံးစွဲနေလို့သာ မိဘဆီ မတောင်းတာမျိုးနေမှာပါ . . . စိတ်ဓာတ်ကောင်းပါတယ် . . . "

" မာမီ သဘောတူသလား"

" သီတို့ချင်းပါ နှစ်သက်တယ်ဆို သဘောတူတာပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေး ပြန်လာတော့ ရှေ့ဆက်မမေးတော့ပါဘူး။

သည်နေ့ ဘာဟင်းတွေချက်မလဲ သီ ဘာကူညီရမလဲ အန်တီအေးဆိုတော့ . . .။

" ကတ်ကတစ်လေး ပေါင်းပေးမယ် . . . ဝက်နံရိုး ကြံမဆိုင်ရယ် . . . ကြက်သည်းမြစ်လေးသုပ်ပြီး ငပိရည် တို့စရာပေါ့ . . ."

" ဟင် . . ."

" ဘာလဲ သီသီ ဘာကိုမကြိုက်ဘူးလဲ . . ."

" ဘာလို့မကြိုက်ရမှာလဲ . . . အန်တီအေးလက်ရာဆို ကြိုက်မှကြိုက် ကောင်းမှကောင်း . . ."

" အန်တီအေးလက်ရာကြိုက်ရင် တစ်သက်လုံး အန်တီအေးနဲ့ နေပေါ့ . . ."

" နေမှာပါ အန်တီအေးရဲ့"

" ကြည့်ရသေးတာပေါ့လေ . . ."

အန်တီအေးရဲ့ ဟင်းတွေကို အပိုတွေများတယ်လို့ ကိုမင်းလွင်ဇော်ပြောတာ ဟုတ်နေပါလား စိတ်မှာထင်သွားမိပြီ။ ကတ်ကတစ်ပေါင်းပါနေမှ ကြက်အသည်းမြစ်က ဘာလို့သုပ်ရဦးမှာလဲ။ ကြံမဆိုင်ဟင်းထဲထည့်တဲ့ ဝက်နံရိုးကို ဟင်းချက်လိုက်ရင် ဆီပြန်ဟင်း ကောင်းကောင်းတစ်ခွက်လည်း ရနိုင်တာပါပဲ။ ပိုက်ဆံအပိုတွေ ကုန်နေတာများလား . . .။





" အန်တီအေး ဘာချက်မှာလဲ"

" လာပါပြီ . . . စားဖို့ပဲသိတဲ့ မရွှေနီ . . . ကိုယ့်အိမ်နဲ့ ကိုယ်ကျမှ အန်တီအေးဘာချက်မှာလဲ မမေးရပဲ . . . ကိုယ့်ဘာသာ တကုပ်ကုပ် ချက်ရရှာမယ် . . ."

" ဒါကြောင့်လည်း လက်ထပ်ပြီးရင် သည်အိမ်မှာပဲ နေမလားလို့ တွေးနေတာ . . ."

" မရဘူးနော် မရဘူး . . . လက်ထပ်ပြီးရင် သည်အိမ်မှာ နေမယ်တော့ လုံးဝမစဉ်းစားနဲ့ . . . အိမ်ထောင်သည်တွေ တစ်ယောက်မှ ခေါ်မထားဘူး . . . ခေါ်မထားတာတောင် လာလာငိုလွန်းလို့ ပြဿနာရှုပ်တယ် . . ."

" မမသီ လက်ထပ်ရင်တော့ ခေါ်ထားမယ် မဟုတ်လား "

" မခေါ်ပါဘူး . . . ငါ့တူမကလည်း လက်မထပ်ဘူး . . . ကြည့်နေပါ . . ."

" စကားပြောမစောနဲ့ အန်တီအေးရေ ကြည့်ရဦးမှာပေါ့"

နီနီထွက်သွားတာနှင့် အန်တီအေးက တိုးတိုးကလေး ပြောရှာပါတယ်။ သီလေး ချက်ချင်းဘာကိုမှ မဆုံးဖြတ်နဲ့နော် အိမ်ထောင်ပြုတယ်ဆိုတာ သေချာဆန်းစစ်နိုင်တာတောင်မှ မှားတတ်တာတွေအများကြီးတဲ့။

" စိတ်ချပါ အန်တီအေးရယ် . . . သီ ဘယ်တော့မှ အလောသုံးဆယ် မဆုံးဖြတ်ပါဘူး . . . အန်တီအေးကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်မှာပါ . . . "

" သို့ကို အန်တီအေးယုံကြည်တယ် . . . "

ဟင်းတွေကူချက်ပေးနေကြပဲလေ။ သီ ဘာမှမကူညီရင် တောင်မှ အနားမှာ ထိုင်နေစေချင်တာ။ သီ စားချင်တာမှ ရွေးချက်တယ်။ သို့အပေါ် ကျန်တဲ့ တူမတွေထက် ပိုဂရုစိုက်ရှာတာပါ။

" မမသီ ကိုမင်းလွင်ဇော် လာနေတယ် . . . "

နီနီကလာလည်း ခေါ်သလို အန်တီအေးကိုလည်း တွေ့လား အန်တီအေး . . . မမသီ ဘယ်လောက် အောင့်ခံနိုင်မလဲ . . . တဲ့လေ။ ကိုမင်းလွင်ဇော်ကလည်းလေ ရုံးတက်ရက် သွားအတူ ပြန်အတူရှိနေတာ အလုပ်ပိတ်ရက်ကျပြန်တော့ အိမ်ရောက်လာပြန်ရော . . .။

" ကိုမင်းလွင်ဇော် . . . ဘာစားခဲ့လဲ "

" ထမင်းကြော်နဲ့ ပဲပြုတ်စားခဲ့ပြီလေ . . . သီတို့ရော သည်မနက် ဘာလုပ်စားကြလဲ"

" ခေါက်ဆွဲကြော်တယ် . . . "

" သီသီရေ . . . "

" ရှင် အန်တီအေး . . . "

" အန်တီအေးကို စျေးခဏသွားပေးပါလား . . . သံပုရာသီးနဲ့ ဂေါ်ဖီထုပ်မေ့လာခဲ့တယ် . . . "





" ကျွန်တော်လည်း လိုက်ခဲ့မယ်လေ . . . "

စျေးက ဟိုဘက်လမ်းထဲ သွားရုံပါပဲ။ သိပ်မဝေးလှပါဘူး။ တစ်ခါတစ်ရံ အန်တီအေးနှင့် လိုက်သွားတယ်။ တစ်ခါတစ်ရံ ကိုယ့်ဘာသာလည်း စျေးသွားတတ်ပါတယ်။ အခုတော့ ကိုမင်းလွင်ဇော်ပါ လိုက်လာတာပေါ့လေ . . .။

" ကိုမင်းလွင်ဇော် စျေးရောဝယ်တတ်လား"

" ဝယ်တတ်ပါတယ် မုံရွာမှာတုန်းက မေမေနဲ့ စျေးလိုက်တယ် . . . ဖေဖေက ပိုတောင်စျေးဝယ်တတ်သေးတယ် . . "

စျေးထဲရောက်တော့ သိပ်ရှာစရာမှ မလိုတာ။ ဂေါ်ဖီထုပ်သွားဝယ်တာပေါ့ . . .။ ပြီးတော့ သံပုရာသီးလည်းဝယ်ရော သီက ပြောတဲ့အတိုင်းပဲ ပေးမယ်ကြံရုံရှိသေး။ သူက ဝင်စျေးဆစ်ပေးတယ် မရဘူးဆိုတော့ သို့လက်ကိုဆွဲပြီး စျေးဆိုင်ရှေ့က ထွက်မယ်လည်းလုပ်ရော . . .။ စျေးသည်က သူဆစ်တဲ့အတိုင်း ပေးလိုက်ပါတယ်။ ဒါတောင် သံပုရာသီးကို သူ့စိတ်ကြိုက် ရွေးနေသေးတာ။

" သီ စျေးမဝယ်တတ်ဘူး"

" စျေးမဝယ်တတ်ဘူး ဟုတ်လား"

" ဟုတ်တယ် စျေးလည်း ဆစ်ရမှာပေါ့ . . "

" မဆစ်ချင်ပါဘူး သူတို့ခမျာ အမြတ်အစွန်း နည်းနည်းလေးရတာ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်ဟုတ်ပါ့မလဲ . . . နှစ်ခါသုံးခါဆစ်လိုက်ရင် နောက်တစ်ခါဝယ်စာလောက် ထွက်လာမှာပေါ့ . . . သူတို့လည်း ဈေးကိုက်မှရောင်းတာပဲ ကိုယ်ကလည်း ကိုယ့်မီးဖိုချောင်စားရိတ် တွက်ခြေကိုက်အောင်လုပ်ရမယ် . . . စီးတဲ့ရေ ဆည်တဲ့ကန်သင်းလေသိရဲ့ . . . "

"ရေများများစီးဖို့ပဲ ကြိုးစားပါ . . . ဆည်တဲ့ကန်သင်းရဲ့ အပြစ်တွေချည်းရှာမနေနဲ့ . . . ရေများများမစီးရင်လည်း မရဘူးရှင့် မရဘူး . . . "

" တတ်နိုင်သရွေ့ စီးတဲ့ရေကို ထိန်းတတ်အောင်လည်း ကြိုးစားရတယ် အိမ်ရှင်မရဲ့ . . . "

"ကိုမင်းလွင်ဇော် ဈေးဝယ်တော်တာပဲ ကိုယ့်ဘာသာ ဈေးဝယ်ပေါ့ . . . "

" အိမ်ရှင်မက ဈေးဝယ်ရမှာဗျ . . . "

" ပိုတော်တဲ့လူက ဝယ်ပေါ့ . . . "

" ဒါဆို ကျွန်တော်နဲ့အတူတူ ဘဝခရီးလျှောက်မယ်လို့ ဆိုတာလားဟင် . . . "

" မဟုတ်ပေါင် . . . ရှင့်ကိုရွေးဖို့ဆိုတာ စဉ်းစားရဦးမှာပါ"

" ကိုယ်ကတော့ သို့ကို ချစ်တယ် . . . "

ချစ်တယ်

ချစ်တယ်





ချစ်တယ်တဲ့။ ဘယ်လောက်အချိန်ထိ ချစ်ကြမှာလဲ။

အဲသည့်ချစ်တယ်ဆိုတာကရော . . . ဘယ်လို အခက်အခဲကိုဖြစ်ဖြစ် ဖြေရှင်းပေးမှာလား။ သို့စိတ်မှာ အချစ်ဆိုတာ မခံစားရလို့များ နီနီ့လိုရင်ဆိုင်ရဲတဲ့ သတ္တိတွေမရှိတာများလား။

" နီနီတို့ လက်ထပ်တော့မယ်နော် . . . ပျော်စရာပါပဲ . . . ကိုယ်ကတော့ သို့နဲ့ ဘယ်တော့များဆုံရပါ့မလဲ"

" ဆုံရမယ်လို့ တစ်ထစ်ချ ကြိုတွေးမထားနဲ့နော် . . . ရင်ခုန်ခံစားမှုဆိုတာက ပြောလို့ရတာမဟုတ်ဘူး . . . "

" သို့မှာ ချစ်သူတော့ မရှိပါဘူးနော်"

" ကြဲကြဲဖန်ဖန် . . . ချစ်သူရှိနေရင် ကိုမင်းလွင်ဇော်နှင့် ခုလို အတူသွား အတူလာ နေပါ့မလား . . . သို့က သစ္စာကို သိပ်တန်ဖိုးထားပါတယ် . . . "

" သစ္စာကို တန်ဖိုးထားတယ်ဆို ဝမ်းသာပါတယ်။ ကိုယ်လည်း သည်လိုပါပဲ . . . သစ္စာကို တန်ဖိုးထားပါတယ် သို့ တစ်ယောက်ဆို တစ်ယောက်ပါပဲ. . . "

သို့ ပြုံးမိပါတယ်။

သည်အခါသူက ဘာလို့ ပြုံးတာလည်းတဲ့။

သို့စိတ်က သစ္စာတို့ တစ်ယောက်ဆိုတစ်ယောက်အဖို့ ဆိုတာတွေကြားတဲ့အခါမှာ မမကြည်တို့ လင်မယားဆီ ရောက်သွားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မမကြည်တို့ ချစ်သူ့ဘဝတုန်းကရော အခုလို သစ္စာတွေ တစ်ယောက်ဆိုတစ်ယောက်ဆိုတာတွေ မပြောပဲနေမလား။

အခုတော့ရော . . .

မမကြည်ရှိပါလျက် နောက်ထပ် များစွာများစွာသော အသစ်အသစ်တွေနှင့် ပျော်ရွှင်နေသည့်အခါ။

" အဲဒါပါပဲ ကိုမင်းလွင်ဇော် . . . ကိုကြီးက အသစ်ကလေးတွေ တစ်ယောက်ပြီး တစ်ယောက်တွဲရှာယ် တစ်ယောက်ဆို တစ်ယောက်ကနေ တစ်ယောက်ပြီး တစ်ယောက် ဖြစ်သွားတယ်။ မမကြည်ကတော့ ငိုလိုက် ပြီးတော့ ငြိမ်သွားလိုက် . . . ငိုလိုက်ပါပဲ . . . ဘယ်မှာလဲ သစ္စာ . . . "

ကိုမင်းလွင်ဇော်ကတော့ ပြောပါတယ်။

လူတစ်ယောက် မကောင်းတာနဲ့ လူတိုင်းမကောင်းတာ ဘယ်ဟုတ်ပါ့မလဲ။ သစ္စာမရှိတဲ့လူ တွေ့ဖူးတာနဲ့ အားလုံး သစ္စာမရှိဘူး မတွေးနဲ့လေတဲ့။

" သူတို့ချစ်သူဘဝမှာတော့ သစ္စာရှိရှိချစ်ကြမယ် ပြောခဲ့မှာပါပဲ . . . အခုသစ္စာမရှိတော့ဘူး မရှိတော့ကာမှ တွဲကြကွာကြဆိုတော့လည်း မကောင်း . . . "

" သီက ကိုယ့်ကို မယုံဘူး ပြောတာလား . . . "

" ဘယ်ပြောလို့ရမလဲ . . . နောက်ကျတော့ စကားမတည်ရင် သွားရော . . . "





" သီတော့ခက်နေပြီပဲ . . . "

ယုံကြည်မှု နည်းပါးသည်ပဲဆိုဆို . . .။

ဘယ်လိုယုံကြည်ရမည် သီ ခုထိစဉ်းစားမရပါ။

" နင်က မမကြည်တို့ မမစီတို့ကို ကြည့်ပြီးလန့်နေတာပါဟာ . . . ကြည့်နေ . . . နီနီ့ကိုကြည့်လိုက် နီနီက အဆင်ပြေတဲ့ အိမ်ထောင်တစ်ခု ထူထောင်ပြလိမ့်မယ် အဲဒါမှ နင်လည်း ယုံကြည်မှုရှိလာမှာပါ . . . "

ဟန်နီကတော့ အဲလိုမျိုးပြောပြပါတယ်။ နီနီကလည်း သူ့အိမ်ထောင်ဟာ မမကြည်တို့လို မဖြစ်စေရ . . . စောင့်ကြည့်ဆို့ပြောပါတယ် . . .။ ဟန်နီပြောသလိုပဲ နီနီတို့အဆင်ပြေရင်တော့ သီလည်း ယုံကြည်မှုတွေရှိလာလေမလား. . .။

" ကိုမင်းလွင်ဇော်ကို ခုချိန်ထိ ရင်မခုန်ဘူးလား. . . "

" သူက ထူးဆန်းနေသလိုတော့ ခံစားရပါတယ် . . . သူနဲ့စကားပြောလို့တော့ ကောင်းပါတယ် . . . ဒါပေမယ့် အချစ်တော့ မပါသလိုပါပဲ . . . "

" သူက နင့်ကို ချစ်ခင်ကြင်နာယုယမှုတွေရော . . .



www.burmeseclassic.com

www.burmeseclassic.com



အဲလိုမျိုးရောမရှိဘူးလား ...”

“ မရှိပါဘူး ...”

“ နင်တို့ဟာကလည်း ...”

ချစ်ခင်ကြင်နာယုယမှုတဲ့။

နီနီနှင့်တင်အောင်ထိုက်ဆို သိတို့လစ်တာနှင့် ထမင်းခွံ့ရတာနှင့် ကော်ဖီအအေးခံပေးရတာနှင့် ဒါမျိုးယုယတာလား။ လိုအပ်သလား။

သို့မှာအချစ်မရှိလို့ အဲလိုမခံစားချင်တာလား...။

“ သူကလည်း တည်တည်ငြိမ်ငြိမ်ပါပဲ ... အတူစား အတူသွားဖူးပါတယ် ... အပိုတွေ ဘာမှမလုပ်ပါဘူး ... ငါဘာစားမလဲဆိုတာတော့ အရင်မေးတာမျိုး ရှိပါတယ် ... ပုံမှန်ပါပဲ ...”

“ နင်တို့ ခုလိုနေပုံနဲ့ဆို ရင်ခုန်ဖို့ မလွယ်ပါဘူး ... ကိုကိုစိုး သူငယ်ချင်းကလည်းဟာ ...”

သိကတော့ ကိုမင်းလွင်ဇော်နှင့် ခုလို အေးအေးဆေးဆေး ငြိမ်သက်စွာ ခင်မင်ရတာ ကြိုက်ပါတယ်။ ဟန်နီကတော့ နင်တို့လေ့လာနေကြတာ ပျင်းစရာကြီးပါဟယ်တဲ့။ သည်ပုံစံနဲ့တော့ ချစ်သူတစ်ယောက် မလိုချင်ပါဘူးတဲ့လေ ...။

“ ငါတို့ ချစ်သူမှမဟုတ်တာ ...”

“ ဒါပေမယ့် နှစ်သက်ရင် ချစ်သူဖြစ်သွားကြမှာပဲ





မဟုတ်လား ...”

“ ဘဝခရီးဖော် ဖြစ်သွားမယ် ပြောပါ ...”

“ ချစ်မှ အတူလျှောက်တာ ကောင်းပါတယ်”

“ ချစ်ချင်လည်း ချစ်လာမှာပေါ့...”

“ အခု ချစ်စပြုပြီလား”

“ ချစ်စပြုပြီ ဘာပြောတာလဲ”

“ ကိုမင်းလွင်ဇော် လာကြိုနေကြအချိန် လာမကြိုဘူးဆိုရင် သိသိစိတ်မှာ ဘယ်လိုခံစားရမလဲ ... တစ်မျိုးပေါ့ဟာ စိတ်တိုသလိုလို လွမ်းသလိုလို ... ဘယ်လိုပြောရမှန်းမသိတဲ့ ခံစားမှုမျိုး ဖြစ်သလား”

“ မပြောတတ်ဘူးလေ သူက နေ့တိုင်းလာကြိုနေပြီး တစ်ရက်မှ မလာပဲမနေတော့ မခံစားတတ်ဘူး...”

“ ဒါဆို မလာနဲ့လို့ ပြောကြည့်ပါလား”

“ အချစ်ဆိုတာ လုပ်ယူတာ မကောင်းဘူး ... နေပါစေ တစ်ရက်ရက်မှာတော့ သူလည်း အကြောင်းကြီးငယ်ရှိရင် မလာပဲ နေမှာပါ ... အဲသည့်ကျမှ ဘယ်လိုခံစားရတယ် သိမှာပေါ့ ...”

“ နင်နဲ့ ကိုမင်းလွင်ဇော်ဟာ တစ်ခုတော့လိုက်တယ် ... သွေးအေးတယ် ...”

“ ကောင်းတာပေါ့ဟာ ... သွေးပူရင် မမှားသင့်တာတွေ မှားကုန်တတ်ပါတယ် ... သွေးအေးတယ်ပြောပြော ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတာအကောင်းဆုံးပါပဲ . . .”

ဟန်နီက ကိုမင်းလွင်ဇော်ရပ်စောင့်နေတာလည်းမြင်ရော ငါသွားပြီဆို ထွက်သွားရော။ ရပ်စောင့်နေတဲ့သူ့ကို ကြည့်ရင်း ဟန်နီ ပြောသလို သူလာမကြိုရင် ခံစားချက်ဘယ်လို ရှိမည်ကိုတော့ သိချင်နေသလိုပါပဲ။

“ လမ်းလျှောက်ရတာ သီပင်ပန်းမယ်ဆိုရင် ကားပတ် စီးမယ်လေ . . .”

“ အချိန်၊ငွေ ပိုကုန်မယ် အပိုတွေလို့ မပြောတော့ဘူးလား”

“ သီ ပင်ပန်းမှာကို ပိုစိုးရိမ်တာကိုး ”

“ ဒါဆို ကားငှားစီးမယ်ဆိုရင်ကော . . .”

“ ဒါက တစ်ရက်နှစ်ရက်ပဲ ဖြစ်မှာပေါ့ . . .”

သီရယ်နေမိပါတယ်။ သီကိုယ်တိုင်ကတော့ ကားငှား စီးချင်တဲ့နေ့စီးတယ်။ ကားပတ်စီးချင်စီးတယ်။ သိစိတ် သဘောကျသလို သွားတာပါပဲ . . .။ သူနှင့်တွေ့မှ အချိန် အပိုကုန် ငွေအပိုကုန်ဆိုတာတွေ ကြားနေရတော့တာ။

“ လမ်းလျှောက်ရတာ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ် . . .”

“ လမ်းလျှောက်ပြန်သင့်တယ်လို့ ဆိုတာပေါ့နော် . . .”

“ သီ ပင်ပန်းရင် ကားပတ်စီးပါမယ် . . .”

“ လမ်းလျှောက်ပါ့မယ်ရှင် . . .”





သီလည်း အခုဆို ကားကျပ်တာတွေ ကားပေါ်မှာ လူတွေနှင့် မွန်းကျပ်နေတာတွေ မနှစ်သက်တော့သလိုမို့ လမ်းလျှောက် မိတာ များပါတယ်။ အမြဲလိုလိုတော့ မုန့်ဝယ်စားလေ့ မရှိပါဘူး။

တစ်ခါတစ်ရံတော့ မုန့်ဟင်းခါးဝင်စားလေ့ရှိပါတယ်. . .။

“ နီနီတို့ ဖိတ်စာတွေ ရိုက်နေပြီ . . . ရှေ့လ နှစ်ဆယ့် လေးရက်နေ့ကို ရွေးထားတယ် . . .”

“ အားမကျဘူးလား”

“ မကျပါဘူး . . . လက်ထပ်တယ်ဆိုတာ အလွယ်လေးပဲ မင်္ဂလာညည့်ခံပွဲက နာရီပိုင်းလေးပါ . . . တစ်ဘဝလုံးအတွက် အဆင်ပြေဖို့ အရမ်းအရေးကြီးတာ . . .”

သို့ကို ခုလို နားလည်တတ်အောင် တကယ်ဆို မမကြည်တို့ မမစီတို့က ရှေ့ဆောင်ပြီး လက်တွေ့ပြပေးခဲ့တာပဲ မဟုတ်လား။ ခဏတဖြုတ်လေး သာယာပျော်ရွှင်မှုကို သီ မလိုချင်ပါဘူး . . .။ သီက တစ်သက်တာလုံး သာယာပျော်ရွှင်နေတာကိုပဲ လိုချင်ပါတယ်။

“ ဟယ် . . . ကိုမင်းလွင်ဇော် . . . ဖိနပ်ပြတ်သွားပြီ . . .”

သီကတော့ ဖိနပ်ပြတ်သွားပြီဆို ရုတ်တရက် ဘာလုပ်ရမှန်း မသိပါ။ အနီးအနားမှာ ဖိနပ်ချုပ်တာရှိသလား၊ ဖိနပ်ဆိုင် ရှိသလား။ ဖိနပ်ချုပ်တာရှိရင် ခဏတဖြုတ်အိမ်ပြန်ရောက်ရုံ ချုပ်စီးရမည်။ ဖိနပ်ဆိုင်ရှိရင်တော့ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စီးလိုက်မှာပါ။

" ခဏလေးသီ . . . "

ကိုမင်းလွင်ဇော်က သူလွယ်နေကျ သားရေအိတ်ကြီးကို ဖွင့်လိုက်ပြီး ဖိနပ်တစ်ရံထုတ်ယူပြီး လဲစီးလိုက်ပါတယ်။ ပြတ်သွားတဲ့ ဖိနပ်အဟောင်းကိုတော့ အသစ်ဘူးထဲထည့်ပြီး ကျွတ်ကျွတ်အိတ်နဲ့ ဆွဲလာခဲ့တယ်လေ. . .။ သီဖြင့်တစ်ခါမှ မမြင်ဘူး မကြုံဘူးလို့ စကား ရုတ်တရက် မပြောနိုင်တော့ပြန်ပါ။

" ဘာမှမမေးတော့ဘူးလားသီ "

" အမှန်အတိုင်းပြောရမယ်ဆိုရင် . . . ဘာမေးရမှန်း မသိတော့လောက်အောင်ပါပဲ. . . "

" သည်ဖိနပ်က ပြတ်ချင်နေတာ ဆယ့်လေးငါးရက်ရှိပါပြီ . . . ဖိနပ်အသစ်ကို ဝယ်ပြီးချစီးလိုက်ရင် ဆယ့်လေးငါးရက် စီးပြီးသား ဖြစ်မှာပေါ့ . . . အခု ပြတ်တော့မလို ပြတ်တော့မလိုနဲ့ . . . ဆယ့်ငါးရက်စီးရနည်းလား ဒါကြောင့် အသစ်ကို အဆင် သင့် ဆောင်ထားတာပါ . . . "

" အဟောင်းကို ဘာလို့လွှင့်မပစ်ခဲ့လဲ . . . "

" အဟောင်းက ပြန်ချုပ်လိုက်ရင် ရေချိုးခန်း သုံးရတာပေါ့. . . "

" ဩော် "

သီဖြင့် ကိုမင်းလွင်ဇော်နှင့် နေရတာ အထူးအဆန်းတွေ





ကြားနေရသလိုလိုပါပဲ။ သီတို့ဖြင့် ဖိနပ်ဆို သုံးလေးရံ ဝယ်စီးတယ် ။ တစ်ခါတစ်လေများ ခိုင်ခံ့လွန်းလို့ မပြတ် နိုင်တောင် စီးရတာရိုးလွန်းရင် ဈေးသွားစီးပစ်လိုက်တာမျိုး၊ တစ်ခါမှလည်း ဖိနပ်မပြတ်ဖူးပါဘူး။ ပြတ်တော့မယ့်ပုံဆို အသစ်ပဲ လဲစီးလိုက်တော့တာ။

" သီဆိုရင်ရော . . . သည်လိုဖိနပ်အသစ်ကြီးကို ဘယ်လို ထည့်ရပါ့မလဲ . . . "

" စလင်းဘတ်အကြီးကြီးတွေ လွယ်နေတာပဲ သီရယ် . . . ဖိနပ်တစ်ရံလောက်တော့ အသာလေးဝင်ပါတယ် "

" ဟင် . . . ပြတ်မှချစီးရတာရှက်ပါတယ်"

" ကိုယ့်ဖိနပ်အဟောင်းပြတ်လို့ ကိုယ့်ဖိနပ်အသစ်ချစီးတာ ရှက်စရာလား သီတို့က ရှက်စရာမဟုတ်တာ ရှက်နေတာပဲ"

" ဟင့်အင်း . . . သီမှတစ်ခါမှ မလုပ်ဖူးပဲ . . . "

" သည်တစ်ခါ စမ်းကြည့်ပေါ့"

" ဟင့်အင်း . . . ဟင့်အင်း . . . သီ့မှာ ဖိနပ်တွေကို အများကြီး အားလုံးအကောင်းတွေချည်း မပြတ်နိုင်သေးပါဘူး"

ဘယ်လိုပင် ရှက်စရာမဟုတ်ပါဘူးဆိုဆို သီ အဲလိုမျိုး မလုပ်ချင်ပါဘူး။

" သီတို့ ဖိနပ်တွေအများကြီးဝယ်ထားတော့ ငွေတွေ အပိုတုန်နေတာပေါ့ . . . လေးငါးရံရှိတယ်ဆို တစ်ရံပဲလိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာ အပိုပဲ. . . "

"အပို. . . "

သူပြောပုံအရဆို . . . သိတို့အိမ်မှာ အကြောင်းအရာ တော်တော်များများ အပိုဖြစ်နေပါရောလား . . .။ တစ်နေ့တော့ မာမိတို့နှင့် ဆွေးနွေးကြည့်ဦးမှပါ။ အပိုတွေလား အပိုတွေလား လိုတိုးပိုလျှော့ ဘာတွေလုပ်သင့်လဲ. . .။ တခြားလူတွေကရော နားလည်မှုရှိကြမလား. . .။

" အသုံးနဲ့ အဖြုန်းရှိတယ် သိရဲ့ သုံးပါ မဖြုန်းနဲ့ပေါ့ . . . " လာပြန်ပြီ။

အပိုအလိုကနေ။

အသုံးအဖြုန်းဖြစ်သွားပြန်ပါပေါ့ . . .။ မမကြည်ကြီး ထမင်းမချက်ချင်လို့ ဆိုင်ပေါင်းစုံ ညမနက် လှည့်စားနေတာများ သိရင်တော့ သူဘယ်လို ပြောလေမလဲ။ မမစီရဲ့ ပေါ်သမျှ ဝယ်ထားသော အဝတ်ဘီရိုကြီးကို မြင်ရင်ကော . . .

အပိုတွေ အပိုတွေ အဲဒါအပိုတွေလား . . .။





" သိသိ . . . သည်နေ့မနက် ဈေးသွားမယ်ဆို . . . အန်တီအေး လိုက်ရမလား . . . "

" လိုက်ခဲ့လေ အတူသွားမယ် "

" မသိပါဘူး . . . ဈေးကိုလိုက်ပို့ လိုက်ဝယ်ပေးတဲ့ လူရှိနေလို့ အန်တီအေးများ မလိုတော့ဘူးလားလို့ . . . "

" အဲသည့်လူတွေက သာမညပါ အန်တီအေးက အစိက အန်တီအေးက ထာဝရ သူက တခဏပါ . . . "

သိအဲလိုပြောတော့ အန်တီအေးကြီးက ပြုံးပြုံးကြီး ဖြစ်သွားပေမယ့် နီနီကတော့ အံ့ဩပါရဲ့ သည်လိုလူရှိပါလား။ တိုယ်လက်ထပ်ရမယ့်လူကို တခဏတဲ့ . . .။

" နီနီ . . . ကိုမင်းလွင်ဇော်ကို လက်ထပ်ရမယ့်လူလို့ တရားသေမှတ်မထားပါနဲ့ . . . မမသိ လေ့လာနေတာပါ . . လေ့လာပြီး မနှစ်မြို့က်ရင် တခဏပဲ"

" နှစ်မြို့က်ရင်ကော . . . "

" အဲဒါရာခိုင်နှုန်း အင်မတန်နည်းပါးတယ် . . . "

" အံ့ဩပါရဲ့ . . . နှလုံးသားက ကျောက်ခဲကျောက်စိုင် တွေနဲ့များ ဖွဲ့စည်းထားလေသလား . . . "

နီနီပြောရင်း ကျန်ရစ်ခဲ့ပါပြီ . . .။ နီနီပြောတာများ ဟုတ်နေပါသလား။ သိနှလုံးသားဟာ ငြိမ်သက်လွန်းတယ် ဆိုတော့ တကယ်ပဲ ခွေးသားတွေနှင့် ဖွဲ့စည်းထားတာမှ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လားလို့ သံသယဖြစ်ရတော့မှာလား. . .။

သီ ချစ်တော့ ချစ်တတ်မှာပါ။

ဦးနှောက်ကများ လှုပ်ရှားလွန်းနေသလားကွယ် ဦးနှောက်ရဲ့ ဆုံးဖြတ်တတ်လွန်းမှုကိုသာ ယုံကြည်ပြီး နှလုံးသားကို နောက်ဘက် တွန်းပို့ထားခဲ့တာများလား။ ဘာပဲပြောပြော မှားယွင်း၍ မရသော အကြောင်းတစ်ခုအတွက် သေချာသည်ထက် သေချာစေတာဟာ အကောင်းဆုံးပဲ မဟုတ်လား။

" ဘာချက်ရမလဲ သီသီ . . . "

" အသား သို့မဟုတ် ငါးဟင်းတစ်ခွက်ကောင်းချက်ပြီး ငပိရည် တို့စရာတော်ရောပေါ့ အန်တီအေးရဲ့ . . . "

" အလိုတော် . . . အသုတ်လေး ဟင်းရွက်ကြော်လေး ချဉ်ရေလေးလိုတယ်လေ . . . "

" အသားကို ဟင်းရွက်တစ်ခုခုနဲ့ ရောရင်ကော . . . "

" အသားနဲ့ဟင်းရွက်ရောမယ် မဟုတ်တာဟယ် . . . တစ်သက်လုံးစားလာတာကို မေ့များမေ့သွားတာလား မရွှေသီ"

" မပြောတတ်ပါဘူး အန်တီအေးရယ် . . . သီမှ ဟင်းတွေမစီစဉ်တတ်တာ . . . အန်တီအေးပဲ စီစဉ်လိုက်တော့နော်"

" ဒါဆို ဘဲသားအချိုပေါင်း . . . အချဉ်သုတ်ကလေးတစ်ခုလောက် ဘာစီစဉ်မလဲ . . . "

❀ ရန်ပိုင်ဦးစာပေ ❀



အန်တီအေးရဲ့ ဟင်းအမယ်တွေ တစ်ခွက်ပြီးတစ်ခွက်ကို သီ့စိတ်မှာ အပိုတွေအပိုတွေဆိုတာပဲ ကြားနေတာပါလား။ သီစဉ်းစားပါတယ်။ ကိုမင်းလွင်ဇော်ကိုများ သီ့စိတ်တွေ တအမှတ်တရဖြစ်နေတာလား . . .။

" အန်တီအေး "

" ဟင် "

" သီတို့ ဘယ်လောက်ချမ်းသာသလဲ"

" ဘုရားရေ မရွှေသီတစ်ယောက် ခုတလောထူးဆန်းလှချည့် . . . ဘယ်လိုဖြစ်တာလဲ . . . ပြောစမ်းပါဦး . . . "

" သီ့တစ်သက် နေရစားရ အကောင်းတွေချည်းပါပဲ . . . မာမီ့မှာ သိပ်ပြည့်စုံသလားဟင် . . . ဟင်းခွက်တွေအမျိုးမျိုး . . . အလုပ်တိုက်မှာ တချို့ လူတွေဟာ . . . ဟင်းတစ်ခွက် တောင်ချက်ဖို့ အနိုင်နိုင် . . . သီတို့က တစ်နပ်ကို သုံးလေးငါးခွက် ချက်စားကြတယ် . . . အဲလိုမျိုး ဘယ်နှစ်နှစ်လောက် စားနိုင်သုံးနိုင်တဲ့ ငွေရှိသလဲဟင် . . . "

" မမခင်ကိုတော့ မရွှေသီ စိတ်မှတောင်းရဲ့လား ပြောပြရဦးမယ် . . . ကြည်ကြည်တို့ စီစီတို့တောင် ငွေလိုရင် နင့်အမေဆီ လာလက်ဖြန့်နေကြတာ . . . မမခင်မှာ ရှိတာပေါ့ဟဲ့"

" ဘယ်လောက်လဲ "

" အံ့ဩပြီ သီသီ . . . "

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



သီအခု အတွေးတွေများပြီပဲ ပြောပြော . . .။

သည်လို ဘယ်နှစ်နှစ်ထိ နေနိုင်မည်ဆိုတာရယ် . . .

ပိုတာလိုတာတွေရယ် . . . တွေးမိနေပါပြီ။

" ညည်းသိချင်တာတွေ ညည်းအမေမေး . . . မရွှေသီ တစ်ယောက် ကလေးစိတ်မရှိတော့ပါဘူး . . . အတွေးတွေ မရိုးသားတော့သလိုပဲ "

" သီ ကလေးမှ မဟုတ်တာ. . . "

" ဒါဆို အိမ်ထောင်ပြုတော့မယ်ပေါ့ "

" မပြုပါဘူး . . . စိတ်တောင်မကူးဘူး . . . "

" ပြောတာပါပဲ ဒါပေမယ့် စိတ်တွေကတော့ ပြောင်းလဲဆန်းပြားနေတာ အမှန်ပဲ . . . "

အန်တီအေးဝယ်လာသည့် ခြင်းကို ကူဆွဲပြီး အပြန်မှာ မေးချင်သမျှတွေ မမေးရဲတော့ပါဘူး။ တော်ကြာ သီ တကယ်ပဲ ပြောင်းလဲဆန်းပြားနေပြီလားမှ မသိတာ။ ဘဲပေါင်းတစ်ခွက်နဲ့ ထမင်းစားရင် အာလူးလေးထည့် ချက် ငပိရည်တို့စရာ တော်ရောပေါ့ . . .။

အဲလောက်ဆိုရင်တောလို့ သူ့ကိုမေးကြည့်ချင်မိပါတယ်။ မေးတော့ကြည့်ဦးမည်။

" အေးရေ . . . ဈေးပြန်လာပြီလား . . . ဘာတွေချက်မလဲ"

အိမ်ရှေ့အိမ်က အန်တီစန်းနဲ့တွေ့ပါရော။ အန်တီစန်း





တားများတာနှင့်တော့ ခက်ပြီ။

" မမစန်းရေ . . . ဈေးဝယ်ရတာ အင်မတန်ခေါင်းသုံးတာပါလား . . . အချို အချဉ် အငန် အစပ် အရသာတွေ စုံလင်လင် ဖြစ်ဖို့က မီးဖိုထဲတာဝန်ယူရတဲ့လူရဲ့ ပညာပဲလေ . . . မမစန်းရော ဘာချက်မလဲ"

" ချွေးမက တစ်နေ့လာ အဲဥ တစ်နေ့လာ ကြက်ဥပါပဲ . . . ဒါနဲ့နေပါဦး . . . နီနီကောင်လေးနဲ့ နီနီကလက်ထပ်တော့မှာနော်"

" ဟုတ်တယ် ရွှေ့လထဲပဲ ဖိတ်မှာပါ မမစန်းရယ် . . . "

" နေပါဦး ဟိုအရပ်မြင့်မြင့်အသားညိုညိုနဲ့ ချောချောကောင်လေးကကော . . . "

လာပါပြီ လာပါပြီ ကိုမင်းလွင်ဇော်ဘက် လှည့်လာပြီ အန်တီအေးက ဖျတ်ခနဲဆို သီ့ကို ကြည့်လိုက်သေးရဲ့။ ပြီးတော့မှ ဘာပြောသလဲဆို။

" မမခင် အလုပ်ထဲကပါ. . . ရွှေ့နေလေးပါ . . . အလုပ်ကိစ္စနဲ့ မမခင်ဆီ လာလာနေတာ"

" ဟုတ်လား အလုပ်ကိစ္စကြောင့်လာတာလား . . . မစန်းထင်တာက သီသီ့ရည်စားများလားလို့ . . . "

" မဟုတ်တာ မမစန်းရယ် . . . သီက သိဂ်လိမ္မာရေးခြားရှိတာ အေးလိုအမျိုးကြီးလုပ်မှာ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပဲ . . .

လုပ်ကာမှလုပ်၊ လျှောက်ပြောမနေသင့်ဘူး။ တော်ကြာ မတော်တဆ . . . ကိုမင်းလွင်ဇော်နှင့် လက်ထပ်ဖို့ ဆုံးဖြ ခဲ့မည်ဆို . . .။

" အပျိုကြီးလုပ်တာကောင်းလည်း ကောင်းပါရဲ့ မကောင်းလည်း မကောင်းပါဘူး"

" ဘာမကောင်းလည်း မမစန်းရဲ့ ပြောပါဦး , . . "

" မကောင်းတာက အခု အေးကိုပဲကြည့် တူမတွေပြ ဟင်းချက် ထမင်းချက် အချိန်တန် တူမတွေက အိမ်ထောင်ပြ အဖွားကြီးအိုဖြစ်လို့ တုန်ချိုပြီး အိပ်ယာထဲလဲရင် အဲသည် တူမတွေက ပြုစုပါ့မလား သားသမီးတောင်မှ ပြုစုချင်တဲ့ လူ ပြုစုတာ သားသမီးတောင် မသေချာရင် တူမဆိုတာဝေးရော . . . အဲသည့်အချိန်ကျမှ အိမ်ထောင်မပြုခဲ့ရကောင်းလာ နောင်တရမယ် "

" မရဘူး မမစန်းရေ အေးတော့ လင်မယူမိတာ နောင်တ မရဘူး . . . မမစန်းတို့သာ ကိုယ့်လင် မယားငယ်မယူအော ထိန်းရင်း လင်ယူရတာနောင်တရနေမယ်"

" လာ အန်တီအေး ဟင်းချက်ရဦးမယ် "

အန်တီအေးလက်ကို ဆွဲခေါ်ခဲ့ရပြီ။

အန်တီစန်းက စကားများတော့ ခဏခဏအမှားရှ





ပါတယ်။ အန်တီအေးက သူ့အပျိုကြီးဘဝထိရင် နည်းနည်းမှ မခံနိုင်။ အန်တီစန်းရဲ့အန်ကယ်ကြီးက နောက်ထပ်အချစ်အသစ် ကလေးရှာလို့ ပျာယာခတ်ရတာ သိထားလေတော့ စကားတွေ လွန်လာပါပြီ။ ရန်ဖြစ်မှာစိုးလို့ဆွဲခေါ်လာခဲ့ရတယ် တကယ် မလွယ်တဲ့ အိမ်နီးချင်းတွေ . . .။

" ဟင် တကယ် "

ဟန်နီ မျက်လုံးပြူးသွားပုံက ယုန်တစ်ကောင်လိုပါပဲ။

နဂိုရ်မျက်လုံးပြူးလေးက အံ့သြတော့ တကယ့် ရယ်စရာ လေးပါ။

" တကယ်ပေါ့ဟဲ့ နင့်ကိုငါညာမလား . . . ငါလေ သူအဲလို ဖိနပ်လဲစီးလိုက်တဲ့ အချိန်မှာ မမြင်ဘူးလေတော့ . . . စကားတောင် ရှာမရပဲငေးကြည့်နေမိတယ် . . . "

" သူကဘာပြောလဲ"

သူပြောသမျှ ဟန်နီ့ကို ပြောပြမိတယ်။

" ဒါတော့ဒါပေါ့ . . . ဒါပေမယ့်ဟာ . . . တစ်မိုးကြီးဘဲ . . . ကိုကိုစိုးကိုတော့ မေးကြည့်မယ် သူ့သူငယ်ချင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူလဲလို့လေ . . .”

“ အင်း . . . မေးကြည့်မယ်ဆို မေးကြည့်ပါဦး . . . ဒေါသလူတွေရဲ့ အမြင်တွေအရလည်း . . . စိတ်ဓာတ်ဆိုတာ သိသာနိုင်ပါတယ် . . .”

“ ကိုကိုစိုးက တစ်ခါတုန်းက ပြောဖူးတယ် . . . ကိုမင်းလွင်ဇော်ဟာ မိန်းမကိစ္စတော့ သိပ်ကင်းတယ်တဲ့ ငါကအဲဒါကြောင့်လည်း နင်နဲ့ သဘောတူခဲ့တာ ကျန်တာတွေတော့ မေးမကြည့်မိဘူး . . .”

မိန်းမကိစ္စရှင်းတယ်ဆိုတာလည်း သဘောကျစရာတော့ ကောင်းပါတယ်။ မမကြည့်လို သူကသစ္စာဖျက်တယ်ဆို မငိုရဘူးပေါ့ . . .။ အချက်တစ်ချက်တော့ ကောင်းတယ်လို့ ဆိုရပါမည်။

“ အရက်လည်း မသောက်ဘူး”

“ အရက်ကတော့ မတည့်လို့ မသောက်တာပါ . . . ဒါက တိုက်ဆိုင်စွာ ကံကောင်းမှုတစ်ခုပါပဲ . . .”

“ တိုက်ဆိုင်စွာ အားလုံးကံကောင်းခဲ့ရင်ကော သိသိ ”

“ မဖြစ်နိုင်ဘူး အရာအားလုံး ကောင်းတယ်ဆိုတာမရှိဘူး . . . မကောင်းတာပါရမယ်။ အဲသည့်မကောင်းတာဟာ . . . ခွင့်လွှတ်လို့ရရင် အကောင်းဆုံးပါပဲ . . .”

“ သိရယ် နင် နားလည်ပါလျက်နဲ့ . . .”





“ ကိုမင်းလွင်ဇော်ဟာ စိတ်ဝင်စားစရာတော့ ကောင်းပါတယ်။ သူ့မှာ မကောင်းတဲ့အချက်ရှိရမယ် . . . အဲသည့်မကောင်းတဲ့ အချက်ဟာ ငါခွင့်လွှတ်လို့ရရင်တော့ အကောင်းဆုံးပဲပေါ့”

“ ခွင့်လွှတ်လို့ မရရင်ကော ”

“ ခွင့်လွှတ်လို့ မရရင် ခေါင်းခါငြင်းလိုက်ရုံပေါ့ . . .”

“ နင်ပြောပုံကလည်းဟာ . . . နှလုံးသားမှာ ခံစားချက် လုံးဝမရှိသလိုပါပဲလား . . .”

“ အမှန်ဝန်ခံရရင် နှလုံးသားက နောက်ရောက်နေတာ ထင်ပါရဲ့ . . .”

သို့စိတ်မှာ ကိုမင်းလွင်ဇော်နှင့် ခင်မင်နေသလို နေနေရတာကို သဘောကျပါတယ်။ သူ့ဆီမှာ သိ မတွေ့ဖူး တာတွေလည်း တွေ့နေရသလိုပါ။ ဟန်နီကတော့ ကိုကိုစိုးကိုမေးမယ် မေးမယ်နဲ့ ပြန်သွားပါပြီ။ သို့မှာတော့ သူမလာသေးလို့ စောင့်နေရဆဲပါလား။ အရင်ဆိုခပ်စောစောလေး လာပါတယ်။ အခုမှ ဘာလို့ နောက်ကျနေရတာပါလိမ့်။

စောင့်ရင်း ကြာလာပြီ။

သိ စိတ်မရှည်တော့။

မလာနိုင်ရင်လည်း မလာနိုင်ဘူးပြောပါလား . . .။ ဖုန်းဆက်ပြီး မလာနိုင်ကြောင်းပြောပေါ့. . .။ အခုတော့ . . .။ အချိန်တွေ ကုန်တယ်။ သို့ဘာသာပဲ လျှောက်လာခဲ့မိပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာတစ်ခုခုအတွက် တင်းကျပ်နေသလို ခံစားရပါလား။

သီ . . .

သူမလာရင် မနေတတ်တော့တာလား . . .

မရွှေသီ . . .

ကိုမင်းလွင်ဇော် မလာရင် မနေတတ်တာလား။

စိတ်ဆိုးနေသလိုခံစားရတာတော့ မှန်ပါတယ်။ ဒါကလည်း . . . သို့ကို ကြိုတင် အကြောင်းမကြားရကောင်းလား စိတ်ဆိုးတာမျိုးပါ။ ဒါဟာ အချစ်မဟုတ်ဘူး။ ရင်ခုန်ခံစားမှု မဟုတ်ပါဘူး . . .။ ရင်ခုန်တယ်ဆိုတာကြည်နူးချမ်းမြေ့တာ။ အခုဟာ ဒေါသတွေနဲ့ တင်းကျပ်နေတာ။

" သီသီ ပြန်လာပြီလား . . . "

" ဟုတ်ကဲ့ . . . "

တင်အောင်ထိုက် ရောက်နေပါလား။ သီ အခန်းထဲအရင်ဆုံး ဝင်လာခဲ့တယ်။ တယ်လီဖုန်းလာသံပါလား။ သူ့ဆီကလာရင် ဘာပြောရမလဲ ပြောတော့ ပြောရမယ်လေ။

" သီ ရေချိုးမလို့လား"

" ဟုတ်ကဲ့"

" ဟဲ့ သည်အချိန်ကြီး ခေါင်းမလျှော်နဲ့နော်"

" ဟုတ်ကဲ့ပါ . . . "

သီ ရေချိုး အဝတ်လဲပြီးတော့ အခန်းပြင်ထွက်လာတဲ့ အခါ





ဪ ကိုယ်တော်ချောက အခုတော့လည်း အိမ်ရှေ့ခန်းမှာ ရောက်လို့ပါရော . . .။

" သီသီ . . . အလုပ်ဆင်းကာနီးမှ ကိစ္စတစ်ခုအရေးကြီး ပေါ်လာလို့ . . . "

" အဲဒါ ကြိုဖုန်းဆက်ပါလား မလာနိုင်ရင်မလာနိုင်ဘူး ပြောပေါ့ ခုတော့ အလုပ်တိုက်ရှေ့မှာ နာရီဝက်လည်း မကဘူး . . . တစောင့်စောင့်နဲ့ . . . သီ အမုန်းဆုံးက စောင့်နေရတဲ့ အလုပ်ပဲ . . . သို့ကိုလည်း သူများ တစ်ခါမှ မစောင့်ရဘူး "

" တောင်းပန်ပါတယ် လူကြီးတွေနဲ့ စကားပြောနေရတော့ ဖုန်းထွက်ဆက်လို့ကလည်း မကောင်းဘူးလေ စကားဝိုင်းကလည်း မပြတ်မပြတ်နဲ့ ဖြစ်နေတာ . . . "

အိမ်ရှေ့ခန်းမှာ နီနီတို့ စုံတွဲလည်းရှိနေတာမို့ ဆက်လည်း ပြောမနေချင်တော့ပါဘူး . . .။ ဒါကြောင့် စားပွဲပေါ်တွေသည့် ဂျာနယ်တစ်စောင် ဆွဲယူဖတ်နေလိုက်ပါတယ်။ သူနှင့် မာမီစကားပြောနေတဲ့အထဲ တစ်ခွန်းမှဝင်မပြောလိုက်ပါဘူး . .။ တင်အောင်ထိုက်ကလည်း သူတို့ ကုမ္ပဏီကိစ္စတွေ အမှုကိစ္စတွေအကြောင်း သူနှင့်ပြောနေကြပါတယ်။

" မမသီ . . . လမ်းထိပ်စတိုးဆိုင်သွားရအောင် . . . "

နီနီခေါ်တဲ့နောက် လိုက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့စိတ်မှာ မကျေနပ်နေတာလား စိတ်ဆိုးနေတာလား။ မကျေလည်တာတော့ အမှန်။

"မမသီ တိုးတက်လာပြီ"

"ဘာတိုးတက်လာတာလဲ ..."

"မမသီ စိတ်ကောက်တတ်လာပြီ"

"စိတ်ကောက်တယ်"

စိတ်ကောက်တယ်ဆိုတာ ချစ်သူချင်းတွေမှ စိတ်ကောက်ကြတာမဟုတ်လား။ အခုအကြောင်းအရာမှာ သီကတော့ စိတ်ကောက်တာလို့ မသတ်မှတ်ပါဘူး ...။ စိတ်ဆိုးတာ စိတ်တိုတာ မကျေနပ်တာပါ။

"စိတ်ကောက်ရအောင်သူနဲ့က ချစ်သူမှမဟုတ်တာ ငါစိတ်ဆိုးတာ ... အလကား ... လူကိုရုပ်စောင့်နေရတာ ညောင်းတယ် အချိန်လည်းကုန်တယ် ..."

"စိတ်ရဲ့ခံစားမှုတော့ ရှိလာတာပဲ မဟုတ်လား ... သူ့ဘာသာ လာလာမလာလာဆိုတဲ့ ပစ်စလက်ခတ် ဥပေက္ခာ ပြုလိုက်မယ်ဆိုတဲ့ စိတ်တော့ မဟုတ်တော့ဘူး ... စိတ်ခံစား





မှုတော့ ရှိလာပါပြီ"

"ဟဲ့ အဲသည့် စိတ်ခံစားမှုဆိုတာ သူငယ်ချင်း မိတ်ဆွေနဲ့လည်း ရှိတာပဲ နင်လိုရာဆွဲမတွေးစမ်းပါနဲ့ နီနီ... ငါ ခုထိ ရင်ခုန်ခံစားမှု မရှိပါဘူး ..."

"မမသီကလည်းလေ ကြာရင်အန်တီအေး အကြိုက် အပျိုကြီးဖြစ်နေမယ်"

"ဖြစ်လည်း ဖြစ်ပါစေတော့ ... မှားသွားမှာ ငါကြောက်တယ် ..."

"အင်း ပြောရကောင်းနိုး မပြောရကောင်းနိုးတော့ နီနီစဉ်းစားနေတာ"

"ဘာလဲပြော ..."

"မပြောရင်လည်း မမသီ စဉ်းစားစရာမရှိမှာ စိုးတယ် တိုမင်းလွင်ဇော်အကြောင်း နီနီ့မန်နေဂျာ ဦးအောင်စိုးက ပြောပြတာ ..."

နီနီတို့ကုမ္ပဏီနှင့် တိုမင်းလွင်ဇော် အလုပ်ကိစ္စနှင့် ဆက်ဆံဖူးတယ်ဆိုရာကအစ ... သူဟာ ဘယ်တော့ပဲ တွေ့ဆုံပါစေ ဘယ်တော့မှ သူ့အိတ်ထဲက ပိုက်ဆံမထုတ်ဘူး သူများကျွေးတာပဲ စားသတဲ့ ...။

"အလုပ်ကိစ္စကြောင့် ဆိုရင်တော့ ဦးအောင်စိုးတို့ကလည်း ဘယ်နေပါ့မလဲမမသီရယ် ... သူတို့ပဲ ကျွေးမွေးမှာပါ



www.burmeseclassic.com

www.burmeseclassic.com



. . . လူချင်းတွေလည်း ခင်မင်နေကြပြီ . . . တစ်ခြား တစ်နေရာရာ စားသောက်ဆိုင်တစ်ခုခုမှာဆိုရင်လည်း သူမကျွေးဘူးတဲ့ ဦးအောင်စိုးရဲ့ အပြောအရဆို သည်လူက စေးသတဲ့ . . ."

" စေးတယ် . . . ကပ်စေးနဲလို့ပြောတာပေါ့နော်"

" အင်း . . . သည်လိုသဘောပဲပေါ့ . . ."

နီနီပြောပြတာ မှန်နိုင်တယ်လို့ သီ တွေးပါတယ်။ ဘာလို့ဆိုသူ့မှာ အပိုကုန်စရာအလုပ် ဘာမှမလုပ်ဘူးဆိုတာ သီလည်း သူ့စကားတွေအရ သိသင့်သလောက် သိနေရတာပါပဲ။ နီနီကတော့ သူ့အကြောင်းကို အခုတော့ ပြောပြစပြုလာပါရောလား။ သူ့မိဘချမ်းသာတယ် တစ်ဦးတည်းသောသားတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မိဘကအစ စနစ်ကြီးပုံရတယ် . . . မလွယ်ဘူး ထင်တယ်တဲ့ . . .။

" အိမ်ထောင်တစ်ခုမှာ အချစ်လိုသလို ငွေလည်းလိုတယ် မမသီ "

" ဟဲ့ . . . ငွေလည်းလိုတာပေါ့ ထမင်းဟင်းချက်စားဖို့က အစ ငွေရှိမှလေ . . . အချစ်က ထမင်းဟင်းဝယ်လို့မှ မရတာ"

" မမသီလူကို ကိုထိုက်နဲ့ နည်းနည်းအသွားအလာ လုပ်ခိုင်းမယ် . . . ဒါမှ သူ့စိတ်သဘောကို ယောကျာ်းချင်း သိနိုင်အောင် . . ."

" နေစမ်းပါဦး . . . တဖြည်းဖြည်းလေ့လာရင်း သိလာ





မှာပေါ့ . . . မလောပါနဲ့ ငါဘာမှ ခုချိန် ဆုံးဖြတ်ချက် မရှိသေးပါဘူး။ လက်ထပ်ဖို့ဝေးရော ချစ်သူအဖြစ်တောင် လက်မခံနိုင်သေးဘူး . . ."

" မမသီ အပျိုကြီးဖြစ်တော့မယ် "

" အကောင်းဆုံးပေါ့ဟယ် . . ."

ညီအစ်မနှစ်ယောက် ခုလိုစကားပြော တိုင်ပင် အတူနေကြတာ။ နီနီလက်ထပ်တော့မှာ။ ချစ်သူနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားရင် သီ တစ်ယောက်တည်း ကျန်နေခဲ့ရတော့မည်၊ မမကြည်နှင့် မမစီတို့က အကြီးတွေဆိုတော့ သီနှင့်က နီနီ့လောက် တိုင်ပင်ဖော် မဖြစ်ခဲ့ပါ။

" ငါ နင့်ကို လွမ်းနေတော့မှာ"

" နီနီလည်း သတိရနေမှာပါ "

" နင်ကငါ့ကို သတိရပေမယ့် ချစ်သူနဲ့အတူရှိနေတာ ဝမ်းသာနေတာနဲ့ ပျော်ရွှင်နေတာနဲ့ ငါ့လောက်တော့ သတိမရပါဘူး"

" ဒါတော့ ဒါပေါ့ မမသီရယ် ခွဲခွာသွားတဲ့လူနဲ့ ကျန်ရစ်ခဲ့သူ ခံစားချက်တော့ ဘယ်တူပါ့မလဲ. . ."

" သည်လိုမှန်းသိရင် ငါစောစောရည်းစားထား စောစောယောကျာ်းယူပြီး ငါအရင် ခွဲသွားတယ်"

" အမယ် အဖြစ်လည်းမရှိပါပဲနဲ့ . . . နီနီ့လို ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရနိုင်အောင် အရည်အချင်းရှိသလား . . . မမသီရဲ့ အိပ်မောကျနေသော သံမဏိအသည်းကြီးက ရပါလိမ့်မယ် . . . "

" မရွှေနီ အိပ်မောကျနေတယ်ဆို နိုးမယ့်ပုံမရှိတော့ဘူး ပေါ့ပါတယ် "

ညီအစ်မနှစ်ယောက် ပြောရင်းရယ်နေမိကြပါပြီ။ နီနီပြောတဲ့ စကားလေးကိုတော့ သီသဘောကျသား အိပ်မောကျနေသော သံမဏိအသည်းကြီးတဲ့၊ သီ့ အသည်းဟာ သံမဏိ အသည်းကြီး တဲ့လား၊ အိပ်မောကကျနေသေးဆိုတော့ ချစ်သူရဖို့ကတော့ မလွယ် မလွယ်။

" ဒါဆိုလည်း အိပ်မောကျနေသော သံမဏိ အသည်း ကြီးဟာ သေဆုံးနေသော သံချေးတက် အသည်းကြီးနဲ့ပဲ ဇနေရတော့မှာပေါ့ . . . "

သီက အန်တီအေးကို ရည်ညွှန်းပြီးတော့ပြောတာ နီနီ နားလည်စွာ ရယ်လိုက်တာလေ . . .။ မှတ်တယ် မှန်တယ်ဆို . . . ရယ်လို့ပဲ မဆုံးတော့ . . .။ အန်တီအေးကတော့ ဟိုညီအစ်မ မအိပ်သေးဘူးလား အိပ်တော့ မီးမှိတ်ဆိုမှ ငြိမ်သက်စွာ မီးမှိတ်နေလိုက်ရတော့တာပါ။





" စိတ်မဆိုးပါနဲ့ သီ "

" ဆိုးတယ် . . . "

" ကျွန်တော် မချော့တတ်ဘူး "

" ဘယ်လို . . . နေစမ်းပါဦး ရှင်က . . . သီ့ကိုချော့ရအောင် သီက စိတ်ကောက်နေတာလား . . . ရှင်နဲ့ ဘာတော်သို့လည်း . . . "

" မဟုတ်ပါဘူးသီရယ် သီစိတ်ဆိုးနေတော့ ဟိုနေ့က ပြောသလို ရှင်းပြတာကလွဲပြီးလည်း မပြောတတ်နဲ့ "

" စကားပြောတာ ဆင်ခြင်နော် သီကရှင့်ချစ်သူမဟုတ်ဘူး"

သည်နေ့ညနေသူလာကြိုတော့လည်း သီ့ဆီမှာ စိတ်ဆိုးဘာလည်း မရှိပါဘူး တင်းကျပ်နေသော ခံစားမှုမျိုးလည်း ရှိတော့ပါဘူး . .။ ဒါပေမယ့် တမင်စိတ်ဆိုးတယ်လို့ ပြောလိုက်တာပါ။ သူက တပ်စေးနဲတယ်ဆိုတာကို သတိရမိတော့ သီဘယ်လိုမျိုးတွေ စမ်းသပ်ရမလဲ စဉ်းစားပါတယ် . . .။ အခုလကုန်ကာနီးပြီဆိုတော့ သူ့ဆီမှာ ငွေလည်း နည်းနေနိုင်ပြီလို့ သီထင်ပါတယ် . . .။

" သည်နေ့ညနေ အပြင်မှာ ထမင်းစားရအောင် . . . နေဖြူမှာ မြန်မာထမင်းသွားစားမယ် မသွားရတာကြာပြီ "

" ဘာဖြစ်လို့လဲ . . . အန်တီအေး လက်ရာ သည်လောက်ကောင်းတာ သည်လောက် ဖွယ်ဖွယ်ရာရာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်နေတာများ အပိုတွေ သုံးချင်ဖြန်ပြီ သိသိရယ်. . ."

" သိကျွေးမှာပါ ဘာဖြစ်လို့လဲ"

" မကျွေးနဲ့ အပို "

" ဒါဆိုရင် ကိုမင်းလွင်ဖော်ကျွေး"

" ကိုယ်လည်း မကျွေးနိုင်ဘူး"

" ဟင် ဘာလို့လဲ . . ."

" လကုန်ကာနီးလို့လားဟင် "

" လကုန်တာနဲ့ ဘာဆိုင်လဲ ကိုယ့်မှာ စုဆောင်းထားတဲ့ ငွေပိုငွေလျှံကလေးတွေရှိပါတယ် ဒါပေမယ့် အခု သိပုံစံတ သက်သက်မဲ့ ဖြုန်းတာ"

" ဩော် . . . ဒုက္ခ "

သူ့ကို သိအံ့သြပါတယ်။

တကယ်ဆို သိကို သူချစ်ခွင့်ပန်ထားတယ် သိမဖြေရ သေးပါဘူး။ သိအဖြေကို လိုချင်နေတဲ့သူဟာ သိသဘော သိဆန္ဒကိုတော့ လိုက်လျောသင့်တယ် . . . သိစိတ်မထင်လို့ ခေါင်းခါလိုက်ရင်လို့လည်း မတွေးဘူးလား . . .။

မမကြည် မမစီ နီနီတို့ချစ်သူတွေရှာကြတာ သည်လိုအဖြစ် မျိုးတော့ တစ်ယောက်မှတွေ့လိမ့်မည်မထင်ပါ။

သိဖြင့် တကယ် ရယ်ရမလိုလို . . .

မဲ့ရမလိုလို . . .။ ဘယ်လိုလူပါလိမ့်တောင်တွေးယူရတယ်။



" စိတ်ဆိုးနေတာလား သိ "

" ထမင်းမစားရတာ စိတ်မဆိုးပါဘူး . . . ရှင်ပြောသလို အနိတ်အေးချက်တဲ့ဟင်းလည်း ကောင်းတာပါပဲ . . . ဒါပေမယ့် သိကို ရှင်ချစ်တယ်ဆိုရင် သိနဲ့ ထမင်းအတူစားရတာကိုတော့ ရှင် မလိုချင်ဘူးလား . . ."

" သိနဲ့ကိုယ် ခဏခဏ အတူတူစားနေတာပဲ . . . လက်ထပ်ပြီးကြရင် တစ်သက်လုံး အတူတူစားရဦးတော့မှာ . ."

သိ သက်ပြင်းတစ်ရှိုက်ရှိုက်မိပြီ။

ဘာကိုစဉ်းစားမိသလဲဆို. . .

ရင်ထဲက ချစ်ခံစားချက်တွေကိုတောင် လိုသလောက်သာ ခံစားပြီး အပိုတွေမခံစားတာများလားလို့တောင် ထင်လာမိပါပြီ။

သိစိတ်မှာ အချစ်ရှိလာရင် ယောကျ်ားမိန်းမ အားလုံးဟာ . . . သည်းသည်းလှုပ် အင်မတန်ချစ်ကြ ကြင်နာကြ ယုယကြနေကြ မလားလို့ပါ။

မျက်ဝန်းတွေထဲမှာ ရွှန်းလဲ့နေသော အချစ်တွေကိုယ်စီနှင့် ကြည့်မဝနိုင်အောင် ပီတိတွေနှင့် . . .။ သိ အချစ် ဇာတ်လမ်းလေးတွေကိုလည်း ကြည့်ဖူးပါတယ်။ မင်းသား မင်းသမီးလေးတွေရဲ့ ချစ်စရာအကြည့်လေးတွေ . . . အခုတော့ လမ်းလျှောက်ရင်တောင် ရှေ့တည့်တည့်ကြည့်ပြီး သိပါလာတာ သတိမှုရပါလေစဆိုတဲ့ လူတစ်ယောက် . . .။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်တောင် သည်လောက်စိမ်းရင် . . .။

" သီ "

" အင်း . . . ပြော . . . "

" စိတ်မဆိုးပါနဲ့သီရာ . . . သီတို့ပြည့်စုံတာကိုယ်သိပါတယ်"

" ရှင်ရောမပြည့်စုံလို့လား ရှင့်မိဘမှာ ပြည့်စုံနေတဲ့ ရှင်တတစ်ဦးတည်းသောသား . . . သီကမှ ညီအစ် လေးယောက်ရှိသေးတယ်"

" ကိုယ့်စိတ်မှာ မိဘရှိတာ မိဘပစ္စည်းပဲ ကိုယ်ရှိတာ ကိုယ့်ဝစ္စည်း . . . ကိုယ်တစ်ခါမှ အိမ်ကပြန်မတောင်းဘူး . . . ပညာတွေ သင်ပေးတာနဲ့တင် မိဘဝတ္တရားကျေပြီ အလုပ်ရတည်းက ကိုယ့်ဘာသာရှာဖွေသုံးတယ် . . . လောက်ငအောင်သုံးတယ်"

" ဒါဆိုသီမေးမယ် . . . ရှင့်မှာငွေနည်းနေပြီ သို့မဟုတ် ငွေရှိပါလျက် အပိုသုံးတစ်ခုမှာ မိတ်ဆွေတွေနဲ့ စားသောက် ဖြစ်ရင် ရှင်ရှင်းမှာလား . . . "

" ဘာလို့ရှင်းရမှာလဲ"

" ရှင် မျက်နှာရောမပူဘူးလား"

" ဘာလို့ပူရမလဲ သီစဉ်းစားကြည့် ကိုယ် လက်ဖက်ရည်ဆိုင် ထိုင်ဖို့ စဉ်းစားခဲ့တယ် အပိုသုံးတာမှ မကြိုက်တာ . . . မိတ်ဆွေတွေနဲ့တွေလည်း ကိုယ်သွားမခေါ်ပါဘူး . . . သူတို့က





လာခေါ်ပြီး ပိုက်ဆံရှင်းတာ . . . ဘာမျက်နှာပူစရာရှိလဲ ပြီးတော့ ကိုယ်စားတာတာ အပိုတစ်ခုမှမပါဘူး . . . "

ဒါဆိုရင် နီနီပြောတာ မှန်နိုင်ပါတယ်။

သီကတော့ လက်ဖက်ရည်ဆိုင် ထိုင်တတ်ပြီး မိတ်ဆွေ အပေါင်းအသင်းတွေရင် ကိုယ်အရင်ဦးအောင် ရှင်းပေး တတ်ခဲ့တာပါ။ တခြားသူကကျွေးသွားရင်တောင် အားနာ နေတော့တာ၊ စိတ်တွေဟာ အမျိုးမျိုးပါလား။

" သီ့ကိုရော ရှင် သဘောတရားရှိရဲ့လား"

" သဗ္ဗါ . . . သီ တတယ်ဆာနေတယ် . . . ဝယ်စားရတဲ့ အစားအသောက်ကလည်း ထိုက်တန်တယ် ဒါဆိုရင် ကျွေးပါတယ်"

" ရှင့်ဟာကလည်း အစားလေးတစ်ခုစားဖို့ အတွက်အချက် တွေနဲ့ ရှင်ဟာ သချာ် သို့မဟုတ် စီးပွားရေးယူရမှာ . . . "

" ကျွန်တော်ရိုးသားစွာပဲ နေချင်တယ် . . . "

" ရိုးသားတာ . . . "

" ရိုးသားစွာ အေးစက်စက်နေပြီး မကြိုးစားလည်း မကောင်းဘူး. . . "

" ကျွန်တော့်အလုပ်ကို ကျွန်တော်ကြိုးစားပါတယ် . . . "

သူနှင့် စကားပြောရတာ သီ စိတ်ဝင်စားမှုကတော့ အပြည့်ပါပဲ၊ ဘာလို့ဆို သီမကြားဖူးတာတွေ ကြားရတယ်၊ သီ



www.burmeseclassic.com

www.burmeseclassic.com



မခံစားဘူးသမျှတွေ ခံစားရတာ . . .၊ ဒါပေမယ့် ဘာလို့ ရင်ခုန်ခံစားမှုတော့ မရှိရပါလိမ့်။

" သီပြန်မယ် မပို့နဲ့တော့ . . ."

" ပို့မှာပေါ့ ထုံးစံအတိုင်း လမ်းထိပ်ထိပို့မယ် . . ."

" ထမင်းစားသွားပါလား"

" မစားတော့ဘူး . . . သည်အိမ်မှာ စားသွားရင် ဒေါ်လေး ချက်ထားတဲ့ ထမင်းတွေ ပိုကုန်မှာပေါ့ . . . မစားတော့ဘူး "

သူ့မျက်ဝန်းမှာ အပေါင်းအနှုတ် ကိန်းဂဏန်းတွေ ချည်းပဲများ မြင်နေသလားမသိပါ။ လမ်းထိပ်သူပို့နေကျနေရာ ရောက်တော့ လမ်းခွဲကြပါတယ် ,အရင်ရက်က လမ်းခွဲပြီးရင် သီကလည်း သို့ဘာသာလျှောက်ခဲ့ပြီး သူ့ကိုတစ်ခါမှ နောက်ဆံ ငင်စွာ လှည့်မကြည့်မိပါ။

သည်တစ်ခါတော့ သူ့ပုံစံကို သေချာကြည့်ချင်စွာ လှည့်ကိုကြည့်မိတယ်။

သို့ကို တော်တော်ချစ်ရှာတာပါလား။ တစ်ချက်ကလေးမှ လှည့်မကြည့် . . .။

မာမီကိုယ်တိုင် လေ့လာခွင့်ပေးထားသော သူ . . .။

မမကြည်နှင့်တွေ့ရင်တော့ မေးကြည့်ရမည်၊ မမစီကိုလည်း မေးကြည့်ဦးမည်။





သူ့လိုမျိုး အတွေးတွေခံယူချက်တွေ သူတို့ယောကျ်ားတွေမှာရော . . . ရှိနေသလား။

" ရုပ်ရည်ကတော့ ပြောစရာမရှိဘူး ယောကျ်ားပီပီသသ ခံ့ညားပါတယ် သီနဲ့လည်းလိုက်တာပဲ . . ."

" လူချင်းလိုက်နေတာ ဘာလုပ်ရမှာလဲ မမကြည်ရဲ့ စိတ်ချင်းလိုက်ဖို့လိုတာ အစ်ကိုကြီးနဲ့ မမကြည်လည်း လိုက်တာပဲ အစ်ကိုလတ်နဲ့ မမစီလည်း လိုက်တာပဲ . . ."

" မိန်းမမပွေ့ရင်တော်ရောပေါ့ . . ."

ဟင်

မမကြည်ကတော့ သူခံစားရတာနှင့်ပဲ နှိုင်းယှဉ်ပြောတော့ မှာလား။ မိန်းမကိစ္စဆိုတာ ပြောရခက်ပါတယ်။ ကိုယ့်ချစ်သူဘဝမှာတော့ ရိုးသားသစ္စာရှိပါရဲ့၊ လက်ထပ်ပြီးမှ ပွေတတ်လာတာ အသစ်တွေ့လာတာ ဒါတွေက ပြောလို့ရတာမှ မဟုတ်ပဲ။

" သီ သိချင်တာ အစ်ကိုကြီးက ပိုက်ဆံနဲ့ ပတ်သက်ပြီး ဘယ်လိုနေလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



" ပိုက်ဆံ . . . သူ့မှာ ပိုက်ဆံတွေရှိတာပဲ . . . အံဆွဲထဲ သည်အတိုင်း ထည့်ထားတာ . . . မမကြည် ယူသုံးလည်း ဘာမှ မပြောပါဘူး . . ."

" အပေါင်းအသင်းမိတ်ဆွေတွေကိုရော ကျွေးမွေး ရဲ့လား. . ."

" အမလေး လက်ဖွာလွန်းလို့တောင် စိတ်ညစ်နေရတယ် . . . သူကချည်းပေးနေတော့ ငါကတောင် လိုက်ပိတ်ရလွန်းလို့ ငါကတွန့်တိုရာရောက်တယ်"

" ဟုတ်လား . . ."

တစ်ယောက်တစ်မျိုးပါလား။

အဲလိုမျိုးလက်ဖွာနေပြန်တော့လည်း မိန်းမထ ပြောနေရပြန်ရောတဲ့။ အခုတော့ သူ့လိုစည်းစနစ်တွေ ကျလွန်းနေတာလည်း . . . သိသာလက်ထပ်ခဲ့ရင် လိုက်ကြော မနေရတော့ဘူးပေါ့ . . .။ ဒါပေမယ့် လက်ထပ်မယ်ဆိုတဲ့ စိတ်တော့မရှိသေးပါဘူး . . .။

" အစ်ကိုလတ်ကရော"

" ဟဲ့ အရက်သမားကပို ဆိုးတာ အရက်ကြောင့် ကုန်လိုက်တာ အရက်ဖိုးများဆို မနှမြောသေး မရွှေစိကလည်း အဝတ်အစားကမက် နှစ်ယောက်လုံးရှာသမျှ တဝေါဝေါ . . . မာမီ့ဆီတောင် ငွေလာလာဆွဲနေရတာ နင်မြင်ပါရဲ့





သိသီရယ် . . ."

မလွယ်ပါလား။

အဲလိုမျိုးတွေဖြစ်နေတဲ့အခါ . . .

သူ စနစ်တကျသုံးနေတာကောင်းသလိုလို ဖြစ်နေပြန်ရော . . .။

" နင့် ကောင်လေးကရော ဘယ်လိုလဲ "

" ကိုမင်းလွင်ဇော်က သိကောင်လေးမဟုတ်ပါဘူး သိစဉ်းစားလေ့လာနေတုန်းပါ. . ."

" သူ အရက်သောက်လား"

" သောက်လို့မရဘူး . . ."

" ကောင်မလေးတွေရော မရှုပ်ဘူးလား ရုပ်ကလေး မဆိုးဘူးနော် . . . နင် သတိထား . . . အေးလေ ရုပ်တင် မဟုတ်ဘူး အပြောကလေးကလည်းလိုသေးတယ်လေ . . . နင့်အစ်ကိုကြီးကြည့် . . . ရုပ်ကဘယ်လောက်လှလို့လဲ အပြောကလေးက ညွတ်နေတော့ မကောင်းပါဘူးဟယ် . . ."

" သိအပျိုကြီးလုပ်သင့်သလား. . ."

" အင်း လုပ်သင့်တယ် . . . သံယောဇဉ်ဆိုတာ နည်းလေ ကောင်းလေပါပဲ ညီမလေးရယ် မမကြည်တို့က အိမ်ထောင်ရေး ချောက်ထဲခုန်ချမိပြီ . . . ပြန်တက်ဖို့ မလွယ်တော့ဘူး တဖြည်းဖြည်း စုံးစုံးမြုပ်နေပါပြီ ဒါတောင် သားသမီးမရှိလို့ . . .

www.burmeseclassic.com



မမစီတော့ သားသမီးရတော့မှ ပိုတောင်ဆိုးလာပြီ . . . သီသီရယ် ဖြစ်နိုင်ရင် အပျိုကြီးလုပ်ပါ နီနီ့တောင်ပြောမရလို့ ”

အထူးအဆန်းပါလား။

မမကြည်တော့ သီ့ကိုအပျိုကြီးလုပ်တဲ့။ အန်တီအေး ကြားရင်တော့ ကြည်ကြည်တို့ အမြင်မှန်ရသွားပြီလို့ ပြောလိမ့်မည်။ မမကြည် ဘယ်လောက် စိတ်ရှုပ်နေပါလိမ့်။ မမစီကရော ဘာပြောမလဲ . . .။ နီနီကရော အိမ်ထောင်ပြုတော့မည်။ ဘယ်လိုစကားတွေ ပြောမလဲ. . .။

“ သီသီ . . . ဈေးဝယ်သွားမယ် . . . ညနေ နင့်အစ်မလတ် လင်မယားလည်း လာမှာ ညနေလူစုံမယ် ငါ ဟင်းပိုချက်ရလိမ့်မယ် ”

အန်တီအေး ဈေးခေါ်လို့ လိုက်ရပြန်ပါပြီ။

ညနေ မမကြည်တို့ လင်မယား မမစီတို့လင်မယား နီနီတို့စုံတွဲလာကြမည်ဆိုပါလား . . .။

“ မင်းလွင်ဇော်ကိုပါ ခေါ်ခဲ့လေ . . . ”

“ သူ့ကို ညနေစာကျွေးမယ်ဆို မနက်တည်းက ပြောရမှာ သူက သူ့အဒေါ်ကို သူညနေစာမစားဘူးလို့ လှမ်းပြောရလိမ့်မယ် သူ့အတွက် ညနေစာချက်ပြီးရင် ခေါ်မရတော့ဘူး”

“ ဟုတ်လား . . . အဲသည့်လောက်တောင်လား . . . ”

“ အန်တီအေး . . . မမကြည်ကသီ့ကို အပျိုကြီးလုပ်တဲ့ ”





“ တယ်ဟုတ်နေပါလား . . . ဒါပေါ့လေ . . . ပြောမယ့် ကြုံဖူးမှသိဆိုသလို ငါက အပျိုကြီးလုပ်ပါ လုပ်ပါဆိုတုန်းကတော့ မယုံဘူးပေါ့ အခုသိပြီလေ . . . လာဦးမယ်တစ်ယောက် . . . သူတို့မိုက်လို့ သူတို့ခံကြရတာ သီသီကတော့ မမိုက်နဲ့နော် . . . ”

“ ဟုတ်ကဲ့ပါ . . . ”

“ မရွှေစီကရော ဘာပြောလဲ ”

“ မမစီနဲ့ အေးအေးဆေးဆေး မတွေ့ရသေးပါဘူး . . . ”

အန်တီအေးကတော့ ဝယ်ပါလေပြီ။

အကြော်အလှော် အချက်အပြုတ်အစုံအလင်ပါပဲ သီဖြင့်မြင်နေတတ်ပါပြီ၊ ခုချိန်မှာအန်တီအေးကို အပိုကုန်ကျစရိတ်တွေအကြောင်းဆွေးနွေးလို့မကောင်း။

တစ်ရက်ရက်တော့ ပြောပြရလိမ့်မည်။

အန်တီအေး နားဝင်ခံသာအောင် တဖြည်းဖြည်းချင်း နားသွင်းရပါလိမ့်မည်။

ဒါဆိုရင် သူပြောတာတွေကို သီ လက်ခံလိုက်ပြီလား။

သီကတော့သည်လို တွေးပါတယ်။

သီ့စိတ်မှာ မှန်တယ်ထင်တာတွေဆို လက်ခံမယ်လေ. . .။



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလဲ . . . ကိုကိုစိုးက ဘာပြောလဲ . . . "

" ကိုမင်းလွင်ဇော်နဲ့ ခင်ပေမယ့် တပူးတွဲတွဲ သွားလာစားသောက် အတူနေလေ့မရှိဘူးတဲ့ အလုပ်ကိစ္စရှိရင်သာတွေ့ကြတာ ငါမေးကြည့်တော့မှ . . . ညီမလေးပြောမှတွေးကြည့်တယ် ဟုတ်နိုင်တယ် သုံးလေးခါလောက်အတူစားသမျှ ကိုကိုစိုးပဲ ရှင်းလိုက်ရတယ်တဲ့ . . . "

" ဒီလောက်မခင်ပဲနဲ့ နင့်မွေးနေ့တော့ ခေါ်လာရသလား"

" ဒါကလည်း အဲသည့်ရက်ပိုင်း သူနဲ့ အလုပ်ကိစ္စရှိနေလို့တဲ့ . . . "

သူ့ဆီမှာ အဲသည့်စိတ်ဓာတ်ရှိတာတော့ သိမနှစ်သက်ပြန်။

သူ့မှာ ကောင်းတဲ့အဲတွေးတွေလည်းရှိပါလျက် ခုလိုမျိုးကျပြန်တော့ မကောင်းသလိုလို . . . ။

သူ့ကို သိ လေ့လာရပါဦးမည်။ သို့စိတ်မှာ အတွေးတွေတော့ဖြစ်လာခဲ့ပါပြီ . . . ။ သည်လူကို ဘယ်လိုလေ့လာရမလဲ။ သူ့ရဲ့စိတ်တွေကရော ဘယ်သို့ရှိမလဲ။ ချစ်တယ်ဆိုတာနဲ့ပဲ ဘဝခရီးအတူလျှောက်သင့်သလား . . . ။

" ကိုမင်းလွင်ဇော်ကို နင် ရင်မခုန်ဘူးဆိုလည်း အန်တီခင့်ကိုပြောပြပြီး လမ်းခွဲလိုက်ပါဒကော့လား . . . ကြာလာရင် နင်သံယောဇဉ်တွယ်မှာ စိုးရိမ်တယ် . . . "

" သူ့ကို ငါ စိတ်ဝင်စားနေသလိုပဲ စိတ်ဝင်စားနေတယ်





ဆိုတာ ရင်ခုန်ခံစားစွဲလမ်းတာမျိုးမဟုတ်ပါဘူး . . . စိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက်လိုမျိုးပါ . . . သူ့ကိုလေ့လာချင်တယ် . . . "

" အမြန်ဆုံးလေ့လာပါ. . . "

" အမြန်ဆုံး . . . လေ့လာတယ်ဆိုတာအမြန်ဆုံး ဘယ်ရပါ့မလဲ ဟန်နီရယ် . . . ဖြည်းဖြည်းပေါ့"

" အဲသည့်ဖြည်းဖြည်းအချိန်အတွင်း သူ့ကို နင်သံယောဇဉ်ဖြစ်သွားရင်ကော . . . သံယောဇဉ်ဖြစ်သွားပြီးမှ ဘယ်လိုဖြတ်မလည်း . . . စိတ်ဓာတ်ကို သဘောမကျတော့ဘူးဆိုတဲ့ အချိန်သံယောဇဉ် ဖြတ်မရတော့ဘူးဆို . . . နင် ဒုက္ခရောက်မှာတော့ငါ စိုးရိမ်ပါတယ် . . . "

" ကျေးဇူးတင်တယ် ဟန်နီရယ် . . . နင် ငါ့ကို ခင်လွန်းလို့စိုးရိမ်တယ်ဆိုတာ ငါနားလည်ပါတယ်။ စိတ်ချပါ . . . ဘယ်လောက် သံယောဇဉ်တွေ တွယ်ပါစေ လက်မထပ်သင့်တဲ့လူဆို ငါခေါင်းခါပါမယ် . . . "

အချိန်တွေကြာလာရင် သံယောဇဉ်တွယ်လာနိုင်တယ်ဆိုတာ သိ လက်ခံပါတယ် . . . ။ အတူသွား အတူစားခဲ့တာသေးတွေဟာ အမှတ်တရတော့ဖြစ်မှာပေါ့လေ . . . ။

" ဟန်နီ နင် အဝတ်စားချုပ်ရတာ့နော် နင်ဖေအဝတ်အစားနဲ့ပတ်သက်ရင် ချေးများလွန်းလို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



နီနီ့မင်္ဂလာဆောင်အတွက် ပြင်ဆင်တော့လေ . . . "

" နင်ရော သီသီ "

" ငါက အန်တီအေး သဘောပါပဲ အန်တီအေးဆင်တဲ့ အဝတ်အစားဝတ်လိုက်ရုံပါပဲ . . . ငါဘယ်တုန်းက ကိုယ့်ဘာသာ ဝယ်ဝတ်လို့လဲ . . . နီနီဝယ်လာတာ လိုချင်ရင် အန်တီအေးကိုပြောတယ် အန်တီအေးနဲ့ ဈေးဝယ်ထွက်ရင်း ဝယ်တယ် . . . "

" အင်းပါ . . . ငါပြင်ဆင်ပါမယ် . . . "

ဟန်နီကတော့ မောင်နှမတွေမှာ မိန်းကလေးလည်း မရှိ သူဝတ်တာကို သူ့ဘာသာဝယ်တာပင် စိတ်တိုင်းကမကျ။ ဝယ်ပြီးချုပ်ပြီးမှ မကြိုက်လို့ထားသည့် အင်္ကျီတွေကလည်း အများကြီး။ အချစ်ဆုံးသူငယ်ချင်းဆိုတော့ ဟန်နီ့အကြောင်း ကောင်းကောင်း သိနေတယ်လေ. . .။

" တင်အောင်ထိုက်အကြောင်းတွေရော နောက်ပိုင်းဘယ်လို ကြားရဦးမယ် မသိဘူး . . . "

" ပထမတော့ ပျော်ရွှင်ကြည်နူးနေမှာပေါ့ဟယ် . . . တစ်နှစ်တန်သည် နှစ်နှစ်တန်သည်ကြာမှ ဘာတွေကြားရမယ် မသိဘူး . . . "

" မထင်ပါနဲ့ တစ်ချို့က လက်ထပ်ပြီး တစ်လနှစ်လပါပဲ နောက်ဆို သူတို့ပျော်သလို နေနေတော့တာ . . . "





" နီနီကတော့ သူ့အိမ်ထောင်ရေးဟာ သာယာတဲ့ အိမ်ထောင်ရေးဖြစ်အောင် ကြိုးစားပြမယ်တဲ့ "

" ဒါကတော့ မိန်းမတိုင်းလိုလိုရဲ့ ခံစားချက်ပါ ဘယ်မိန်းမကရော ကိုယ့်အိမ်ထောင်ကို မသာယာစေချင်တာမျိုး ရှိပါ့မလဲ . . . "

ဒါတော့လည်းဟုတ်ပါတယ် မမကြည်တို့မမစီတို့ခများလည်း သူတို့အိမ်ထောင်ရေးကို သာယာစေချင်မှာပါပဲလေ . . .။ ခင်ပွန်းရဲ့ ချို့ယွင်းချက်တွေကို နားလည်ခွင့်လွှတ်ရအောင် ထလည်း ခက်ခဲမှာပါ . . .။

" မိန်းမတော်တော်များများဟာ ငါတို့ချစ်သူကို ငါတို့ပြောရင်ရတယ်ဆိုတဲ့ အတွေးရှိကြတယ် လက်ထပ်ပြီး တော့မှ ပြောမရ ပြင်မရ ဖြစ်ကုန်တာတဲ့ . . . ဒါကလည်း မကြည်ကို မာမီပြောနေတာပါ . . . သီကတော့ အဲလို မထင်ပါဘူး . . . ပြင်မရတဲ့လူတစ်ယောက်ရဲ့ ဗီဇဟာ သိကြားမင်းကြီး ဖျောင်းဖျလို့တောင် ရဖို့မမြင်ဘူး . . . "

သူ့ကို ပြုပြင်နိုင်မည် တစ်ခါမှမတွက်ဆပါ။

သီကိုယ်တိုင်ကတော့ မှားနေတာသေချာရင် ပြုပြင်မှာ ပါလေ . . .။



www.burmeseclassic.com

www.burmeseclassic.com



" နင့်ကို တကယ်ကျေးဇူးတင်တယ် သီသီ . . . နင်ပြော လိုက်တော့ သူတော်တော်စိတ်မကောင်း ဖြစ်သွားပုံရတယ် . . . အရက်သောက်တယ်ဆိုပေမယ့် ချက်ချင်းဖြတ်ရင် နေမကောင်း ဖြစ်မှာစိုးတဲ့ပုံနဲ့ လျှော့သောက်တယ် အရင်လို လူမှန်းမသိ တစ်ခါမှ မသောက်တော့ဘူး . . . အခုဆိုသူ့အပေါင်းအသင်း တွေကို အရက်ဖြတ်တယ်ပြောပြီး အိမ်မှာပဲ ထမင်းမစားခင် နည်းနည်းလေးသောက်တယ် . . . ငါ့ကိုလည်း အရင်ထက် ကြင်နာပါတယ် အိမ်မှုကိစ္စတွေလည်း ကူလုပ်ပေးတယ်လေ"

မမစီကသူ့ယောက်ျားအကြောင်း မမောနိုင်အောင် ပြောပါတယ်။ သီကလည်း စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက် မိတာပါ။ မာမီကတောင် သူတို့မကောင်းလည်း အကြီးတွေ သီသီခုလိုပြောတာ မရိုသေရာရောက်တယ်လို့ ပြောပါတယ်။

" သီလည်း စိတ်တိုပြီး ပြောမိတာပါ . . . မာမီကတောင် အစ်ကိုနဲ့အစ်မ ပြန်ပြောရလားဆူသေးတာ . . . သီအ တကယ်ခံစားရလို့ ပြောတာ . . . ကိုယ့်အိမ်ထောင်ရေးတောင် မသာယာရင် သားသမီးတွေ စိတ်ညစ်ရမှာ . . . အလတ် ကလေးတွေ မွေးနေကြတာ မကြိုက်ဘူး . . ."

" အခုတော့ ဝမ်းသာနေရတယ် သီသီ . . ."

" မမသီကတော့ မမကြည်တို့အကြောင်း မမစီတို့ အကြောင်းကျရင်တော့ အမှားအမှန်ခွဲခြားပါလိမ့်မယ်





သူ့အလှည့်ကျမှ အမှားအမှန်မသိပဲ ချစ်စိတ်တွေမွှန်ပြီး မျက်လုံးစုံကန်းနေတဲ့ အချစ်မျိုးလည်း ဖြစ်နေဦးမယ် . . ."

" ဘယ်တော့မှ မဖြစ်ဘူး မသင့်တော်ဘူးဆို ခေါင်းခါ ထိုက်ရုံပဲ . . . ချစ်သူအဆင့်ထိတောင် မရောက်စေရဘူး"

" ပြောတာပဲ. . . သို့ကိုချစ်တယ်လို့ ဟိုကဆိုတဲ့အခါသာ တောင့်ခံထားနိုင်ပါစေ . . ."

နီနီက တစ်ခါတော့ သူသည်လိုပြောနေတာ ကြားသွား ခဲ့တယ်လေ၊ နောက်ပိုင်းမှာ သို့ကိုချစ်တယ်လို့ သူပြောသလို နောက်ပြောင်ပြောတတ်ပါတယ်။

" နီတို့လက်ထပ်တဲ့နေ့မှာ မမစီ ဝနေတာတော့ လူတိုင်း ပြောကြတော့မှာပါပဲ . . ."

" ဟဲ့ နီနီ . . ."

" မမကြည်ကြီးကျတော့ မဝဘူးလားမသိဘူး မေးကြည့် ဦးမယ် . . ."

" မမကြည်က သားသမီးယူဖို့ သတ္တိမရှိဘူးလေ . . . ဆော်ကြာအစ်ကိုကြီးက နောက်အိမ်ထောင်တစ်ခု အတိအလင်း ယူသွားရင် ကလေးဒုက္ခရောက်နေမှာ စိုးသတဲ့"

" သည်လိုလည်း ဘယ်ဟုတ်မလဲ ကိုယ့်မှာသားသမီးမရှိ တော့ . . . ယောက်ျားကိုဘယ်လိုဆွဲဆောင်မလဲ ထိန်းသိမ်းမလဲ . . . သားသမီးလေးတွေနဲ့ သံယောဇဉ်ဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကို မပြိုကွဲအောင် ထိန်းနိုင်တာပေါ့. . ."

မမစီနှင့်နီက သည်လိုပြောနေပေမယ့် သီတာတော့ သည်လိုမထင်ပါဘူး။ သို့စိတ်မှာတော့ လျော့လျဲနေသော ကြိုးဟာစ်မျှင်ကို ဘယ်သို့မှ ပြန်လည် ချည်နှောင်၍ ရမည်မထင်…

" သီတာတော့ မမကြည်တွေးတာမှန်တယ်ထင်တယ် တစ်ချို့… ယောကျ်ားတွေက သားသမီးလည်း သံယောဇဉ်မရှိပါဘူး… နောက်ထပ်မိန်းမယူ နောက်ထပ်သားသမီးရထာယ်လို့ပဲ… တွက်မှာဝါ . . . မိန်းမမှာသာ သားသမီးတွေကျန်နေသ… ရှာဖွေကျွေးမွေးပြုစု ပင်ပန်းတယ် . . ."

" မမသီရဲ့အတွေးကိုက ပုံမမှန်ဘူး"

တစ်ယောက်နှင့်တစ်ယောက် ခံစားချက်မှ မတူတာ . . . နီနီက ခုဆို တင်အောင်ထိုက် အရက်မသောက်ဘူး… ချစ်သူမရှာဘူးနဲ့ သိပ်ကောင်းတာတွေပဲ ပြောနေတယ်… ဘယ်လိုအဆိုးတွေ ကြားရဦးမယ်ဆိုတာ သီ စောင့်ကြည့်… ရဦးမည် ခွင့်လွှတ်၍ရသော အမှားမျိုးဖြစ်ခဲ့ရင် ကောင်းပါတယ်… သို့စိတ်မှာ မမကြည်တို့ မမစီတို့ နီနီတို့အားလုံး စိတ်ချမ်းသာ… စေချင်ပါတယ်။

" အိမ်မှာ မမသီတစ်ယောက်ပဲ လူလွတ်ရှိတော့မှာ… အန်တီအေးကတော့ အပျိုကြီးဖြစ်စေချင်မှာပါပဲ . . ."

" အပျိုကြီးဆိုတာလည်း ဖြစ်ချင်မှဖြစ်တာပါဟာ သူတာနဲ့…





သူ ပါပြီးသားပါ . . . အိမ်ထောင်ကျမယ့်လူက အချိန်တန် ကျတာပါပဲ. . ."

" အန်တီအေးကျတော့ရော. . ."

" သူကိုက အပျိုကြီးကိုဖြစ်ချင်တာ. . ."

ညီအစ်မသုံးယောက် ရယ်ရသေးသည်။ မီးဖိုထဲကနေ ကြားများကြားရင် သူ့အပျိုကြီးပြောရလား ရတယ်ဖော့ရတယ် မလိုချင်လို့လို့ အော်ပြောဦးတော့မှာ . . .။

" အပျိုကြီးဖြစ်ရတာ တစ်ခုတော့ မကောင်းပါဘူး . . . မလိုချင်လို့လို့ မထင်ကြဘူး မရလို့လို့ပဲ ထင်ကြတယ် . . ."

သီပြုံးမိပါပြီ. . .။ သီအပျိုကြီးဖြစ်ရင်ကော သည်သို့ခံစား ရလေမည်လား။

" မမခင်တို့များ . . . သမီးတွေ သားမက်တွေများဆုံရင် တပြုံးပြုံးနဲ့ . . . ချက်ရပြုတ်ရတဲ့ ငါ့ကို သနားရကောင်းမှန်းတောင် မသိဘူး . . ."

နီနီတို့ မင်္ဂလာဆောင် နီးနေပြီဖြစ်တာမို့ မမကြည် အစ်ကိုလတ် မမစီတို့ရယ် နီနီနဲ့ တင်အောင်ထိုက်ရယ် မာမီရယ် စကားတွေဆူညံနေအောင်ပြောကြတာ မီးဖိုထဲကတောင် ကြားနေရတယ်။

"သီတာတော့ အန်တီအေးအနား ချက်ဖို့ပြုတ်ဖို့ ကူညီနေရတာပါပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



" မမသီရေ . . . ကိုယ့်ညွှဲသည် ကိုယ်ထွက်ညွှဲခဲ့လေကွာ . . . မမသီညွှဲသည် ရောက်လာပြီ "

မာမီကလည်းလေ . . .

လူစုံပြီဆို ကိုမင်းလွင်ဇော်ကိုပါ လှမ်းခေါ်တော့တာပါပဲ။ အန်တီအေးကတော့ ရှုပ်ကိုရှုပ်တယ်လို့ ခပ်တိုးတိုး ညည်းပါတယ်။ သီအပြင်မထွက်ပါဘူး။ အန်တီအေးခမျာ တစ်ယောက်တည်း ချက်ရတာ . . . ကူမယ့်လူမရှိ စားမယ့်လူတွေချည်းပါပဲ။

" သီ "

" ကိုမင်းလွင်ဇော် . . . လာလေ သီမအားဘူး . . . "

သီ ဟင်းရွက်လှီးနေတဲ့နား လာထိုင်ပါတယ်။

" မာမီခေါ်တာလား"

" ဟုတ်တယ် . . . "

" နီနီတို့ လက်ထပ်တဲ့နေ့မှာ ရသမျှလက်ဖွဲ့ငွေတွေကို လှူဖို့တိုင်ပင်နေကြတာ သိသိလား"

" သူတို့ပြောနေကြတာပဲ"

" သီရော . . . ဝင်မဆွေးနွေးဘူးလား"

" ဘာကိုဆွေးနွေးရမှာလဲ သူတို့မင်္ဂလာဆောင်မှာ သူတို့စိတ်ကြိုက်ဆွေးနွေးကြပေါ့ သီ ဝင်ပါရအောင် သို့ မင်္ဂလာဆောင်မှ မဟုတ်တာ . . . "





" သို့မင်္ဂလာဆောင်ဆိုရင်ကော . . . သီဘယ်လိုဖြစ်ချင်တာလဲ"

" အမှန်ဝန်ခံရမယ်ဆို သီမင်္ဂလာဆောင်ဖို့ တစ်ခါမှ မစဉ်းစားဖူးလို့ ဘယ်လိုဖြစ်ချင်တယ်ဆိုတာလည်း မသိပါဘူး"

" ကိုယ်ကတော့ မင်္ဂလာဆောင်တာကို မကြိုက်ဘူး . . . "

အန်တီအေးကတော့ ဟင်းချက်ရင်း နားစွင့်နေမှာပါပဲ။

" မင်္ဂလာဆောင်တာ မကြိုက်ရင် ရှင်လူပျိုကြီးလုပ်ပေါ့ မိန်းမ မယူနဲ့ပေါ့ "

" သီကလည်း အဲလိုပြောတာမဟုတ်ဘူးလေ . . . အပိုငွေတွေကုန်အောင် ခမ်းနားကြီးကျယ်တာတွေ မလိုပါပဲ ဖာခဲ့နေတဲ့ မင်္ဂလာဆောင်ကိုပြောတာ "

စ လာပါပြီ။

အပိုငွေတွေ ကုန်အောင်တဲ့။

အပိုနှင့်အလိုငွေတွေအကြောင်းကတော့ ကြားရပါများလို့ သူ့စိတ်ကိုလည်း သီအတန်ငယ်သိခဲ့ပါပြီ။

" ဒါဆို ကိုမင်းလွင်ဇော်က ဘယ်လိုမင်္ဂလာဆောင် ချင်သလဲ. . . "

"ဘုန်းကြီးဆွမ်းကပ်တာလေ မင်္ဂလာဆွမ်းကို ဆွမ်းကပ်လိုက် မကောင်းဘူးလား . . . "

" ရှင် လက်ထပ်မယ့် သတို့သမီးက အဲသည့်အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး . . . ခမ်းနားကြီးကျယ်စွာ လက်ထပ်ရမှ ဆိုရင် ရှင်ဘယ်လိုလုပ်မလဲ"

" သီကအဲလိုမျိုး မလိုလားအပ်တဲ့ ပကာသနတွေ မကြိုက်ပါဘူး. . . "

" သီက . . . "

သူ့စိတ်မှာ သူလက်ထပ်ရမည့် ဘဝခရီးဖော်က သီလို့ သေချာပိုင်နိုင်စွာ တွက်ဆထားတာပဲ။ တကယ်ချစ်လို့ပဲ သည်သို့ တွက်ဆတာလား . . . နှစ်သက်မိဘ သဘောတူထားတာပဲ သီသီထွန်းတစ်ယောက်တော့ မင်းလွင်ဖော်ကို သေချာပေါက် လက်ထပ်ရမယ်လို့ လျော့၍တွက်ဆတာလား။

" သီက ရှင့်ကိုလက်ထပ်လိမ့်မယ်လို့ ရှင်တရားသေ မတွက်နဲ့နော် ချစ်သူအဖြစ်တောင် လက်ခံသေးတာ မဟုတ်ဘူး . . . သီ ခေါင်းခါချင်ခေါင်းခါမှာ . . . "

သည်လိုပြောတော့ သီ့မျက်နှာကို သေချာစိုက်ကြည့်နေ ပြန်ပါတယ်။ အန်တီအေး မလှမ်းမကမ်းမှာ ရှိနေပေမယ့် သီတို့ စိတ်ထဲမှာရှိသလို ပွင့်ပွင့်လင်းလင်းပြောနေတာပါ. . .။

" ရှင့်မိဘ သည်လောက်ချမ်းသာနေတာ တစ်သက်တစ်ခါ ဆောင်ရတဲ့ မင်္ဂလာဆောင်ဟာ ခမ်းနားကြီးကျယ်သင့်တယ်လို့ သီက ပြောမယ်ဆိုရင်တော . . . "

" သီ့ကို ကိုယ်ပြောဖူးတယ်လေ . . . မေမေတို့ ချမ်းသာတာ





ကိုယ်နဲ့မှ မဆိုင်ပဲ ကိုယ့်မှာစုထားတဲ့ငွေ အဲသည်လောက်မရှိဘူး"

" မာမီကဆောင်ပေးရင်တော . . . "

" သို့အမေပိုက်ဆံနဲ့ဆို သီ့သဘောပေါ့"

" ဩော် . . . "

နီနီတို့စုံတွဲပါ မီးဖိုထဲဝင်လာတော့မှ သီတို့နှစ်ယောက် စကားပြတ်သွားပါတယ်။ အန်တီအေးကတော့ သီတို့ပြောတဲ့ စကားတွေ ကြားသင့်သလောက်ကြားမှာပါ။ ဘာပြောမလဲ။ ထမင်းဝိုင်းက လူစုံဆိုတော့ ဝိုင်းကြီးတစ်ဝိုင်းဖြစ်နေတော့တာ။ အစ်ကိုလတ်က သည်မှာ ထမင်းစားမှာမို့ ထင်ရဲ့ အရက်လုံးဝ မသောက်ထားပါဘူး။ သည်တော့ မမစီအသံက အရွှင်ဆုံး ဖြစ်နေတော့တာပေါ့လေ။

" မာမီက သားတွေသမီးတွေ စုံစုံလင်လင်နဲ့ ခုလို ပျော်ပျော်ရွှင်ရွှင်နေတာမြင်ရင် သိပ်သဘောကျတယ် . . . ဒါတောင် မြေးတွေမရသေးလို့ . . . မြေးတွေအများကြီး ရတဲ့ထိ လည်း ခုလိုနေချင်တယ်။ သမီးလေးယောက် မြေးအယောက်နှစ်ဆယ်ဆို မဆိုးဘူး"

" မမခင် . . . မမခင်သမီးတွေ ဘယ်နှစ်ယောက်မွေးမွေး မွေးနိုင်းပါ . . . အေးတူမတော့ဆွဲမထည့်ပါနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးကပြောတော့ သူက သို့ကိုလှမ်းကြည့်လိုက်တာ သိသိပါတယ်။

"အန်တီအေးက ကိုယ့်ကိုမကြည်လင်ဘူးထင်တယ်. . . ပြီးတော့ သီနဲ့ လက်ထပ်မယ်ဆိုတာလည်း မနှစ်သက်ဘူးထင်ပါရဲ့. . ."

သီ ပြုံးရပါတယ်။

ဒါပေါ့လေ . . . အန်တီအေးက သို့ကိုအိမ်ထောင်မပြုစေချင်တာ အမြဲလိုပြောနေတာကို၊ . . .။ အန်တီအေးက သူ့ကို ဘယ်လို ကြည်လင်မှာတဲ့လဲ၊ သူ့ကိုသီပြန်ချစ်သွားမှာကို အန်တီအေးစိတ်မှာ အမြဲလို စိတ်ပူနေတတ်တာ သိပါတယ်။

" သီနဲ့လက်ထပ်ရမယ်လို့ ရှင်တွက်ထားပြန်ပြီလား . . ."

" ကိုယ်ကတော့ သို့ကို ချစ်တယ်လေ. . . ဒါကြောင့် သီနဲ့ လက်ထပ်မယ်လို့ပဲ တွက်ရမှာပေါ့"

" ဖြစ်မလာခဲ့ရင်ကော . . ."

" ကိုယ်စိတ်မကောင်းဖြစ်မှာပေါ့ . . ."





" ခဏစိတ်မကောင်းဖြစ်ပြီး သိပ်မကြာခင် နောက်ထပ် မိန်းကလေးတစ်ယောက်လည်း တွေ့နိုင်တာပဲ မဟုတ်လား"

" ဒါကတော့ ဘာကိုမှ ကြိုပြောလို့ မရဘူးလေ . . ."

သီ ခေါင်းခါလိုက်ရင်လည်း ခဏတဖြုတ် စိတ်မကောင်းရုံပဲ ဆိုတာ သိသာနေပြီပဲ . . .။

သူက မိန်းမတစ်ယောက်ကို တသသနှင့် စိတ်ထိခိုက်ကြေကွဲစွာ အထီးကျန်ခံစားနေမည့် ယောကျ်ားတစ်ယောက် မဟုတ်တာလည်း သီသေချာသိနေသလိုပါ။ တကယ်ဆိုရင်တော့ အဲလိုမျိုးသာ ဖြစ်သင့်တာ . . .။ သီကလည်း . . . အချစ်အတွက် ဦးနှောက်မဲ့သော အပြုအမူတွေကိုပြုမည့် မိန်းမတစ်ယောက်မှ မဟုတ်တာ . . .။

" သို့ကိုပဲ ဘဝခရီးဖော်အဖြစ် ကိုယ်လက်တွဲချင်ပါတယ် "

" မနက်ဖြန်ဆိုတာတောင် ပြောလို့မရတာတွေ အများကြီးပဲလေ. . ."

သီတို့နှစ်ယောက် အတူပြန်လာကြတဲ့အခါ . . .။

ဗိုက်ထဲဆာနေရင်လည်း အိမ်ကျမှ အန်တီအေးချက်ထားတဲ့ ထမင်းစားတော့နော်ဆိုပြီး ဘယ်မုန့်ဆိုင်မှ မဝင်ဖြစ်တော့ပါဘူး. . .။ သီတို့မှာ အချစ်ဆိုတဲ့ စိတ်ကူးယဉ်မှုတွေ ဘာဆိုဘာမှ မရှိပါလား။

" နီနီတို့ မင်္ဂလာဆောင်က တော်တော်စမ်းနား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်တာပဲ ”

ဖိတ်စာတွေဝေဖို့ စီစဉ်နေတာ သူတွေ့သွားပြီလေ . . .။

“ တင်အောင်ထိုက်တို့က ပြည့်စုံတာပဲ . . . နီနီ့စိတ်ကြိုက် စီစဉ်နေတာလေ . . . ”

“ သီကရော အဲလိုမျိုး ခမ်းနားကြီးကျယ်တာ ကြိုက်နေသလား . . . ”

“ ကြိုက်သင့်ကြိုက်ရမှာပေါ့”

“ ဟင် ”

“ ဟုတ်တယ်လေ . . . မိန်းကလေးတစ်ယောက်အတွက် တစ်သက်မှာ တစ်မင်္ဂလာပဲ . . . ခမ်းနားကြီးကျယ်တာလည်း လုပ်သင့်တာပဲ”

“ ကိုယ့်မှာ ပိုက်ဆံမှမရှိပဲ”

“ ဒါဆိုပိုက်ဆံရှိတဲ့လူ သီရှာမှာပေါ့”

ငြိမ်သွားပြီ။

တိတ်ဆိတ်ငြိမ်သက်သွားခြင်းမှာ အလိုမကျမှုတွေရှိနေပြီလား။ တကယ်ဆို သီ တစ်ခါမှ မင်္ဂလာဆောင်မယ်လို့စိတ်ကူး မယဉ်ဖူးပါဘူး။ အချစ်ဆိုတဲ့ ရင်ခုန်ခံစားမှုမျိုးမှမရှိတာ။ မမကြည်လက်ထပ်တုန်းက ခမ်းနားစွာ မင်္ဂလာဆောင်တယ်။ မမစီက ဆွမ်းကျွေးပြီး ရိုးသားစွာ လက်ထပ်တယ် . . .။

သီ မင်္ဂလာဆောင်ရင်လို့ တစ်ခါမှ မတွေးဖူးပါဘူး။





သူက ပိုက်ဆံမရှိဘူး ဆွမ်းကျွေးရအောင်လို့ ခဏခဏ ပြောနေလို့ တမင် လျှောက်ပြောနေတာပါ။

“ သီ တကယ်ပြောနေတာလား ”

“ တကယ်ပေါ့ . . . ”

“ ဘာလို့လဲသီရယ် . . . ရိုးသားစွာ ကြိုးစားရင်း တဖြည်းဖြည်းစုဆောင်းကြရင်ကော သာယာတဲ့ အိမ်ထောင်လေးတစ်ခု မရနိုင်ဘူးလား . . . ကိုယ်ငွေစုမယ်လေ . . . ”

“ ဘယ်လိုစုမှာလဲ ”

“ ချွေချွေတာတာသုံးပြီး ပိုတာစုမှာပေါ့ . . . ”

“ အဲသည့်ငွေကသိပ်နည်းပြီး မလောက်ငရင်ကော”

“ ဘာလို့မလောက်ငရမှာလဲ ကိုယ်တို့နှစ်ယောက်လုံးမှာ အလုပ်ရှိတာပဲ . . . ချွေတာသုံးရင်လောက်မှာပါ . . . ”

ကိုမင်းလွင်ဇော်ဟာ ဘယ်လို အတွေးတွေရှိနေတာလဲ။

နှစ်ယောက်လုံးအလုပ်ရှိနေပေမယ့် ငွေကြေးအတွက် အခက်အခဲရှိနေတဲ့ အိမ်ထောင်စုတွေ အများကြီးရှိတယ်လေ။ တစ်ခုတော့ ကောင်းပါတယ်။ မိဘချမ်းသာပါလျက် ပြန်တောင်းမယ်လို့ သူတစ်ခါမှ မတွေးခဲ့တာ . . .။

“ နီနီတို့ ဟန်နီးမွန်းထွက်မယ် မန္တလေးဘက်သွားမှာ . . . ”

“ ဟုတ်လား မုံရွာရောက်မယ်ဆို အိမ်မှာတည်းပေါ့ . . . ”

“ မုံရွာတော့ ရောက်မရောက် မသိဘူး . . . ရှင်ရော



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးရင် ဟန်းနီးမွန်း မထွက်ချင်ဘူးလား"

" သီကရော "

" သီက ရှင့်ကို မေးတာ သို့ကိုပြန်မမေးနေနဲ့ . . . "

" ငွေကုန်မှာပေါ့ . . . "

" လာပြန်ပြီ . . . ရှင်ဟာလေ တစ်ငွေထဲငွေနေတော့တာပါလား . . . အဲလောက်ကြီး ငွေတွေမြင်နေရင် ရှင်ထမင်းတောင် မစားသင့်တော့ဘူး . . . "

" မဟုတ်ဘူးလေသီရဲ့ . . . ငွေကိုကိုယ်ကခင်တွယ်မှ ငွေကပြန်ခင်တွယ်တာ ဟန်းနီးမွန်းထွက်မှလား . . . ဘုရားဖူးချင်တာပဲ ရန်ကုန်မြို့ပေါ်ဘုရားမရှိလို့လား . . . "

" ဩော် "

ခက်တဲ့လူပါလား။

ချစ်သူနှစ်ယောက်လက်ထပ်ပြီး ပျားရည်ဆမ်းခရီးထွက်တယ်ဆိုတဲ့ ကြည်နူးဖွယ် အချိန် ကြည်နူးဖွယ်ခံစားမှု။ နောက်တစ်ခါ ထပ်မံရဖို့ မဖြစ်နိုင်။ သည်အချိန်ကလေးအတွက် ငွေကုန်သွားတာကို တုန်ပါစေ နောက်မှ ပြန်စုဆောင်းကြတာပေါ့ဆိုတဲ့စိတ် ရှိသင့်ပါတယ်။ သီဆိုလည်း အရင်တစ်ခါမှ စိတ်ကူးမှာမရှိစေကာမူ မာမီက သူနှင့်လက်ထပ်စေချင်တယ်ဆိုတဲ့နောက် . . . ဘဝမှာ ဘာတွေ ဖြစ်ချင်ပါလိမ့်စဉ်းစားတဲ့အခါ . . . .။





" အဲသည်အချိန်မှာ သုံးပစ်လိုက်တဲ့ ငွေတွေကို အိမ်မှာချွေချွေတာတာထားရင် နောက်ထပ်သုံးလေးလလည်း စားလို့ရနိုင်တယ်လေ . . . ဘုရားဖူးတယ်ဆိုတာ ရန်ကုန်က ဘုရားတွေဖူးလည်း ကုသိုလ်ရတာပဲ . . . "

" ဘုရားဖူးဖို့သွားတာတော့သွားတာပေါ့ . . . ပျားရည်ဆမ်းခရီးဆိုတာက တစ်မျိုးလေ . . . ချစ်သူနဲ့ ဘဝမှာကြည်နူးစွာပျော်ရွှင်စွာ ဆုံဆည်းခွင့်ရတဲ့ အထိမ်းအမှတ် ကြည်နူးမှုရက်စွဲတွေပဲ"

" အိမ်မှာနေလည်း ကြည်နူးလို့ရတာပါပဲ"

ရှင်ဟာအံ့ဩဖွယ်ပါပဲ။ ဒါနှင့်များ ချစ်သူလိုချင်သေးတယ်။ စိတ်ကူးယဉ်တတ်သူတော့ လုံးဝမဟုတ်ပါဘူး။ ဒါပေမယ့် အတွေးတွေက ဆန့်ကျင်ဘက်ရှိလွန်းနေသလိုလိုပါ။

" ရှင် စိတ်ကူးယဉ်တတ်သလား"

" မယဉ်တတ်ဘူး စိတ်ကူးတိုင်းရောဖြစ်လို့လား လက်တွေ့ကကောင်းပါတယ် . . . . "

သီကိုယ်တိုင်ကလည်း မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ပြီး အိမ်မက်မက်နေတတ်တဲ့လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူနှင့်သီ စိတ်ချင်းတော့ သိပ်မနီးစပ်ဘူး ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



" မမခင် . . . သည်ကောင်လေးကို အေးမနှစ်သက်ဘူး ကောင်လေးက ပိုက်ဆံရှိပေမယ့် ကပ်စေးနဲလွန်းသလိုပါပဲ . . . သိပ်ကပ်စေးနဲလွန်းရင် . . . သိ စိတ်ညစ်ရမယ် . . . အပြတ်ပြောလိုက်ပါတော့ . . ."

" ဒါကတော့ သိတလေးမဟုတ်ပါဘူး အေးရယ် . . . သူ့ဘာသာသူ ရွေးချယ်ပါစေ . . ."

" မကောင်းမှန်းသိတဲ့လူကို တားရမယ့်အစား မမခင် ဘာလို့ အတင်းသဘောတူနေရတာလဲ . . ."

" စည်းစနစ်တကျသုံးစွဲတာ ကောင်းပါတယ်အေးရဲ့ . . . သူဘယ်လောက် စနစ်ကျနေပါစေ . . . သူ့မှာ ကျောထောက်နောက်ခံငွေကြေးရှိနေတာပဲ . . ."

မာမီနှင့် အန်တီအေးတို့ ကိုမင်းလွင်ဇော်အတွက်စကားပြောနေကြတာ သိကြားပါတယ်။ မာမီကတော့ အန်တီမူ့ကို ချစ်ခင်ရင်းစွဲလည်းရှိလေတော့ . . . သဘောတူနေမှာပါ။

" သိက ငြင်းရင်ကော"

" သူကိုယ်တိုင် လက်မခံနိုင်လို့ ငြင်းရင်တော့ တစ်မျိုးပေါ့ အေးကအတင်းဖျက်လို့ ငြင်းရတာဆိုရင်တော့ မကောင်းဘူးပေါ့"

" အေးမပါပါဘူးနော် သူ့ဘာသာ ငြင်းရင်သာ မမခင် အတင်းမစီစဉ်ပါနဲ့"

" သမီးတွေရဲ့ အိမ်ထောင်ရေးကို မမခင် အတင်းစီစဉ်တာ





ဘယ်နှစ်ယောက်ရှိလို့လဲ . . . စိတ်ချပါ သိမနှစ်သက်ရင် မမခင်ဘာမှ မစီစဉ်ဘူး . . ."

မာမိုကို ကျေးဇူးတင်စရာကောင်းပါတယ်။

တစ်ချို့မိဘတွေလို သားသမီး မနှစ်သက်လည်း ဇွတ်စီစဉ်တာမျိုးမလုပ်တာ ကျေးဇူးတင်စရာပါပဲ။ အန်တီအေးက မာမို့ တားအတွက် ကျေနပ်သွားပုံရပါတယ် နောက်ထပ်ဘာစကားမှ မပြောတော့ပြန်ပါဘူး။

" မာမီ . . . နီနီတို့ မင်္ဂလာဆောင်မှာ သိရိတ အပျိုရံလုပ်မှာဆို . . ."

" သူ့ သူငယ်ချင်းတွေ သူဖိတ်ထားတယ် ပြောတာပဲ . . ."

မင်္ဂလာဆောင်တာကတော့ ကောင်းပါတယ် . . . ဒါပေမယ့် ပိုက်ဆံတွေ အများကြီးကုန်ပါတယ်။ မမစိုတုန်းကလို အွမ်းကျေးတာက ပိုကောင်းတာလို့ သိထင်တာပဲ . . . သူမှန်တယ်လို့ ပြောရတော့မလိုပါ။ ကိုမင်းလွင်ဇော်နဲ့ တားပြောရင်းမှ အလုပ်တစ်ခုခုမှာ အပိုငွေတွေ အပိုငွေတွေ ထိုက်တွက်တတ်နေပြီလားလို့ . . . သတိထားနေမိပါတယ်။

" လေ့လာလို့ မပြီးတော့ဘူးလား မရွှေသိ အဖြေမရသေးဘူးလား. . ."

" အေး . . ."

" မမခင် . . . သိဂ်ကြာကြာလွှတ်ထားရင် . . .



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဖြစ်သွားမှာ အေးမလိုလားဘူး . . . ”

“ မောင်မင်းလွင်ဇော်ကို မမခင် လေ့လာမိသလောက်တော့ မဆိုးပါဘူး”

“ ဘာလို့မဆိုးရမှာလဲ . . . အေးအမြင်တော့ အတ္တများတယ် . . . ”

“ အေးက မကောင်းမြင်နေတာကိုး”

“ မမခင်က အကောင်းမြင်လွန်းနေပြီ ”

“ ကဲပါ အန်တီအေးရယ် ကိုမင်းလွင်ဇော်ကို သီသိပ်ကြာကြာ မလေ့လာပါဘူး နောက်ထပ်သုံးလေးလပါပဲ အဲသည့်အချိန် အတွင်းမှ သီ မနှစ်သက်ဘူးဆို ခေါင်းခါလိုက်ပါမယ် . . . ”

ကိုမင်းလွင်ဇော်နှင့် သီကြောင့်တော့ မာမီနှင့် အန်တီအေး အဆင်မပြေ မဖြစ်စေချင်ပါဘူး။ အန်တီအေး ပြောသလို အချိန်ကာလ ရှည်ကြာစွာ လေ့လာလွန်းတာလည်း မကောင်းပါဘူးလေ။ ရင်ခုန်ခံစားမှုမရှိဘူးဆို . . . ငြင်းပယ်လိုက်တာ အကောင်းဆုံးပါပဲ . . .။

အန်တီအေးလည်း မီးဖိုထဲဝင်သွားရော မာမီပြောလာပါတယ်။

“ အေးကြောင့်တော့ သီ့ဆုံးဖြတ်ချက်တွေ မလွဲချော်စေနဲ့ . . . အပျိုကြီးလုပ်မယ်ဆိုရင် တစ်သက်လုံးလုပ်နိုင်ရင် ကောင်းပါတယ်။ အိမ်ထောင်ပြုမယ်ဆိုရင်တော့ အရွယ်ရှိတုန်း





ပြုရမယ် . . . ကိုယ်က သိပ်အသက်ကြီး သားသမီးလေးတွေက ငယ် မကောင်းဘူးကွယ် . . . မောင်မင်းလွင်ဇော်မှာ ကြီးမားတဲ့ ချွတ်ချက် မရှိဘူးလို့ မာမီထင်တာပဲ”

“ ဟုတ်ကဲ့ပါ သီလည်း သိပ်အကြာကြီးတော့ လေ့လာ မနေပါဘူး မာမီ သီ တစ်ခုခုကို ရေရေရာရာ ဆုံးဖြတ်ချက် ချပါမယ် . . ”

ဘဝခရီးတစ်လျှောက်လုံး အတူလက်တွဲရမည့်သူ၊ လက်တွဲ သင့်ပါလျက် လက်လွှတ်လိုက်ရမည့်အဖြစ်၊ လက်လွှတ်သင့် ပါလျက် လက်တွဲလိုက်ရမည့် အဖြစ်။ မှားယွင်းသွားမည်ဆို တစ်ခုမှ မကောင်း. . .။

“ အေးက အတ္တများနေပြီ . . . သူ့ဘဝကို သူနှစ်သက်သလို စီစဉ်နိုင်သလို . . . သမီးတို့လည်း သမီးတို့ဘဝကို သမီးတို့ နှစ်သက်သလို စီစဉ်ပါ . . . ခက်နေတာက အေးဟာ ဘူမလေးယောက်မှာ . . . သီသီ့ကို အချစ်ဆုံး သည်တော့ ချန်တဲ့ လူတွေ အိမ်ထောင်ပြုတဲ့ အပေါ်မှာ သူ့ဘာမှ ခံစားရပေမယ့် သမီးကိုတော့ သူခွင့်မလွှတ်နိုင်ဘူးဖြစ်နေတာ”

“ အန်တီအေးကို သမီး နားလည်ပါတယ် ချစ်လည်း ချစ်ပါတယ်”

သီ့ကိုသိပ်ချစ်လို့ ဖြစ်နေတာသိထွေ အန်တီအေးအတွက် စိတ်မကောင်းပါဘူး။ ကိုမင်းလွင်ဇော်ကိုလည်း ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေး ကြည့်မရဖြစ်နေတာပါ။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ သံယောဇဉ်ဆိုတာ တွယ်ငြိပြီးရင်ဖြတ်ရခက် နေတော့မှာ။

“သည်နေကြာစေ့တွေကိုပဲ ဘာလို့စားနေရတာလဲ အာဟာရလည်းဖြစ်တာမဟုတ်ဘူး သွေးကျတယ်တောင် ပြောကြတာ သီလည်း ကလေးလိုပါပဲလား . . .”

အုတ်ခုံလေးပေါ်မှာ ထိုင်စကားပြောရင်း သီက နေကြာစေ့တွေ ခွာစားနေမိတာကိုး။ နီနီရဲ့ နေကြာစေ့ထုပ်တွေ အချဉ်ထုပ်တွေက အခန်းထဲမှာ အမြဲတမ်း အများကြီး ရှိနေတတ်ပါတယ်။ သီကတော့ စားချင်တဲ့အခါ ယူစားလိုက် တာပါပဲ။ ကြာလာတော့ နေကြာစေ့လေး တဖျောက်ဖျောက် ခွာစားရင်း ဟိုငေးသည်ငေး နေရတာ၊ ညီအစ်မနှစ်ယောက် စကားပြောရတာ သီနှစ်သက်လာတတ်တာကိုး . . .။ အခုလည်း အိမ်ရှေ့ထိုင်ခုံလေးမှာ ထိုင်ပြီး သူနှင့်စကားပြောတဲ့အခါ နေကြာစေ့တစ်ထုပ် ခွာစားနေမိ တယ်လေ. . .။





“ နေကြာစေ့စားတာ အပြစ်လား သီသည်လိုပဲ နီနီနဲ့ နေကြာစေ့စား၊ အချဉ်ထုပ်စား စကားပြောနေကျ ဖြစ်နေပြီ . . . ဘာလဲ အပို ပိုတ်ဆံတုန်တယ် ပြောဦးမှာလား . . .”

“ မဟုတ်လို့လား ”

“ ဟိုနေရာသည်နေရာ အသေးအဖွဲတွေမှာပါ အပို ပိုက်ဆံလိုက်တွက်နေရရင် အသက်ရှူလို့တောင် ရပါဦးမလား တိုမင်းလွင်ဇော်ရယ်”

“ သီ့လခကို အန်တီ့ဘယ်လောက် ပြန်ပေးလဲ ဘယ်လောက်ပိုသလဲ ဘယ်လောက်စုမိပြီလဲ . . .”

“ မာမီ့ကို တစ်ကျပ်မှ မပေးရဘူး ဘယ်တော့မှလည်း မပိုဘူး . . . တစ်ကျပ်မှလည်း မစုပါဘူး . . .”

“ အဲဒါ အပိုငွေတွေ သုံးတာများလို့ပေါ့ သီရဲ့ . . . သီသုံးသမျှ အန်တီက မုန့်ဘိုးတောင်ပြန်ပေးနေရတယ် မဟုတ်လား အဲလိုမျိုး ဖြစ်မှမဖြစ်သင့်တာပဲ . . .”

“ အသက်ရှူတွေ မွန်းကျပ်လာအောင် မလုပ်ပါနဲ့ သီ အဲလောက် မွန်းကျပ်တဲ့ဒါဏ် မခံနိုင်ပါဘူး . . .”

“ ဒါဆို သီ့ကို အပိုငွေတွေ အန်တီက မပေးတော့ဘူး ဆိုရင်ကော . . .”

“ ဘာလို့ မပေးရမှာလဲ ”

“ ဥပမာကွာ အန်တီက သီ့ကို အမွေအဖြစ် ငွေတော်းတော် များများပေးပြီထား . . . သီ အသုံးအစွဲမတတ်ရင် တုန်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပေါ့"

ရုတ်တရက်တော့ သူပြောတာ ဟုတ်နေလေတော့ ငြိမ်သက်စွာ နားထောင်နေပြီးမှ . . .

" အမွေအဖြစ်ငွေတွေရရင် သီ စီးပွားရေးတစ်ခုခုလုပ်မှာပေ့ . . . ဝင်ငွေတိုးလာအောင် ကြိုးစားရင် ဘာလို့ ကုန်သွား ရမှာလဲ"

"စီးပွားရေးလုပ်တယ်ဆိုလည်း ဝင်ငွေ ထွက်ငွေ မျှတအောင် ကြည့်တတ်ရမှာပဲ ဝင်ငွေနည်းပြီး ထွက်ငွေများနေရင် သီ့ရဲ့ စီးပွားရေး အလုပ်တွေ ကျရှုံးကုန်မှာပေါ့ . . ."

" နေကြာစေ့ တစ်ထုပ်စားမိပါတယ်. . ."

" မဟုတ်ပါဘူး သီ့ကို ပြောပြတာပါ အမှိုက်တေ ပြသာဒ်မီးလောင်ဆိုတာ ကြားဖူးလား. . ."

" တော်ပါတော့ . . . အသက်နည်းနည်းရှူပါရစေဦး . . ."

နီနီတို့နှစ်ယောက် အပြင်မှပြန်လာပြီပဲ။ သူတို့ကတော့ လက်ထပ်ဖို့ရက်ကလည်း နီးနေပြီ၊ ပျော်ရွှင်သာယာ ကြည်နူးမှုတွေကို ဘေးလူတွေတောင်မြင်နိုင်တာပဲ မဟုတ်လား

" သူတို့ကို မြင်ရတာ မောလိုက်တာ"

" ဘယ်လိုကြောင့်လဲ "

" ခမ်းနားကြီးကျယ်စွာ မင်္ဂလာဆောင်ဖို့အတွက် စိတ်ပင်ပန်းလူပင်ပန်းနေသလိုမို့ပါ . . . ကိုယ်တတော့





ပြောပြီးပြီလေ . . ."

" ဒါကတော့ ရှင့်သတို့သမီး သဘောကျရင် ပြီးတာပဲ"

" ကိုယ့်သတို့သမီးက သီသီထွန်းလေ . . ."

" သေချာလား "

" သေချာတယ်. . . သီပြုံးတာကလည်း . . . "

" သီ ပြုံးတာက ရှင့်ကိုယ်ရှင် အထင်ကြီးနေတာ သဘောကျလို့ပါ သီကြားဖူးတာ့တစ်ခုရှိတယ် အတ္တများတဲ့ လူတွေဟာ သူတို့ဘက် သူတို့ သိပ်အပိုင်တွက်သတဲ့ . . ."

" အတ္တဆိုတာ လူတိုင်းမှာရှိတာပဲ သီရဲ့"

" လူတိုင်းမှာအတ္တရှိပေမယ့် လူတိုင်း အတ္တမများဘူးရှင့် "

တစ်ခါတစ်ခါ သီ့ကိုယ်သီလည်း အံ့ဩနေမိပါတယ်။ သူနှင့် စကားပြောရတာ သိပ်အဆင်မပြေလှပါဘူး . . . ဒါပေမယ့် သူနှင့် စကားပြောရတာကို သီနှစ်သက်နေသလိုပါ . . .။ ကြာလာလျှင် သံယောဇဉ် ငြိတွယ်နိုင်သည်ဆိုတာ မှန်မှာပါ။ သံယောဇဉ် ငြိတွယ်သည်ထိတော့ သီမခံစားနိုင် . . .။

" မမသီရေ နီတို့ ကီးမားပလာတာတွေ ဝယ်လာတယ် လာ . . . စားရအောင် လာလေ ကိုမင်းလွင်ဇော်ကြီး. . ."

" နီနီတို့ကတော့ အပိုငွေကုန်အောင်လုပ်လာပြန်ပြီ ထမင်းစားထားတာတောင် မကြာသေးဘူး"

" သီသဘောပေါက်လာပြီပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



" ရှင်နဲ့ ကြာကြာနေတော့လည်း သဘောတွေပေါက်လာရတာပေါ့ရှင် တဲပါလာပါ ဝယ်တဲ့လူတွေဝယ်လာတော့လည်း စားလိုက်ကြတာပေါ့။ သူတို့ အပိုငွေကုန်တာသိတို့ 'ကုန်တာမှ မဟုတ်ပဲ . . . "

" အင်းလေ . . . . ကိုယ်ကုန်တာမဟုတ်ရင်တော့ ကောင်းတာပေါ့ . . . "

" ထင်ပါတယ် . . . "

နီနီတို့နှစ်ယောက်နှင့်အတူ မာမီပါရှိနေတယ်လေ။ အန်တီအေးကတော့ ကိုမင်းလွင်ဇော်ရှိနေရင် စကားသိပ်ပြောတာမှ မဟုတ်တာပဲ။ နီနီတို့နှစ်ယောက်က လက်ထပ်ပြီး ဟန်းနီးမွန်း ခရီးစဉ်တွေကို ပြောနေလိုက်ကြတာ။ နီနီစိစဉ်သမျှ တင်အောင်ထိုက်က ကောင်းနေတာချည်းပါပဲ။

" မမသီတို့ကျရင် . . . "

နီနီ့စကား ရှေ့မဆက်နိုင်တော့ပါဘူး။ အန်တီအေးက ဒန်အိုးအဖုံးကြီးကို လွတ်ကျသယောင်နှင့် လွှတ်ချလိုက်ပါတော့တယ်။ ဂွမ်းဆိုတဲ့ ဆူဆူညံညံအသံကြီးကြောင့် နီနီလည်း ရှေ့မဆက်နိုင်ပဲ ပါးစပ်ပိတ်ထားလိုက်ရတော့တယ်လေ. . .။





"အန်တီအေးက နင့်ကိုသိပ်ချစ်တာပဲနော် "

" ဟုတ်တယ် . . . သူ့ကိုလည်း နားလည်ပါတယ်ဟာ . . . သိကိုပိုချစ်တော့ သူနဲ့ခွဲသွားမှာ မကြိုက်ဘူးပေါ့ ဒါကြောင့်လည်း ကိုမင်းလွင်ဇော်ကို အလိုလိုမုန်းနေလေတော့တာ . . . "

" အန်တီအေး အလိုလိုမုန်းတယ်ဆိုတော့ နင်က အလိုလိုချစ်နေပြီလား . . . "

" မချစ်ပါဘူး . . . "

" ချစ်ချင်သလိုလိုရော မဖြစ်ဘူးလား "

" မဖြစ်ပါဘူးဟယ် . . . "

သီကိုယ်တိုင်လည်း သူနှင့်ပတ်သက်ပြီး ခပ်မြန်မြန်ပဲ ဆုံးဖြတ်မယ်လို့ တွေးထားပြီးသားပါ။ ငြိတွယ်တတ်သောခံစားမှုမှာ မနစ်မြုပ်ချင်ပါဘူး . . .။

" နီနီတို့ မင်္ဂလာဆောင်ဝတ်ဖို့ အင်္ကျီရပြီဟာ . . . ဝတ်ကြည့်တော့. . . "

" မကြိုက်တော့ဘူး မဟုတ်လား"

" အေးဟာ. . . ပွနေသလိုလိုမို့ သီလိုက်မြန်တော့လည်း ကြပ်နေသလိုလို . . . "

" နင်ဟာလေ အဝတ်အစား သိပ်ဇီဇာကြောင်တာပဲ . . . နင်နဲ့ မမစီ အတူတူပဲ မမစီလည်း ဗိုက်ဖုံးအင်္ကျီကို ထည်လဲပြီးဝတ်နေတာ . . . မွေးပြီးတော့ ဘာမှအသုံးဝင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်ဘူး အပိုတွေ . . .”

ပြောမိပြီးမှ သီ ရယ်မိပါတယ်။

အပိုတွေဆိုသော အသုံးအနှုန်းက သို့ဆိုက်ရောက်နေပါရောလား။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးတော့ဖြစ်နေပြီထင်ပါရဲ့ . . .။ ဒါပေမယ့် မမစီဆီမှာ အဝတ်အထည်တွေ အများကြီးရှိတာလည်း ပိုနေတာပဲ မဟုတ်လား . . .။ ဒါမျိုးကိုတော့ သီလည်း တွေးတတ်ပြီး နဂိုရ်ကကို မနှစ်သက်လှပါဘူး။

“ နင်ရော ဘာဝတ်မလဲ”

“ အန်တီအေး ချုပ်ပေးပြီးပါပြီ ဇာလေးတွေပါပဲ . . . မီးခိုးရောင် ဖျော့ဖျော့လေးပါ . . . ငါကိုယ်တိုင်က တောက်တောက်ပပမှ မကြိုက်တာ”

“ လုပ်ပြီ . . . အန်တီအေးက သူ့ အဖွားကြီးဖြစ်တိုင်း . . . သီ့ကိုပါ အဖွားကြီးကြိုက်တွေ ဆင်တော့တာ”

“ ငါကိုယ်တိုင်လည်း ဘယ်တုန်းက တောက်တောက်ပပကြီး ဝတ်လို့လဲဟာ . . .”

“ နင့်လိုပဲ ကောင်းတယ် အဝတ်အစားဖိုး မကုန်ဘူး ကိုမင်းလွင်ဇော်က နင့်ကိုရရင် အဝတ်အစားဖိုးကုန်မှာ မဟုတ်ဘူး”

“ တော်ပါတော့ နဂိုရ်ကမှ စည်းစနစ်တွေ ကျပ်တည်း





လွန်းတဲ့လူက ချွေတာတတ်ရင်အကြိုက်ပေါ့ . . .”

သီက အဝတ်အစားကို အန်တီအေး ချုပ်ပေးတာပဲ ဝတ်တတ်သလို အစားအသောက်ကျတော့ရော . . .။ အန်တီအေး ကောင်းပေ့ဆိုတာ ချက်ကျွေးသမျှ သီ အကောင်းကြိုက်နေတယ်လေ။ အစားအသောက်ကိုတော့ ဖြစ်သလို မစားနိုင်တော့ပါဘူး . .။ သူပြောသလို ဟင်းခွက်တွေ မများဘူးဆိုရင်တောင် . . . လက်ရာကောင်းသော ဟင်းကောင်းတစ်ခွက်တော့ သီစားချင်ပါတယ်။

ဟင်းကောင်းကောင်းလေးတစ်ခွက်လောက် သီစားတာကိုတော့ သူ ဘာမှပြောမည်မထင်ပါ။ သည်သို့ဆိုလျှင် သူ့ကိုသီလက်ထပ်ဖို့ရော စဉ်းစားနေမိတာလား။

လက်ထပ်လျှင်ဆိုတာကတော့ စဉ်းစားရမှာပေါ့ ။

“ နင့်လူကြီး လာနေပြီ မြန်တော့လေ . . .”

“ ဘိုးတိုးပြောစမ်းပါဟယ် . . . ကြားသွားပါမယ် . . .”

ဟန်နီကတော့ ဘယ်လိုပြောပြောမရပါဘူး။

သူ့ကို လှမ်းအော်နှုတ်ဆက်လိုက်ပါသေးတယ်။

“ ကိုမင်းလွင်ဇော်ကြီး . . . ဟန်နီ့သူငယ်ချင်း ပိန်သည်ထက် ပိန်သွားအောင် လမ်းလျှောက်ခေါ်သွားတော့နော် . . .”

အတူတူလျှောက်လာခဲ့ပြီးတော့မှ . . . သူကမေးတော့လေ။ ဟန်နီ့ကို သီက အမြန်အတူလျှောက်တာ ပြောပြသလားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပဲ ပြောပြတာပေါ့လို့ ပြောလိုက်လေ။

" ဟန်နီက ကိုယ့်အကြောင်းဘာပြောလဲ ကိုယ့်ကို ချစ်သင့်မချစ်သင့်ရော ဘာပြောလဲ"

" သူ ဘာပြောပြော အရေးမပါပါဘူး . . . သို့ဘဝ ခရီးဖော်ကို သူတို့ဘာပြောပြော . . . သီရွေးမှာ ဟန်နီတ နှစ်သက်တယ်ဆိုတိုင်းလည်း မရွေးဘူး သို့သဘောပါ"

" ဟုတ်ပါပြီ ဟုတ်ပါပြီ"

တကယ်ဆို မာမီက သူနှင့်သို့ကို သဘောတူနေတာပဲ။ ဒါပေမယ့် သီနှင့် လက်ထပ်ရမှာ သို့ဘာသာပဲရွေးချယ်ချင် ပါတယ်။ အတူလျှောက်လာခဲ့ရင်း တစ်ခုခုစားချင်တယ်လို့ ပြောလိုက်တော့ သို့ကို လှမ်းကြည့်နေတယ်လေ။

" ဘာကြည့်တာလဲ အိမ်ပြန်ရောက်ရင် ထမင်းစားရဦးမှာ အခုဝယ်စားတဲ့ မုန့်တွေက အပိုကုန်တာ . . . မစားသင့်ဘူး ပြောမလို့ကြည့်နေတာလား . . . ရှင်ပြောတတ်တဲ့စကားတွေ သီ အလွတ်ရနေပြီ သည်နေ့တော့ အပိုပဲကုန်ကုန် အလိုပဲ ကုန်တုန် သီမုန့်ဟင်းခါးစားမယ် ပြီးရင် ကော်ဖီတစ်ခွက် သောက်မယ် . . ."

" စားလေ "

" ကိုမင်းလွင်ဖော်ပါ စားရမယ် . . ."

" ကိုယ်မှ မစားချင်တာ"





" ဘာလို့လဲ ရှင်ရှင်းရမှာ စိုးရိမ်လို့လား . . ."

သူ ပြုံးသက်နေပါတယ်။

သိသိတာပေါ့။ သီတို့နှစ်ယောက်စားသမျှ နေ့တိုင်း သူမရှင်းနိုင်ဘူးလေ . . . ဒါကြောင့်သူဘယ်တော့မှ မစားဘူး။ သီကတော့ သို့ဘာသာစားတဲ့အခါ သို့ဘာသာပဲ ရှင်းလိုက် တာပါ။ သူရှင်းပေးလည်း သီမှ လက်မခံတာ။

မုန့်ဟင်းခါးနှစ်ပွဲ

ကော်ဖီနှစ်ခွက်

သီမှာချင်သလို မှာလိုက်တယ်။

သူဘာမှတော့ မပြောပါဘူး။

" ကိုမင်းလွင်ဖော် အခုအလုပ်အပြင် တခြားအလုပ်တစ်ခုခု လုပ်မယ်လို့ရော မတွေးမိဘူးလား"

" ကိုယ်ဘာလုပ်ရမှာလဲ"

" သို့ သူငယ်ချင်းရဲ့ ယောက်ျားဆို သီတို့ရွာမှာလည်း အလုပ်လုပ်တယ် ညနေပိုင်း . . . ကျူရှင်လည်းပြတယ် . . . တစ်ခါတစ်လေ ပန်းရံလည်းဝင်လုပ်တယ် . . . ဝင်ငွေ အမျိုးမျိုးရအောင်ရှာတယ် . . . အဲဒါမျိုးပေါ့ "

သီသည်လိုပြောတော့ ပြုံးနားကောင်နေပါတယ်။

ပြီးတော့မှ သူ့အလုပ်ကလွဲပြီး ဘာမှမလုပ်တတ်ဘူးတဲ့။ တခြားဘာလက်မှုပညာမှလည်း မတတ်ဘူးတဲ့လေ . . .။



www.burmeseclassic.com

www.burmeseclassic.com



“ အန်တီမှတို့မှာရှိတဲ့ ငွေတွေနဲ့ရော စီးပွားရေးတစ်ခုခုလုပ်ဖို့ မစဉ်းစားဘူးလား. . . ”

“ ကိုယ်မှစီးပွားရေးမလုပ်တတ်တာ . . . ကိုယ့်အခုလည်း အလုပ်ကို ရိုးရိုးသားသားလုပ်နေတာပဲ . . . နောက်ကို တိုးတက်လာမှာပေါ့ . . . ”

“ ဘယ်လောက်ထိ တိုးတက်မလဲ . . . ”

“ ရနိုင်သမျှအပေါ် ချွေတာရောင့်ရဲမှုရှိမှ စိတ်ချမ်းသာ လိမ့်မယ် . . . ”

“ ဟင့်အင်း . . . သီကတော့ မချွေတာနိုင်ဘူး . . . အလုပ်တစ်ခုထက်ပိုပြီး လုပ်ချင်လုပ်မယ် . . . ပိုရှာပြီးသုံးမယ် . . . ရှင့်လောက်တော့ မချွေတာနိုင်ဘူး . . . ”

သီသည်လို ပြောတော့ သူငြိမ်သက်စွာ နားထောင် နေပါတယ်။ သူနှင့်သီ စိတ်ဓာတ်ချင်းတော့ ကွာခြား နေပြီလားမသိ . . .။ ပြောလိုက်ရင်တော့ မိဘမှာရှိတာ သားသမီးနဲ့ မဆိုင်ဘူးပြောဦးမှာ။ သီဖြင့် သူ့လိုတစ်ခါမှ မတွေးပါဘူး။ သီတို့ ညီအစ်မလေးယောက်ကို မာမီကလည်း တစ်နေ့ အညီအမျှ ခွဲဝေပေးမှာပါပဲ. . .။

“ သီဖြစ်စေချင်တာကွေ့ ကိုယ့်ကို ပြောပြထားပေါ့ . . . ကိုယ်တတ်နိုင်သရွေ့ ကြိုးစားဖြည့်ဆည်းမယ်”

“ ရမယ်ထင်လို့လား”





“ ကြိုးစားမှာပေါ့ . . . ”

အနှစ်အစိတ်လောက် ငြိတွယ်လာတဲ့ အကျင့်တွေကို မိန်းမတစ်ယောက်ကြောင့် ဖြည့်ဆည်းမည်ဆို လွယ်မှာတဲ့လား။ ဗီဇဆိုတာ ဘယ်လိုဖျောက်ဖျက်နိုင်မှာတဲ့လဲ . . .။

အမြန်ဆုံး ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်တယ်ဆိုတာ . . . သီသိနေပါတယ်။

ဒါပေမယ့် သီဘယ်လိုဆုံးဖြတ်ရမည်တော့ အဖြေမသိနိုင် သေးပါ။

“မမသီ နီ လှလှားဟင် ကြည့်ပါဦး”

အိမ်ရှေ့ဧည့်ခန်းမှာ မာမီနှင့် ကိုမင်းလွင်ဇော် စကား ပြောနေလို့ သီက ကော်ဖီဖျော်ယူလာပေးခိုက် အခန်းထဲမှ နီနီ ထွက်လာပါတယ်။ ရွေးယူလာပြီးသော သတို့သမီးဝတ်စုံကို ဝတ်ကြည့်ပြီး အပြင်ထွက်လာတယ်လေ။

“ လှတယ်နီနီ . . . ဒါပေမယ့် အကျီ နည်းနည်းပွနေတယ်”

“ ဟုတ်တယ်နော် နည်းနည်းပွနေတယ် သီလိုက်ပေးယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးဝတ်စုံလေးဝတ်ထားသော နီနီ့ကို ကိုမင်းလွင်ဇော် ဖျတ်ခနဲလှမ်းကြည့်ပါတယ်။ လှတယ်လို့တော့ သူတွေးမှာ မဟုတ်ပါဘူး။ သည်ဝတ်စုံရဲ့တန်ဖိုး အတော်ပေးရမှာလို့ပဲ သူတွေးမည်သေချာပါတယ်။

" သိပ်ဈေးကြီးမှာပဲလို့ တွေးနေသလား ကိုမင်းလွင်ဇော်"

သီသည်လိုပြောတော့ သူပြုံးသွားပါတယ်။ မာမီကလည်း ရယ်နေတယ်လေ . . .။

" ကျွန်တော် ဘာတွေတွေးတတ်တယ်ဆိုတာတောင် သိသိနေပြီလား . . ."

" သိတာပေါ့ရှင် အဲလိုမျိုး တစ်ယောက်စိတ်ကို တစ်ယောက်သိအောင်လည်း လေ့လာနေကြတာမဟုတ်လား သိသင့်တာပေါ့"

" မောင်မင်းလွင်ဇော်က မင်္ဂလာဆောင်ကို ခမ်းနားကြီးကျယ်စွာ လက်ထပ်တာ မနှစ်သက်ဘူးပေါ့ . . . ဟုတ်လား"

" ဟုတ်ကဲ့ . . ."

" မာမီရယ် မင်္ဂလာဆွမ်းကျွေးတာတောင် မဖြစ်လို့ဝါ ကိုမင်းလွင်ဇော်က ရုံးတက်လက်မှတ်ထိုးပြီး ဘယ်သူ့မှလည်း ဘာမှမကျွေးပဲ သတို့သားနဲ့ သတို့သမီး တစ်နေရာရာ သွားပုန်းနေချင်တာ . . ."

သီ့အပြောကြောင့် မာမီက အားပါးတရ ရယ်တော့





တာပါပဲ. . .။ သူကတော့ မပြုံးနိုင်ရှာပါပဲ . . . သီ့ကို ကြည့်နေတာ။

" အမှန်ကတော့ မင်္ဂလာဆောင်တယ်ဆိုတာ . . . ကျွန်တော်တို့ ကျွန်မတို့ တစ်အိုးတစ်အိမ် ထူထောင်ကြပါတော့မယ်လို့ဆိုလိုတာ. . . ပတ်ဝန်းကျင်အသိုက်အဝန်းတွေက လိုမယ်ထင်သမျှ အိမ်ထောင့်ပစ္စည်းလေးတွေပေးကြတယ် ပျော်ရွှင်စွာနဲ့ သူတို့ရဲ့စေတနာကို အသိအမှတ်ပြုစွာ ပြန်ပြီး ဧည့်ခံကျွေးမွေးကြတဲ့သဘောပါပဲ . . . သူတို့ဆီကဘာမှ မယူဘူး သူတို့ကိုလည်း ဘာမှ မကျွေးဘူးဆိုလည်း ရတာပါပဲ . . . သီပြောတာဟုတ်လား ကိုမင်းလွင်ဇော်"

" သီသီ သမီးကတော့လေ မောင်မင်းလွင်ဇော်ကို မနေတတ်အောင် စနေရသလား . . ."

" မစပါဘူး သီအတည်ပြောနေတာပါ . . . တကယ်ပဲ. . . အပျော်ရွှင်ဆုံးအချိန်မှာ အရှုံးအမြတ်တွက်နေရမယ်ဆိုရင်တော့ မင်္ဂလာဆောင်ရတာ မကောင်းတော့ပါဘူး. . ."

မိတ်ဆွေသူငယ်ချင်းတွေကို စုပြီး ကျွေးမွေးဧည့်ခံ စားပြောရတာမို့ ငွေရှိရင်တော့ ခမ်းနားကြီးကျယ်စွာလုပ်လည်း ရတာပါပဲ။

" မောင်တင်အောင်ထိုက်လာနေတယ် နီနီရေ . . ."

တင်အောင်ထိုက်ကတော့ သည်ရက်တွေမှာ ညဘက်



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်မှ ပြန်တော့တာ။ နီနီနှင့် မင်္ဂလာပွဲအတွက် သွားလာပြင်ဆင်နေတာ တစ်နေကုန်ပါပဲ။ တင်အောင်ထိုက်နှင့်နီနီကလက်ထပ်တော့မှာမို့ သွားလာနေတာထား။ သူကလည်းအလုပ်ပိတ်ရက်ဆို သီတို့အိမ်ကို နေ့တိုင်းလို လာနေတာပဲမဟုတ်လား . . .။

" မမသီ . . . နီတို့နဲ့ ဈေးလိုက်ခဲ့ပြီး အင်္ကျီဝယ်ပါ "

" မဟုတ်တာ. . . မဝယ်ဘူး အန်တီအေးချုပ်ပေးတဲ့အင်္ကျီပဲ ဝတ်မယ်"

မမသီကလည်းလေ . . . အဲသည့်မီးခိုးရောင်အင်္ကျီ မှိန်မှိန်ကြီး မဝတ်ပါနဲ့ အရောင်မထွက်ပါဘူး မမသီကိုလည်း သတို့သမီး အစ်မဆိုပြီး လူတွေကဝိုင်းကြည့်ကြမှာ သူ့အစ်မချုပ်ထားတဲ့ ဝတ်စုံ ပြချင်တယ်. . . လိမ္မော်ရောင် ဖိတ်ဖိတ်တောက်နေတာပဲ . . . "

နီနီကလည်းလေ။

သီဝတ်မည့် မီးခိုးရောင်ဝတ်စုံကို မြင်ပြီးကတည်းကအသစ်ဝယ်ဖို့ချည်း ပြောနေတော့တာ။ သီဖြင့် သတို့သမီးအစ်မမို့သာ တော်ရုံ မင်္ဂလာဆောင်ဆို အဲလိုမျိုး အဝတ်အသစ်တွေ မဝတ်ချင်လို့ ဘယ်မှ မသွားဘူး။ တင်အောင်ထိုက်အမေက လှလည်းလှတာပဲ ဝတ်ပါစေ သူနှစ်သက်လို့ သူဝတ်တာဘယ်လောက်တောက်ပါစေ သီနှင့်ဘာဆိုင်လို့လဲ. . .။





" ငါ့ဘာသာအေးအေးနေပါရစေ နီနီ အန်တီအေးချုပ်ပေးတဲ့ အင်္ကျီပဲ ကြိုက်ပါတယ် . . . ငါအဲလိုတောက်တာတွေ မနှစ်သက်မှန်း နင်သိလျက်နဲ့ . . . နောက်ထပ်တစ်စုံလည်း မဝယ်ပါနဲ့ ပိုက်ဆံအပိုကုန်တယ် "

သို့ကိုသူဖျတ်ခနဲ လှမ်းကြည့်လိုက်တာတွေ့ပါတယ်။ ဝတ်စရာရှိနေပြီပဲ နောက်ထပ်ဝယ်တယ်ဆို နောက်ထပ်အပိုကုန်တာပဲ မဟုတ်လား။

" နီတို့ ပိုက်ဆံနဲ့ ဝယ်ပေးပါမယ် မမသီရာ"

" ဘယ်သူ့ ပိုက်ဆံဖြစ်ဖြစ် အပိုကုန်တဲ့အလုပ် မလုပ်နဲ့ ငါအခုအင်္ကျီကိုကြိုက်တယ် ကြိုက်လို့ကို အန်တီအေးနဲ့ရွေးဝယ်လာတာ . . . နီနီ နင်က ငါ့ကိုချစ်တာဆို ငါဝတ်တဲ့အဝတ် ဂရုမစိုက်နေနဲ့ . . . တော်ပြီ နောက်တစ်ခါထပ်ပြောရင်နှင့်မင်္ဂလာဆောင်ပါ ငါမလာပဲ နေလိုက်မယ်. . . "

" မမသီ သိပ်ခေါင်းမာတာပဲ မာမီ . . . "

" သူကြိုက်တာ သူဝတ်ပါစေ နီနီရယ် . . . "

" ငါမဝယ်ခင် မချုပ်ခင်တည်းက နင်လိုက်ခဲ့ပြီး ပြောပါလားအခုချုပ်ပြီးမှတော့ ဘာလို့ နောက်တစ်ခါအကုန်ခံမှာလဲ"

" အခုဝတ်စုံကို တစ်ခြားမင်္ဂလာဆောင်တစ်ခုခုမှာဝတ်လိုက်ပေါ့ နီဝယ်ပေးမှာပါဆိုမှ "

" ဟင့်အင်း . . . ငါကတော်ပြီဆို တော်ပြီပဲ . . . "



www.burmeseclassic.com

www.burmeseclassic.com



နီနီ့ရှေ့ကြာကြာနေရင် စကားတွေက သည်အကျီထပ်ဝယ် ဖို့မှာ မဆုံးနိုင်မှာစိုးလို့ ပန်းပင်တွေ ရေလောင်းမယ်ဆို ထွက်လာခဲ့ ပါတယ်။ ခဏနေတော့ သိအနားကို သူရောက်လာခဲ့ပါပြီ။

" ကျွန်တော် တစ်ခုတော့ ထိတ်လန့်လာတယ်"

" ဘာလဲ ပြော"

" သီက ဒါဆိုဒါပဲ တစ်ခုခုဆို မပြင်တော့ဘူးနော် "

" မပြင်တော့ဘူးဆိုပေမယ့် ဆုံးဖြတ်ချက်မချခင် လေ့လာ တတ်ပါတယ်။ ပြီးစလွယ် ဆုံးဖြတ်တာမဟုတ်ပါဘူး"

" ကျွန်တော့်ကို ခေါင်းခါမယ်ဆိုရင်လည်း ပြန်စဉ်းစား ပေးမယ့်ပုံမရှိဘူးထင်တယ် . . . ။

သိငြိမ်နေလိုက်တယ်လေ။ ခေါင်းခါပြီဆိုမှတော့ ဘယ်ပြန် စဉ်းစားပါတော့မလဲ . . . ။ သိဟုတ်တယ်ဆိုပြီး ခေါင်းညိတ် လိုက်ပါတယ်။ ရှင့်ကိုသိပေးမယ့် အဖြေဟာ ခေါင်းညိတ်သော အဖြေရော မဖြစ်နိုင်ဘူးလား။

ပြောနိုင်သည်လား။

သံယောဇဉ်ဟူသည် ရင်ဝယ်ငြိတွယ်နေတတ်သည် ဘယ်သူ မြင်နိုင်သည်လိုက်လို့ . . . ။

ချစ်ခြင်းများစွာနှင့် ခေါင်းညိတ်ချင်လည်း ညိတ်မိနိုင်မှာပါ။

" သိ ခေါင်းညိတ်လိုက်ရင်တော့ ကျွန်တော် သိပ်ပျော် ရမှာပါပဲ . . . "

ရေရာသော အဖြေတစ်ခု မရှိလေတော့ သိ ဘာမှပြန်မပြော





နိုင်ခဲ့ပါဘူး။ ခြံစည်းရိုးဘေးပေါက်နေသော စွယ်တော်ပင်ကြီးမှ ဝန်းပွင့်ပန်းရောင်လေးကို မြင်နေရတယ်။

အချစ်ကို ဦးနှောက်နှင့် သိစဉ်းစားနေမိပါသလား။

လှလိုက်တာနီနီရယ် . . . ။ သိ ညီမလေးက သတ္တိသမီးဝတ်စုံလေးနှင့် သိပ်ကိုလှပနေတာပါလား။ နီနီ့ရဲ့ ပျော်ရွှင်မှုတွေကလည်း သူမကို ပိုပြီးလှပစေတာလားလည်း မသိနိုင်။ တင်အောင်ထိုက်ကလည်း သူ့သတို့သမီးကို မျက်ဝန်း တွေအောက် အပျောက်မခံနိုင်သလို တစိမ့်စိမ့်နဲ့ ခဏခဏ ကြည့်ပါတယ်။

" နီနီသိပ်လှတာပဲ"

" သိဆို ပိုတောင် လှဦးမယ် "

" ဟယ် လျှောက်ပြောနေပြန်ပြီ"

ကိုမင်းလွင်ဇော်က သိဆိုပိုလှမယ်ဆိုတော့ တာနီက ချောင်းဟန့်တယ်လေ။ ဒါမျိုးတော့လည်း ပြောတတ်သား[illegible] တီးတိုးရေရွတ်နေသေးတာ။

" ခုချိန်တော့ သိပ်ပျော်နေတာပေါ့ [illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



ဘာသံတွေကြားရဦးမယ် စောင့်သာကြည့် . . .”

အန်တီအေးတလည်း မင်္ဂလာဆောင်နေပါတယ်ဆိုတဲ့ အချိန်တောင် အားမနာ၊ သူပြောချင်ရာပြောနေတာ၊ အတူရှိနေတဲ့ဝိုင်းမှာ သူစိမ်းမပါလို့သာ တော်တော့တယ်၊ မမကြည်တို့ စုံတွဲလည်း ဝိုင်းထဲမှာ အတူရှိနေကြတယ်လေ၊ အစ်ကိုကြီးကတော့ အန်တီအေး ရှိနေရင် ငြိမ်နေတတ်ပါတယ်၊ သူ့ကိုလည်း အားနာတတ်တာမှ မဟုတ်တာ၊ အစ်ကိုကြီးတို့ အစ်ကိုလတ်တို့တွေက အန်တီအေးကိုလန့်လည်း လန့်တယ်၊ ပြီးတော့ တစ်ခါတစ်လေမှ မထင်ရင်မထင်သလို ပြောတတ်တဲ့ သီကိုလည်း စိတ်ရှုပ်မှာအမှန်ပါ၊ အခုတော့ အစ်ကိုလတ်က အရက်သောက်ဆင်ခြင်ပြီဆိုတော့ အရင်လောက်တော့ ပြောစရာမရှိပြန်ပါဘူး၊

“ အန်တီအေးရယ် လင်မယားဆိုတာ သည်လိုပေါ့ နှစ်ယောက်စလုံးမှာ အကောင်းအဆိုးတော့ ရှိကြမှာပါပဲ . . . အဆိုးတွေကို လင်မယားဆိုတဲ့ အသိစိတ်နဲ့ ညှိနှိုင်းပြီး လျှော့တန်တာလျှော့မယ်ဆိုရင် ပြဿနာနည်းမှာပါပဲ . . .”

“ အိမ်ထောင်သည်တွေက မပြောရဘူး မရှေ့သီတာ အိမ်ထောင်ရေးညှိနှိုင်းနည်း ပြောနေတယ် . . . သိပ်အားတက် မနေနဲ့ . . . အပေါ်ယံ ရှေ့မှုကြဆိုတာ ဒါမျိုးတွေဟဲ့ . . .”

“ အားမကျပါဘူး အန်တီအေးရယ် . . . သီ အဲလိုဲ





နားလည်လို့ ပြောတာပါ . . . အားကျတတ်ရင် သီကအကြီးပဲ နိုနိုအရင်တောင်မှ အိမ်ထောင်ပြုမှာပေါ့ သီ အားမကျပါဘူး၊ သီက အန်တီအေးလို အပျိုကြီးလုပ်မှာ . . .”

သီခုလိုပြောတော့ ဟန်နီက လှောင်ရယ်ရယ်ပါတယ်၊ မမကြည်ကတော့ ပြုံးရင်းဘာမှမပြောပါဘူး၊ ကိုမင်းလွင်ဖော်တတော့ သီ့ကို လှမ်းကြည့်နေတယ်၊ အပျိုကြီးလုပ်မယ်ဆိုရင် သူ့ကို ငြင်းလိုက်တာနဲ့ အတူတူပဲပေါ့ . . .၊ သီလည်း ကိုယ့်ဘဝတစ်လျှောက်လုံး အတူမနေပါဘူးဆိုတဲ့ လူတစ်ယောက်ကို သွားအတူ လာအတူ တပူးတွဲတွဲနေဖို့ မသင့်ဘူးလေ၊ ကြာရင် ပတ်ဝန်းကျင်လည်း အမြင်မကောင်းပါဘူး၊ သီတို့ အလုပ်တိုက်ထဲကတောင် အခုဆို သူနှင့်သီ့ကို ချစ်သူတွေလားလို့ မေးလာကြပါတယ်၊ သီကတော့ ပွင့်ပွင့်လင်းလင်းပေါ့၊ အလုပ်ထဲမှာ အင်မတန်စပ်စုပြီး အင်မတန် အတင်းပြောတတ်တဲ့ အန်တီဒေါ်ခင်ဝိုင်းကို သူနှင့်သီ့ကို မိဘတွေက သဘောတူပေမယ့် လေ့လာနေကြတာလို့ အမှန်အတိုင်း ပြောပြလိုက်ပါတယ်၊ သီတွက်ထားသလို အားလုံးက အဖြစ်မှန်ကို သိသွားကြတာပေါ့လေ၊

စိတ်သဘောထားချင်း လေ့လာတာက အချိန်သိပ်ကြာ လို့တော့ မကောင်းဘူးပေါ့လေ သည်တော့လည်း သီ ဆုံးဖြတ်ချက် ချရတော့မှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



"ညနေကျရင်တော့ သို့ကို တောင်းပန်တယ် ဟန်နီမလာနိုင်တော့ဘူးနော် . . . သည်ညနေ ပဲခူးသွားရမှာမို့ပါ "

" ရတယ်ဟန်နီ . . . "

ညစာကို တင်အောင်ထိုက်နှင့် နီနီက နှစ်ဘက်ဆွေမျိုးအရင်းတွေနှင့် နှစ်ဘက်အခင်ဆုံး သူငယ်ချင်းတွေကို ကျွေးဦးမယ်လို့ စီစဉ်ထားပါတယ် . . . ။ ကိုမင်းလွင်ဇော်ကိုလည်း ဖိတ်ထားပါတယ်။ သူ့ကိုလည်း နီနီက ဆွေမျိုးစာရင်းထဲများ ထည့်ထားလေသလားမသိ။

နီနီကတော့ မမသီ သေချာလေ့လာ၊ ခွင့်လွှတ်နိုင်တဲ့ အပြစ်မျိုးပဲ ရှိတာဆိုရင်တော့ . . . လက်ခံလိုက်ပါ မမသီ။ ကျောက်ကောင်းမှန်ရင် အနာအဆာနဲ့ မလွှတ်ပါဘူးလို့လည်း ပြောသေးတယ်။ တော်တော်ကြာ မယူနဲ့မမသီ . . . တော်တော်ကြာယူလိုက် မမသီနဲ့ ရှုပ်နေတာပါပဲ။

" ညနေကျမှ ကိုယ်စောစောလာခဲ့တော့မယ် . . . အိမ်ပြန်မလိုက်တော့ဘူးနော် သီ . . . "

" ကောင်းပြီလေ ညနေတော့ စောစောလာနော် . . . "

" စိတ်ချပါ ကိုယ့်ကိုစောင့်မနေစေရပါဘူး . . . "

မာမီ အန်တီအေးနှင့် သီတို့အရင်ပြန်လာခဲ့ကြပါတယ်။ နီနီကတော့ သူယောက္ခမတွေအိမ် ခဏလိုက်သွားဦးမည်တဲ့။ သူတို့အတူနေမည့် တိုက်ခန်းကလည်း အဆင်သင့်ရှိ





နေပြီပဲ . . . ။ နီကတော့ သူ့အနာဂတ်ကိုသူ အားတက်မျှော်လင့်စွာဖြင့် ပျော်ရွှင်နေရောပေါ့ . . . ။ အန်တီအေးကတော့ . . . သူတို့ မင်္ဂလာဆောင်တော့လည်းမော၊ မင်္ဂလာဆောင်ပြီး ပြဿနာတွေရှာတော့လည်းမော။ ခက်ပါတယ် အမျိုးကြီးလုပ်ပါ အမျိုးကြီး လုပ်ပါဆို . . . ပြောမရဆိုမရတွေနဲ့လို့ တတွတ်တွတ် ပြောနေတော့တာ . . . ။

" အေး . . . "

မာမီရဲ့ အေး ဆိုတဲ့ စကားတစ်ခွန်းဟာ အတော်တော့ ထိရောက်ပါတယ်။ အန်တီအေး နောက်ထပ်မပြောတော့ပါဘူးလေ။

" မောင်မင်းလွင်ဇော် မသောက်တတ်ဘူးလား"

မာမီက သူ့ကို မေးနေပြီ။

ညနေပိုင်းမှာက တင်အောင်ထိုက်သူငယ်ချင်းတွေကလည်း အများကြီးပါတယ်လေ။ အမျိုးတွေကလည်း ငယ်ရွယ်သူတွေပါလေတော့ . . . အရက်ဝိုင်းလည်းပါနေတာပေါ့လေ . . . ။ ကိုမင်းလွင်ဇော်ကတော့ သီတို့ဝိုင်းမှာပဲ ငြိမ်ထိုင်နေလေတော့ မာမီ့ကဖြင့် အံ့သြနေတော့တာ။

" သောက်တတ်ရင် သွားသောက်နော် . . . သောက်တတ်ပါရက်နဲ့ နာမည်ကောင်းရအောင် ဟန်ဆောင်မနေနဲ့ ဟန်ဆောင်နေတယ်ဆိုတာ ခဏပဲကောင်းတယ် . . . နောက်တော့ ဘူးပေါ်သလိုပေါ်လာတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးတို့များ ချက်ချင်းပြောတော့တာ၊ အားမနာတတ်သလို . . . တကယ်သာဆို အတော်စိတ်ပျက်ရောပါပဲ၊

" ကျွန်တော် အရက်သောက်တတ်ပါတယ်။ အရက်ကို နှစ်သက်တဲ့စိတ်လည်း ရှိပါတယ် ဒါပေမယ့် အရက်နဲ့ မတည့်တော့ သောက်တိုင်း ဆေးခန်းပြန်ပြ ဆေးထိုးရနဲ့ အလုပ်ရှုပ်လို့ မသောက်တာပါ . ."

ဟုတ်တိုင်းမှန်ရာတွေ ဝန်ခံတဲ့လူက ဝန်ခံနေပြီလေ . . .၊ အန်တီအေးက နောက်ထပ်တော့ ဘာမှ မပြောတော့ပါဘူး။ သီကတော့ သီကြိုက်တဲ့ဟင်းတွေ ကိုယ်တိုင်မှာပြီး စားတာပေါ့။

" မရွှေသီ မစားရတဲ့လူကျနေတာပဲ . . . နင်မစားဖူးဘူးလား အိမ်မှာနင့်ကို ချက်မကျွေးဘူးလား . . . ပြောစမ်း"

သီ စားချင်တဲ့ဟင်းတွေမှာတာကို အန်တီအေးက ပြောပြန်ရော။ အန်တီအေးကလည်းလေ . . . သို့ညီမ တစ်ယောက်လုံးရဲ့ မင်္ဂလာဆောင်မှာ သီစားချင်တာစားမှာပေါ့။ ဆန်ဆောင်နေစရာလည်း မလိုဘူး ကုန္ဓြေလေးနဲ့ ဟန်လုပ်စား နေစရာမျိုးလည်း မလိုဘူး . . .၊ သီ ပျော်ပျော်ရွှင်ရွှင်နဲ့ စားချင်ရာ မှာစားတော့ရော ဘာဖြစ်လဲ . . .၊

" နေပါစေအေးရယ် . . . မမခင်တို့က အိမ်ရှင်တွေလို မြင်နေတာပဲ. . . . သီသီ ပျော်သလိုနေပါစေ . . ."

ဘခိုခမျှာ သီတို့ကို မထိန်းရဘူး။





အန်တီအေးကို လိုက်ထိန်းနေရသလို ဖြစ်နေပြီ။

ကိုမင်းလွင်ဇော်ရှေ့ ဟင်းပန်းကန်တွေ ထိုးပေးတာကိုလည်း မျက်စောင်းထိုးကြည့်သေးရဲ့။

တစ်ထောင့်ငါးရာအချစ်မှ မဟုတ်ပါဘူး၊ ငါးရာ့နှစ်ဆယ့်ရှစ် အချစ်မှာလည်း ခင်လွန်းရင် ကြင်နာစိတ်တွေ ဝင်လာတတ်တာ သီခုမှ တွေ့ဖူးပါတယ်။

" စားလေ ကိုမင်းလွင်ဇော် . . . ခုလိုပွဲမျိုးတွေမှာ အပိုငွေမကုန်ဘူးလေ . . ."

သီပြောလည်းပြော . . .

ရယ်လည်းရယ် စားလည်းစားပေါ့။ သီ့စိတ်မှာ ပျော်ရွှင်ခြင်းတွေရှိနေသလို လွတ်လပ်ပေါ့ပါးစွာ ခံစားနေရသလိုပါပဲ။ တကယ်ဆို သူ့တို့ အန်တီအေး မနှစ်သက်သလို ပြောဆိုနေတာမို့ သူ့အနေကျို့နေပြီး မစားရဲမှာလည်း စိုးရိမ်ပါတယ်၊ ဘာပဲပြောပြော သူဟာ သို့ဧည့်သည်လိုဖြစ်နေတာပါ။ သို့ဘက်က ပြတ်ပြတ်သားသား မငြင်းမချင်းမှာတော့ ပတ်သက်နေသော သူတစ်ယောက်ပါပဲ။

" စားလေ မကြိုက်ဘူးလား"

" စားပါတယ် ကိုယ်က ဟင်းဆို တစ်ခွက်လောက်ပဲ စားတတ်တာ . . ."

" သိပါတယ် . . . သိပါတယ် အပိုမကြိုက်ဘူးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



သိပြောရင်း ရယ်ရသေးတယ်လေ . .

အန်တီအေးကတော့ သိနှင့် ကိုမင်းလွင်ဖော် တတွတ်တွတ်တီးတိုးစကားပြောနေတာကို မျက်စောင်းလေးတခဲခဲနှင့် အကဲခတ်နေပြန်တော့တာ . . .။

" သိ . . . "

" ပြောလေ . . . "

"ကိုယ် ခုတလော စဉ်းစားဖြစ်နေတယ်"

" စဉ်းစားဖြစ်နေရင်လည်း နောက်အေးအေးဆေးဆေးတွေ့မှပြော . . . အန်တီအေးက နားထောင်နေတာ"

" ဒါဆို မနက်ဖြန်မှ ပြောမယ် "

" အန်တီအေးကတော့ သိတို့နှစ်ယောက် ယှဉ်ထိုင်နေကတည်းက ကြည့်လို့ရတာမှ မဟုတ်တာပဲ။ ခေါင်းချင်းဆိုင်ပြီး စကားတွေပြောနေလို့ကတော့ အိမ်ရောက်ရင်သို့ ကိုခေါင်းခေါက်တော့မှာ အသေအချာပါပဲလေ။ တင်အောင်ထိုက် အရက်သောက်တာကိုကြည့်ပြီး အန်တီအေးက မာမို့ကို ပြောပြန်ရော။

" တင်အောင်ထိုက်က အရက်မသောက်တတ်ပါဘူး၊ ခုကတော့ သူ့မင်္ဂလာဦးအရက်ဆိုပြီး ပျော်လို့သောက်တာပါ အန်တီအေးရယ် "

" မရွှေသိ ညည်းကလည်း ညည်းရဲ့ မတ်အသစ်စက်စက်





ဘက်က ဘက်လိုက်တာပါလား . . . အရက်သမားတွေအကြောင်း ဘယ်လောက်သိလဲ ပျော်ရင်လည်းသောက်တယ် စိတ်ညစ်လည်း သောက်တယ် . . . မိုးရွာလည်းသောက်တယ်၊ နေပူလည်း သောက်တယ် အကြောင်းအမျိုးမျိုးပြနေတာ ညည်းမသိရင်အသာနေစမ်းပါ . . . "

" အို . . . ဘယ်လိုသောက်သောက် အန်တီအေးရယ် . . . တင်အောင်ထိုက် အရက်သောက်တာကို စိတ်ညစ်ရင် နီနီညစ်ရမှာ အန်တီအေးညစ်ရမှာ မဟုတ်ဘူး . . . "

" ဘယ့်နှယ် အန်တီအေး မညစ်ရမှာလဲ . . . အိမ်လာပြီး မမချောတွေက ယောက်ျားအရက်သောက်လို့ ယောက်ျားရိုက်လို့ ယောက်ျားပွေလို့ လာလာငိုနေကြတော့ ကျုပ်မှ စိတ်မညစ် ဘယ်သူ ညစ်မလဲ . . . "

" အန်တီအေး မညစ်နဲ့ပေါ့ . . . ပြောလိုက် ညည်းတို့ ကြိုက်လို့ ညည်းတို့ဘာသာရှာယူထားတာ ငါ့ရှာပေးစားတာ တစ်ယောက်မှ မရှိဘူးလို့ ပြောပေါ့ . . . "

" ပြောလည်းပြောပြောပဲ . . . ရွှေမျက်ရည်တွေကျနေကြရင် အိမ်ရှေ့ပူအိမ့်နောက်မချမ်းသာပါပဲအေ. . . "

ဒါတော့ ဟုတ်ပါတယ်။

ပြောမည့်သာပြောနေရတာပါ . . .။

မမကြည်တို့ မမစီတို့လာလာငိုရင် သိလည်းစိတ်ညစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဘာပဲပြောပြော မိသားစုဝင်တွေဆိုတော့ တစ်နွယ်ငယ် တစ်စင်ပါဆိုသလို . . . စိတ်အနှောင့်အယှက်တော့ ဖြစ်တာပါပဲ။

" အဲသည့်အထဲမှာ ညည်းမပါရင်ပြီးရော"

" မပါဘူး စိတ်ချ . . . "

အန်တီအေးကိုသည်လိုပြောတော့ သူလှမ်းကြည့်တာ သိပါတယ် . . .။ အန်တီအေးကလည်း သို့ကို အပျိုကြီးမှ အပျိုကြီး တစ်ပြားသားမှ အလျှော့မခံနိုင်ပါ။ သီကရော အပျိုကြီး လုပ်မလား သို့ဘာသာ မေးကြည့်ပါတယ်။

အဖြေကမရေမရာ။

"ပြောလေ ဘာပြောမှာလဲ . . . "

" သီက ကိုယ့်ကို ငြင်းနေတာလားဟင်"

" ဟင် ကျွန်မ ပြောမိလို့လား. . . "

" မပြောပေမယ့် သိနေသလိုပါပဲ . . . အန်တီအေးက ပြောတိုင်း သီပြန်ပြောတဲ့စကားတွေက ကိုယ့်ကို ငြင်းနေသလိုပဲ"

" ကိုမင်းလွင်ဇော်ကို သီပြောပြထားပြီးပြီပဲ . . .





သီလေ့လာနေတယ် အဖြေရတာနဲ့ချက်ချင်း ဖြေမှာပေါ့ ခေါင်းညိတ်မယ် ခေါင်းခါမယ်ဆိုတာတော့ သီ ကြိုတင်မပြောနိုင်ပါဘူးလို့လေ . . . "

သီတို့နှစ်ယောက်ထိုင်နေကျ သည်လက်ဖက်ရည် ဆိုင်လေးမှာ မုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံလည်း ရှိသလို . . . မုန့် လက်ဖက်ရည် အစုံရှိပါလျက် သီကသာ စားနေကျ အတိုင်း မုန့်ဟင်းခါးတစ်ပွဲမှာပါတယ်။ သူက ဘယ်တော့မှ မှာမစားပါဘူး။ စကားပြောချင်ရင်သာ ဆိုင်မှာဝင်ထိုင်တာပါ။ မဟုတ်ရင် လမ်းလျှောက်ပြန်ရင်းသာ စကားပြောသွားကြတာပါ။

" အဖြေကို ကိုယ်ကြိုသိနေသလိုပါပဲ"

" ကြိုသိနေတယ်ဆိုလည်း ပြီးရောပေါ့ သို့ကိုမေးမနေနဲ့တော့. . . ကိုယ်သိတဲ့ အဖြေအတိုင်းသာယူလိုက် . . . တုတ်တယ်၊ အဖြေအတိအကျလည်း ပြောသေးတာမဟုတ်ပဲနဲ့၊ ထင်လေ ထင်ချင်သလိုသာထင်လိုက်တော့၊ သီလည်း သို့ဘာသာ စဉ်းစားပါတယ်၊ သီ စိတ်ရှည်တယ်မရှိပါဘူး၊ စိတ်ရှည်သည်းခံခွင့်လွှတ်စိတ် မရှိမှတော့ . . . သီနှင့်သူ ရေရှည် ဘယ်လိုလက်တွဲရပ်ါမလဲလို့လည်း စဉ်းစားပါတယ် "

" စိတ်မဆိုးပါနဲ့ သီရယ် . . . ကိုယ်တကယ် စိတ်ပူနေလို့ ပြောမိတာပါ . . . သီနဲ့ မဝေးချင်ဘူးလေ . . . "

" သီလည်း စဉ်းစားထားပါတယ် သီတို့ရေရှည်



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနေလို့တော့ မဖြစ်နိုင်ဘူး . . . တစ်ခုခုကို ဆုံးဖြတ်ရလိမ့်မယ် . . . လေ့လာတယ်ဆိုတဲ့ အတိုင်းအတာတစ်ခုကလည်း သိပ်ကြာလို့ မကောင်းဘူးလေ ”

ဘယ်လိုပဲ လေ့လာနေပါတယ်ပြောပြော ပတ်ဝန်းကျင်ကတော့ သူနှင့်သီ အတူသွား အတူလာနေတာကိုသိမှာပါပဲ. . .။ ကြာရင် နာမည်ပျက်စရာရှိ မိန်းကလေးဘက်ကပဲ ပျက်နိုင်တာပေါ့ . . .။

“ သီ့အဖြေဟာ ကိုယ်ပျော်ရွှင်ရတဲ့ အဖြေပဲ ဖြစ်စေချင်ပါတယ်”

“ ခုချိန်မှာတော့ အမှန်အတိုင်း ဝန်ခံရရင် သီ့မှာ ရေရာတိကျတဲ့ အဖြေကို မရှိတာပါ. . .”

“ သီ့ကို ကိုယ်ချစ်တယ်”

ချစ်တယ်ဆိုတာတော့ ဟုတ်မှာပေါ့လေ။ အချစ်တစ်ခုတည်းနဲ့ တစ်သက်တာဘဝခရီးတလျှောက်လုံးတိုလျှောက်လို့ရရင်လည်း ကောင်းသားလား။ သည်လိုအတွေးစတွေများတဲ့ သီ့ဦးနှောက်တွေကြောင့်လည်း သီ့နှလုံးသားတွေက ခံစားမှုကင်းနေခဲ့လေသလား . . .။

“ နီနီတို့ကတော့ ပျော်နေရောပေါ့ . . .”

“ နီနီဆိုလို့ ပြောရဦးမယ် . . . မာမီတို့ပြောနေကြတယ် တနင်္ဂနွေမနက်အစောကြီး ဇလွန်ပြည်တော်ပြန်ဘုရားကြီးကို





မိသားစုအားလုံးသွားကြမှာ အဲဒါ ကိုမင်းလွင်ဇော်ကိုပါ ခေါ်ခဲ့တဲ့လေ . . . အားလုံး စနေနေ့ညမှာ အိမ်မှာ စုအိပ်ကြမယ်တဲ့လေ . . . မမကြည်တို့တွေရော မမစီတို့တွေရော နီနီတို့နှစ်ယောက်ရောပေါ့. . .”

“ အန်တီခင့်ကို တွေ့လိုက်ရရင်တော့ ကိုယ်အားရှိသွားသလိုပါပဲ . . . အန်တီခင်က ကိုယ့်ကို ချစ်ခင်သလိုပါပဲ အန်တီအေးနဲ့ တွေ့လို့ကတော့ သွားလေရောပဲ. . . စိတ်မာတဲ့တွေ ဘုံးဘုံးကျရော. . .”

ကိုမင်းလွင်ဇော် အပြောကြောင့် သီရယ်ရပါတယ်။ အန်တီအေးကတော့ သိတဲ့အတိုင်းပဲ ကိုမင်းလွင်ဇော်ရှေ့မှာလည်း စိတ်ထင်ရာတွေ ပြောနေတော့တာ မဟုတ်လား”

“ စနေနေ့ညနေထမင်းဝိုင်းမှာ လူစုံမယ် . . . အန်တီအေးက ဆူဆူပူပူနဲ့ ပြောချင်ရာပြောပေမယ့် စိတ်ရှည်သတ်ရှည် ချက်ပြုတ်ကျွေးရှာတာပါပဲ ကိုမင်းလွင်ဇော်ရယ် အန်တီအေးက ချစ်တတ်ပါတယ် . . .”

“ ကျန်တဲ့လူတွေကိုတော့ ချစ်မှာပေါ့ ကိုယ့်ကျတော့ သီ့ကို ရယူပိုင်ဆိုင်သွားမလားဆိုတဲ့ အမုန်းရှိတယ်လေ. . .”

“ ဒါကသီ့ခံစားမှုပါ . . . သီ့ဆုံးဖြတ်ချက်အပေါ် အန်တီအေး တျနပ်ရမှာပါပဲ. . .”

သီ့ဘဝခရီးအတွက် သီ့ဘာသာဆုံးဖြတ်ပါရစေလို့ ပြောခဲ့ပြီး

www.burmeseclassic.com



ပြီပဲ မဟုတ်လား။ သို့ဦးနှောက်နှင့်သီ ဆုံးဖြတ်ရလိမ့်မည်။ ဆုံးဖြတ်ချက်မှားလို့တော့ မဖြစ်ပါဘူးလေ . . .။ သည့်အတွက် သို့ဆုံးဖြတ်ချက် ခိုင်မာမှုရမှာပေါ့ . . .။

" မေမေကလည်း မေးနေပြီ သီနဲ့ကိုယ် ဘယ်လို အခြေအနေရှိသလဲတဲ့"

" ပြောလိုက်ပါ. . . သိပ်မကြာခင် ပြတ်ပြတ်သားသား သိရမှာပါလို့လေ . . ."

သူ ပျော်ရွှင်ရသောအဖြေလား . . .

သူ စိတ်ညစ်ရသောအဖြေလား . . . တစ်ခုခုတော့ တစ်ခုခုပဲ။ သည်တစ်ခုခုအတွက် သီအမျိုးမျိုးသော ခံစားမှုတွေကို စိစစ်ရွေးချယ်နေမိတာတော့ အမှန်ပါဘဲ။

"အခုလို လူတွေတရှန်းရှန်းနဲ့နေရတာ မမခင်ဆ ပျော်စရာလို့ ထင်နေတာကိုး . . . တကယ်တော့ သံယောဇ် ကြိုးတွေဆိုတာက များလေငြိလေပါပဲ . . ."

အန်တီအေးက ဟင်းချက်ရင်းပြောနေပြီလေ။

အပြင်မှာတော့ လူစုံနေပြီကိုး။ မာမိနှင့်မီသားစုတွေ



စကားပြောကြရယ်ကြတဲ့ အသံတွေကို မီးဖိုထဲက အတိုင်းသား ကြားရတာပဲ မဟုတ်လား။ မမကြည် မမစီ နီနီတို့ အတွက်ကတော့ အသီးသီးသောခင်ပွန်းသည်တွေနှင့်အတူ ပျော်ရွှင်သောစကားတွေ ဆိုကြ ပြောကြပေါ့။

" ဟိုကောင်လေးရော မလာသေးဘူးလား"

" ဘယ်ကောင်လေးလဲဟင်"

" အမယ် သီသီကြီးနဲ့ နင့်ကောင်လေး . . . နင်အခုထိ ပြတ်သားပုံဆို ခေါင်းညိတ်တော့မယ်ဆိုတာ ငါသိပါတယ်"

" အန်တီအေးက သီခေါင်းညိတ်မယ်လို့ထင်လို့လား"

" ထင်တာပေါ့ . . ."

" ဒါဆိုလည်း ခေါင်းညိတ်လိုက်ပါမယ်"

" သီ အခုလိုပြောတော့ မျက်စောင်းတစ်ခု လွင့်ပျံရောက်လာအောမှ ရယ်ရပါသေးတယ်။ အန်တီအေးထင်လည်း ထင်စရာပေါ့။ သီကလည်း ခုချိန်ထိ သူနှင့်အတူရှိနေသေးတာကိုး။

" ငါ အခုတော့ ကြိုတင်ခံနိုင်ရည်ရှိအောင် အားမွေးထားပါတယ် . . . တစ်ချိန်ကျ ညည်းတို့အားလုံး ကိုယ့်လမ်းကိုယ်သွားကြမှာပါ . . . ငါနဲ့အတူ ဘယ်သူမှ မကျန်ခဲ့လည်း ဘာအရေးလဲ . . . ရိပ်သာမှာသွားနေမယ် . . . ငါတတ်တဲ့ အချက်အပြုတ်နဲ့ ယောဂီတွေ ချက်ပြုတ်ကျွေး တရားလေးမှတ် အေးအေး ချမ်းချမ်းပဲ နေတော့မယ် . . ."

www.burmeseclassic.com

www.burmeseclassic.com



အန်တီအေးလည်း သနားစရာပါပဲ။

သီနှင့်ပတ်သက်ပြီး သူ့မှာအတွေးအမျိုးမျိုးရှိနေခဲ့တယ် ထင်ပါရဲ့။ သီကလည်း ကိုမင်းလွင်ဇော်ကို ခေါင်းညိတ်လက်ထပ် တော့မယ်လို့ ထင်တဲ့အခါ သူသွားရမည့် အနာဂတ် သူ့ဘာသာ ရွေးလိုက်တဲ့ပုံရှိပါတယ်။

ရှိပါစေတော့ . . .

အန်တီအေးတစ်ယောက် သူ့အတွေးသူ့အထင် သူဆုံးဖြတ်ချက်နှင့်သူရှိနေတာ အကောင်းဆုံးပဲပေါ့လေ ။

" ဟဲ့ ဒါနဲ့ ငါပြောရဦးမယ်"

အန်တီအေး အသံလေးတိုးသွားပြီ။ အပြင်[illegible] မကြားစေချင်တာ အမှန်ပဲလို့ သိသာစရာပေါ့။

" တင်အောင်ထိုက်အကြောင်း ငါ့သူငယ်ချင်း စံ[illegible] ပြောတယ် . . . တင်အောင်ထိုက်က လောင်းကစားသမား[illegible]"

" လောင်းကစားသမား "

" အေး . . . ပိုက်ဆံကတော့ ချမ်းသာပါတယ် ဒါပေမဲ့ လောင်းကစားဝါသနာပါလို့ ငွေတွေပြုတ်သွားတာမျိုးလည်း ရှိသတဲ့ နဲ့သမားပါးလိုပေါ့ဟယ် "

နဲ့သမားပါးဆိုတော့ ဖဲသမားမယားတော့ ဒုက္ခရော[illegible] တဲ့လေ။ သီလည်း အန်တီအေးပြောတော့ နည်းနည်းစိတ်[illegible] သွားတယ်. . . ။ ဒါတွေကို နီနီသိရောသိရဲ့လား။ အရက်သ[illegible]



တမ့် မူးအောင်သောက်ရုံပဲ လောင်းကစားသမားတ မလွယ်ဘူးလို့ ပြောတာတွေလည်း ကြားဖူးတယ်လေ . . . ။

" တစ်ယောက်တစ်မျိုး မကောင်းတာတွေရှိကြတာပဲ . . . နင်ရော လောင်းကစားနေတဲ့ယောကျ်ားမျိုးကို ခွင့်လွှတ်နိုင်လား . . . လောင်းကစားဆိုတာ ကောင်းကျိုးပေးတာမဟုတ်ဘူးတဲ့ တစ်နေ့ ဒုက္ခရောက်မှာ . . . မရွှေနီ သိရောသိရဲ့လား"

" မေးကြည့်ရင်ကော"

" မေးကြည့်တော့ရော. . . ခုချိန်တော့ သူ့ယောကျ်ားကို အကောင်းချည်းပဲ ထင်နေမှာပေါ့ အချိန်တန်မှ သူ့ဒုက္ခသူ ရွှေမျက်ရည်လေးနဲ့ လာပြောပါလိမ့်မယ် သွားပြောမနေနဲ့ . . . "

ခက်တာပါပဲလား။

လက်မထပ်ခင်ကသိလို့ ပြောရမေးကြည့်ရလည်း ကောင်းတာပေါ့။ အခု သူတို့ကလက်ထပ်ပြီးနေကြပြီလေ။ ခုတော့မှ နင့်ယောကျ်ားက သည်လိုပါလို့သွားပြောတော့ရော . . . မကောင်းတော့ပါဘူး။ သီသက်ပြင်းရှိုက်ရပြီ . . . ။

မကောင်းတာတွေ အမျိုးမျိုးပါပဲလား။

သီရော ဘယ်လိုရင်ဆိုင်ရမလဲ။

" ဟိုကောင်လေးရော လောင်းကစားဝါသနာမပါဘူးလား"

" ပါပါလိမ့်မယ် အားကြီးကြီး . . . သူ့ပိုက်ဆံသူ နှမျောလွန်းလို့မှ . . . "

❦ ရန်ပိုင်ဦးစာပေ ❦

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းလွင်ဇော်ဆီမှာ ဘယ်လိုမကောင်းသောအချက်တွေရှိမလဲ . . . သီလည်း တတ်နိုင်သမျှ လေ့လာနေတာပါပဲလေ။ ဒါကြောင့်လည်း သီလွယ်လွယ်မဆုံးဖြတ်ရဲတာပေါ့. . .။ မဆုံးဖြတ်ရဲဘူးဆိုပြီးလည်း အချိန်တွေအကြာကြီး ရေစုန်မျော နေလို့လည်း မဖြစ်နိုင်ပြန်။

" မမသီနဲ့ အန်တီအေး ဘာတွေချက်နေလဲ နီနီ ဘာကူရမလဲ"

"နင်ဘယ်တုန်းက ငါ့ကိုကူလို့လဲနီနီရယ် သွားပါ အိမ်ရှေ့မှာသွားနေ "

" အန်တီအေးကလည်း အနားမှာ မမသီရှိရင်ဖြစ်တယ် မဟုတ်လား . . . ဒါကြောင့်လည်း နီက မကူညီတာပါ . . . အခုတော့ ကူပါမယ် . . . နီ အိမ်ရှင်မဖြစ်လို့ ကိုယ့်ဘာသာ ထမင်းချက်ရမှ အန်တီအေးပင်ပန်းတာ နားလည်တော့တယ်"

"ဩော် နားလည်ဖော်တော့ရသေးတာကိုး . . . "

နီနီက သီ့လက်ထဲမှ အာလူးနှင့် ဓားကိုတောင်းယူပြီး နွာပေးနေပါတယ်။ သီမှာဖြင့် နီနီ့မျက်နှာ ပြုံးချိုချိုလေးတဟိုအရင်အတိုင်း ကြည်လင်နေတာကြည့်ပြီး နှမျောသလို စိတ်မကောင်းသလို ဖြစ်နေမိတယ်။ တစ်နေ့ အဲသည့်မျက်နှာ ချိုချိုလေး ငိုရလေမလားမသိနိုင်။

သီ့ညီမလေးကို ပျော်ရွှင်ချမ်းမြေ့မှုတွေသာ ရစေချင်ပါတယ်။





" သီသီရေ . . . မောင်းမင်းလွင်ဇော် လာတယ်"

" သူ့ဘာသာသူလာလိမ့်မပေါ့ မမကြည်တို့ကိုက ဘာဖြစ်နေလဲမသိဘူး"

" မမသိဟာလေ အသည်းနှလုံးမရှိသလိုပဲ . . . အေးစက်စက်နိုင်လွန်းတယ် . . . "

ဟုတ်ပါသလား။

သီ့မှာ အသည်းနှလုံးမရှိတာလား။ အသည်းနှလုံးရှိမှာပါ။ ထာဝရချမ်းမြေ့မှုကိုလိုချင်သော သီ့အသည်းနှလုံးတွေဟာ ဦးနှောက်ကြောင့် အေးစက်သွားတာတော့ ဖြစ်နိုင်ပါတယ်လေ။

" မမခင်တို့များ ဖြစ်နိုင်ရင် သမီးလေးယောက် သမက်လေးယောက်လုံးများ ခေါ်ထားချင်သလား မှတ်တယ် . . . "

" သမီးသုံးယောက် သမက်သုံးယောက် ပြောဝါ သိမပါဘူးနော် . . . "

" နောက်ပါမှာပါ . . . အခုပဲကြည့်လေ သည်ကောင်လေးတို့ပါ ဘာခေါ်စရာလိုသလဲ "

" မာမီက သိပ်သဘောတူနေတာကိုး . . . အန်တီအေး ဘာသာ သဘောမကျတာ မာမီက သဘောကျတယ် . . . "

" ဝါကတော့ သဘောမကျပေါင် . . . "

အန်တီအေးကတော့ . . . ဘယ်တော့မှ ဘယ်သူနှင့်မှ သဘောတူမှာ မဟုတ်ပါဘူး . . .။ သီသာ တကယ်ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သူများရှိရင် မခက်ပေဘူးလား။ ကိုမင်းလွင်ဇော် အပေါ်မှာတောင် သံယောဇဉ်ရှိတဲ့ ပုံသဏ္ဌာန်ပြလိုက်တာနဲ့ မျက်စောင်းက ရောက်လာခဲ့ပါပြီ။ ကိုမင်းလွင်ဇော်က အစ်ကိုကြီးတို့ထက်စာရင် တင်အောင်ထိုက်နှင့် ပိုပြီးခင်မင်ပုံ ရပါတယ်။ သီအပြင်ခန်း၊ ထွက်ကြည့်တော့ . . . တင်အောင်ထိုက်နှင့် ရယ်မောရင်း စကားပြောနေပါတယ်။

သို့မိသားစုတွေကရော ကိုမင်းလွင်ဇော်နှင့် သီ့ကို နှစ်ယောက်ယှဉ်တွဲ မြင်နေကြပြီလား။

"ကိုမင်းလွင်ဇော် နိုးပြီလား . . . မျက်နှာသစ်တော့လေ ရေပါတစ်ခါတည်းချိုးလိုက်ပေါ့ . . . သည်မှာ သွားတိုက်ဆေး . . . သွားပွတ်တံပါသလား . . ."

"ပါပါတယ်"

သီနှင့်အန်တီအေးကတော့ ခရီးထွက်ကာနီး စားသွားဖို့ နံနက်ခင်းစာပြင်ရမှာမို့ အစောကြီးနိုးပြီး ချက်ပြုတ်ပြင်ဆင် လားပြီးပြီလေ၊ ကျန်တဲ့လူတွေကတော့ စားကာနီးနိုးပြီး ပြင်ကြဆင်ကြပေါ့။





ကိုမင်းလွင်ဇော် ရေချိုးခန်းရှေ့မှာ သွားပွတ်တံတစ်ချောင်း နှင့် သွားတိုက်ဖို့ ပြင်ဆင်နေပါတယ်။ မီးဖိုခန်းထဲ ပြန်ဝင်လာပြီး ထမင်းစားပွဲမှာ စားဖို့ ပြင်ဆင်ပေးနေမိပါတယ်။ ခဏနေတော့ နီနီတို့မှ နိုးရဲ့လားလို့ ထွက်ကြည့်ရပြန်ပါတယ်။

" ဟင် ကိုမင်းလွင်ဇော်"

ကိုမင်းလွင်ဇော်ကို ခုနက နေရာမှာပဲ တွေ့နေရပြန် ပါတယ်၊ အတော်ကြာနေပါရော။ သီကဖြင့် ရေချိုးနေလောက်ပြီ ထင်တာ။

" ဘာဖြစ်လို့လဲ ကိုမင်းလွင်ဇော်"

သူတစ်ခုခုကို စူးစိုက်နေတာတွေ့တော့ မနေနိုင်စွာမေးမိပြီ။

" သွားတိုက်ဆေးတွေပိုနေလို့"

" သွားတိုက်ဆေးညှစ်နေတုန်း သီလှမ်းမေးလို့လှည့်ကြည့် လိုက်တဲ့အခါ သွားတိုက်ဆေးတွေ ပိုထွက်ကုန်တော့ . . . ပြန်ထည့်နေတာ"

" ရှင် . . . "

သူပြောတော့ သီ အံ့ဩစွာ သူ့လက်ထဲက သွားတိုက်ဆေး ဗူးကို ငေးကြည့်မိဆဲ . . . သွားတိုက်ဆေးညှစ်ပြီး ပိုလို့ ပြန်ထည့်တယ်တဲ့ သီသာဆို ဘယ်လိုမှ ပြန်မထည့်သွင်း ဆတ်ပါဘူး။ သည်တစ်ခါတော့ သီအံ့ဩလွန်းလို့ ငေးကြည့်နေ မိပြီ။



www.burmeseclassic.com

www.burmeseclassic.com



" အချိန်ကုန်အောင် ကိုမင်းလွင်ဇော်ရယ်... ကဲပါ ရေချိုးပါတော့ ရှင့်နှယ် အချိန်က ပိုတန်ဖိုးရှိတာရှင့် ခက်တာပဲ"

သီလှည့်ထွက်လာခဲ့ပါပြီ။

သက်ပြင်းတွေရှိုက်မိပါရော။

ကော်ဖီပွဲပြင်ရင်း သီ စိတ်တွေရှုပ်နေသလိုပါပဲ။ ခဏနေတော့ စုံတွဲအသီးသီး ထမင်းဝိုင်းရောက်လာပြီ။ မာမီတောင်မှ ရောက်လာခဲ့ပါပြီ ...။ ဒါပေမယ့် သည်စားဝိုင်းဆီကို ကိုမင်းလွင်ဇော် ရောက်မလာသေးပါဘူး။

" ဟဲ့ မောင်မင်းလွင်ဇော်ရော"

" ခုနက ရေချိုး အဝတ်လဲနေတာ တွေ့တယ် မာမီ"

တင်အောင်ထိုက်ဝင်ပြောပြီး အတော်ကြာမှ သူရောက်လာပါတယ် ။ အန်တီအေးက အားလုံးစားဖို့ ပြင်ဆင်ပေးရှာပါတယ်။ သီကတော့ သီစားရမည့် မုန့်တွေစား ကော်ဖီသောက်ပြီး သူ့ကိုဂရုမစိုက်မိတော့ပါဘူး။

အန်တီအေးခမျာ သူ့ကို ကော်ဖီငှဲ့ပေး ပြုစုရှာပါတယ်။ ကြည့်မရပေမယ့် ညှာဝတ်ကျေအောင်တော့ လုပ်ပေးရှာပါတယ်။

"မာမီ ခုလို မိသားစုတွေ စုစုဝေးဝေးနဲ့ အဝေးဘုရား ဖူးချင်သေးတယ် သည်နေ့ကတော့ နေ့ချင်းပြန် ဘုရားဖူးပေါ့.."

သီတို့တွေ ကားပေါ်ရောက်တော့ သူ့စုံတွဲလေးနှင့်အူ





ထိုင်ကြတယ်လေ...။ အန်တီအေးကို မာမီလှမ်းဆွဲခေါ်လိုက်တာ မြင်ရပါတယ်။ မဟုတ်ရင် အန်တီအေး တစ်ယောက် သို့ဘေးမှာ လာထိုင်တော့မယ်လေ။

" သီ ... သီတို့မိသားစုနဲ့ကိုယ် အတူရှိနေရတဲ့အခါမှာ ... သည်လို ပျော်ပျော်ရွှင်ရွှင်နေရတဲ့ မိသားစုလေးထဲက ခွဲခွာသွားရမှာ ကိုယ် စိတ်ပူနေတယ်..."

သီ ဘာမှ မပြောလိုက်ပါဘူး..."

သီတို့မိသားစုလေးဟာ နွေးထွေးမှုရှိလို့ ပျော်ရွှင်စရာကောင်းတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့်... မမကြည်တို့ မမစီတို့ မျက်ရည်တွေလည်းရှိတာပဲ နောက်ဆို နီနီတို့ကရော ဘယ်လို အခြေအနေတွေ ရှိလာမလဲ။

"ပျော်ရွှင်စရာတွေချည်းပဲလည်း မမြင်နဲ့လေ... ဘဝမှာ ဒုက္ခဆိုတာတွေလည်း ရှိတယ်မဟုတ်လား..."

"ဟုတ်ပါတယ်... အဲသည့်ဒုက္ခအားလုံးကို သီနှင့်အတူ မျှဝေခံစားချင်ပါတယ်..."

ကားတစ်စီးလုံးမှာတော့ အစ်ကိုကြီးနှင့် နီနီ့အသံ အကျယ်ဆုံးပါပဲ။ စကားတွေပြောကြနဲ့ ဆူညံရယ်မောနေတာပါပဲ။ သို့လိုသာ ဆိုရင်တော့...။

" ပြည်တော်ပြန်ဘုရားကြီးကို ဘယ်နှစ်ခါဖူးဖူးလဲ ကိုမင်းလွင်ဇော်"



www.burmeseclassic.com

www.burmeseclassic.com



" တစ်ခါမှ မဖူးဘူးပါဘူး . . . ကိုယ်အပြင်သိပ်ထွက်လေ့မရှိဘူး "

" ဘာလို့လဲ . . . အပြင်ထွက်ရင် ငွေကုန်လို့လား" .

" အဲဒါလည်း ပါတာပေါ့ . . "

" ဒါဆို ဘယ်ဘုရားတွေဖူးဖူးလဲ "

"မုံရွာ မန္တလေးဘက်က ဘုရားတွေတော့ ဖေဖေတို့နဲ့နေတုန်းက ဖူးဖူးပါတယ် . . . ခုနောက်ပိုင်း ရန်ကုန်ရောက်အလုပ်လုပ်တော့ . . . ရွှေတိဂုံတောင်မှ တစ်လတစ်ခေါက်မရောက်ဘူး "

" ရွှေတိဂုံကိုတော့ သွားသင့်ပါတယ် အန်တီအေးနဲ့ သီတော့သုံးလေးရက်တစ်ခေါက် အရောက်သွားတယ် . . . ကားခနှမြောရင် လမ်းလျှောက်ပေါ့"

သီသည်လိုပြောတော့ သူရယ်ပြီး 'ဘတ်စ်ကားစီးသွားရင်လည်း ရပါတယ်လို့ ပြန်ဖြေပါတယ်။ သီမရောက်ဖူးသေးသော ဘုရားတွေကို ဖူးချင်သည့်အကြောင်းတွေပြောနေမိတာပေါ့ . . .။ သူကလည်း မုံရွာမှာနေခဲ့ဖူးတော့ ဖိုးဝင်တောင်တို့ အလောင်းတော် ကဿပတို့ကို ဘုရားဖူးသွားတဲ့အကြောင်းတွေ ပြောပြပါတယ်။

သို့ကို လှည့်တကြည့်ကြည့်ဖြစ်နေသော အန်တီအေးတို့ မြင်တော့လည်း စိတ်မကောင်းပါဘူး။ နီနီကတော့ ဘယ်လောက်





တောင် ပျော်ရွှင်နေသလဲဆို တစ်ကားလုံး သူ့အသံတွေချည်းကြားနေရတယ် မဟုတ်လား။

သီဆိုရင်တော . . .။

သူနှင့်လက်ထပ်မည်ဆိုပါလျှင် . . . နီနီ့လိုမျိုး ပျော်ရွှင်နေလေမလား . . .။ သီဖြင့် စဉ်းစားလို့ကိုမရပါ။ သို့ရင်ထဲမှာ အချစ်ဆိုတာရော ရှိရဲ့လား . . .။

သည်နေ့မနက်စောစောမှာတော့ အန်တီအေးလည်းမနေ့က ခရီးသွားထားပြီး ပင်ပန်းနေတာမို့ ကိတ်မုန့်နှင့် ကော်ဖီပဲစားကြရတယ်လေ။ နီနီနှင့် တင်အောင်ထိုက်က သည်နေ့ညနေမှ မန္တလေးဘက်ထွက်မည်လေ။ မနက်လက်ဖက်ရည်ဝိုင်းမှာ မာမီအန်တီအေး သီနှင့် နီနီတို့ လင်မယား ငါးယောက်ပဲရှိပါတယ်။

" မာမီ "

" ဘာလဲ သီ "

" သမီး စကားပြောစရာရှိတယ် အခုပြောရင်ရမလား"

" ရတာပေါ့ သီရဲ့ . . . ဘာပြောမလို့လဲ ပြောလေ . . . "

www.burmeseclassic.com

www.burmeseclassic.com



" ကိုမင်းလွင်ဇော်ကို သီ လက်မထပ်နိုင်ပါဘူး. . ."

အန်တီအေး ပြုံးသွားလိုက်တာ။

မာမီကတော့ သီ့ကို စူးစိုက်ကြည့်နေပါတယ်။

လက်မထပ်နိုင်ဘူးဆိုရင် အကြောင်းပြချက် ခိုင်လုံစွာ ရှိရမယ်ဆိုတာ သိသိပါတယ်။ နီနီကလည်း သီ့ကို ကြည့်နေတာပေါ့။ တင်အောင်ထိုက်ကလည်း ငြိမ်ငြိမ်သက်သက်။

" ဘာလို့ လက်မထပ်နိုင်လဲဆိုတာ သီပြောပြပါမယ် ကိုမင်းလွင်ဇော်ဟာ စည်းစနစ်ရှိတဲ့နေရာမှာ ရှိတာက ကောင်းပါတယ်. . . ဥပမာအားဖြင့် ဟင်းချက်တာတွေ သိပ်ပိုနေတာကို လျှော့ခိုင်းတာမျိုး သီလက်ခံပါတယ်။ အပိုတွေဆိုတာ လျှော့ချသင့်တာ ကောင်းပါတယ် . . . ဒါပေမယ့် မာမီရယ် သူက တစ်ဘက်စွန်းရောက်သွားသလို ဖြစ်နေပြီ . . . သူ့အိတ်ထဲကငွေမထွက်ရင်ပြီးရောဆို သူများ ကျွေးတဲ့အခါ ငြိမ်သက်နေတတ်တာမျိုးကျတော့ သီမနှစ်သက်ဘူး . . ."

" သူ့မိဘ ချမ်းသာတယ်မဟုတ်လား "

" ချမ်းသာမယ့် တစ်မျိုးပဲ. . . သမီးမနှစ်သက်တာတွေ ရှိတယ် . . ."

သိပ်ကိုကပ်စေးနဲလွန်းပြီး ဖိနပ်အသစ်အိတ်ထဲ ထည့်ထားတာတွေ။ သွားတိုက်ဆေးတွေ ပြန်မရအရသွင်းတာ



တွေ ပြောပြမိပါတယ်။

" ကိုယ်နဲ့ လက်ထပ်ပြီးရင် ပြုပြင်ယူမယ်ဆိုတာမျိုး သီမကြိုက်ဘူး မာမီ . . . ဒါဟာ ဘဝတစ်ခုလုံးနဲ့ရင်းပြီး စိန်ခေါ်ရတာ . . . သီ မနှစ်သက်ရင် ခေါင်းခါရမယ် "

"မိဘနဲ့နေကတည်းက စနစ်ကြီးလွန်းတာရော. . . ပြီးတော့ သူရသမျှ ရှီးသားကြိုးစားရှာရတော့လည်း လောကဋ္ဌအောင်သုံးရင်းက ခုလို ဖြစ်သွားတာများလား . . . သူကိုယ်တိုင် အိမ်ထောင်ဦးစီး ဖြစ်လာတဲ့အခါ ပြောင်းလဲချင် ပြောင်းလဲသွားနိုင်ပါတယ် "

" မရေရာဘူးနီနီ မသေ ခုနပြောသလို မရေရာတာတွေနဲ့ ဘဝတစ်ခုလုံး မလဲနိုင်ဘူး. . . ပြီးတော့ မသေ မနှစ်သက်ဆုံးအရာက သိပ်ကပ်စေးနဲလွန်းတဲ့အခါ ဘုရားလှူဖို့ကိုတောင် သဒ္ဓါမရှိတော့ဘူး . . ."

ပြည်တော်ပြန်မြတ်စွာဘုရားကြီးမှာဖူးရင်း သီတတော့ ဝယ်ထားတဲ့ မုန့်ဘိုးတွေ လခတွေထဲက ချန်ထားသမျှ လှူဝေမယ့် သူ့ဘာမှ လှူတာမတွေ့ရပါဘူး။ သီပြောတာက ညောင်ရေ လောက်လှူလည်း သဒ္ဓါတရား ထက်သန်ရင် ညောင်ပင်ကြီး လောက်တုသိုလ်လည်း ရနိုင်တာပါပဲ . . .။

" သမီးရယ် . . . သူ ရိုးသားပါတယ် . . . သူ့မှာ ငွေတွေအများကြီးရှိရင် ပြုပြင်လာမှာပါ . . . မာမီတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ငွေအများကြီး ရှိပါတယ်. . . ”

“ အဲဒါလည်းပါတယ် မာမိ . . . မာမို့ပိုက်ဆံဆိုရင် သို့သဘောလို့ ပြောတယ် . . . အဲသည်ကတည်းက သူ့မှာ မာနမရှိသလိုပါပဲ သူမှာ အတ္တများတယ် . . . ”

“ မဟုတ်သေးပါဘူး သီရယ် . . . ”

“ မမခင် . . . ကလေးကမလိုချင်ပါဘူးဆို . . . တော်ပါတော့ ပြီးပြီပဲ . . . ”

အန်တီအေးကတော့ နှစ်သက်သဘောကျစွာ မာမို့ကို မတိုက်တွန်းဖို့ ပြောပါတယ်။ မာမီကတော့ ဖြစ်ချင်ရာမဖြစ်တော့ စိတ်တော့ မကောင်းသလိုပါပဲ။ သို့ရင်ထဲလည်း စိတ်မကောင်းသလို ဖြစ်နေတာပါပဲ။ ဒါပေမယ့် ဘာကိုမှ မသေချာသော အနာဂတ်ကို သီ စိန်မခေါ်ရဲပါဘူး။

“ မရှိလို့ မသုံးနိုင် မလှူနိုင် ဖြစ်နေတာမျိုးကတစ်မျိုး . . . အခုက ရှိလည်း သူနှမြောပုံနဲ့တော့ ဇနီး သားသမီး ဘယ်သူ့ အပေါ်မှာမှ ညှာတာမယ့်ပုံမရှိဘူး ”

“ သီရယ် သမီး အထင်ထင်ပါတယ် . . . သိပ်မဆိုးနိုင်ပါဘူး”

“မာမိ . . . သီ ဖိနပ်တစ်ရံကို အိပ်ထဲလည်း ထည့်မသွားနိုင် သလို သွားတိုက်ဆေးပို့သွားရင် ချာချာလည်အောင် ပြန်သွင်းတတ်မှာ မဟုတ်ဘူး . . . နောက်ပြီး သို့



သားသမီးတွေမှာ အဲလိုဗီဇတွေပါလာမှာ သီမလိုချင်ဘူး မာမီ”

မာမီလည်း ခေါင်းရှုပ်နေပုံရပါတယ်။ ငြိမ်သက်တွေဝေသွားတာပေါ့။ သီဝန်ခံပါရစေ၊ သို့မှာ သတ္တိမရှိပါဘူး၊ သူ့တို့ သံယောဇဉ်ရှိတယ်ဆိုပေမယ့် . . . လက်ထပ်ဖို့ထိ သီ မဆုံးဖြတ်ရဲပါဘူး၊ သို့ရဲ့ အိမ်ထောင်ဦးစီးကို သီမှ အထင် မကြီးမလေးစားရင် ဘယ်လိုလုပ်ပြီး တစ်သက်တာလုံး ခိုင်မြဲတဲ့ ချစ်ခြင်းကို ရမှာတဲ့လဲ . . .။

ညနေအတူပြန်လို့ သီက တစ်ခါတလေ မုန့်ဟင်းခါး ခေါက်ဆွဲ စားချင်တာတွေစားရင် သူက အိမ်ပြန်မှ ထမင်း စားမယ်ဆို ထိုင်စောင့်နေတာပဲလေ၊ အဲသည့်အခါတွေမှာ သို့ဘာသာပဲ ငွေရှင်းလိုက်တာများပါတယ်၊

“ သူ့အမေက သည်လို မဟုတ်ပါဘူး”

“ သူ့အဖေက စနစ်သိပ်ကြီးတယ်လို့ ပြောဖူးတယ် အဲဒါ ဗီဇလေ မာမီ . . . သီ ကြောက်တယ် . . . သီ သူ့တို့ လက်မထပ်တော့ဘူး . . . ”

“ ကောင်းတယ် ငါ့သမီးလေးမှန်တယ် မီးဆိုတာ ပူမှန်း သိရင် မကစားတာ အကောင်းဆုံးပဲ . . . မမခင် . . . ကလေးစိတ်ပျော်ရွှင်ပါစေ. . . ”

“ မရွှေသီရယ် . . . ငါဘယ်လိုပြန်ဖြေရမှန်းမသိတော့ဘူး”

“ ကိုမင်းလွင်ဇော်ကို သို့ဘာသာသီ ပြောလိုက်ပါမယ် . . .



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကိုမေးရင်လည်း သို့ကို လွှဲလိုက်ပေါ့ သီက ပြောမရဘူး ခေါင်းမာတယ်လို့လေ . . .”

သီပြောပြီးတော့ စိတ်မှာ ပေါ့ပါးသွားသလို ခံစားရပါတယ်။ သီဘယ်လိုဆုံးဖြတ်ရမည်မသိ စိတ်မှာ စဉ်းစားရလွန်းလို့ ထူပူနေသမျှ အဖြေရမှပဲ စိတ်ပေါ့ပါးသွားသလိုပါပဲ . . .။ သူ . . . သည် အဖြေကိုသိရင် စိတ်မကောင်းဖြစ်မလား။ အင်းပေါ့လေ စိတ်မကောင်း ဖြစ်လည်း ခဏပေါ့ . . .။

အချစ်ဆိုတာ သူလိုလူတစ်ယောက်အတွက် အစိတ်အပိုင်းကလေး တစ်ခုမျှသာအရေးပါမှာပါ။

သူက အလွမ်းဆိုတာ အပိုတစ်ခုလို့ပဲ သတ်မှတ်ချင် သတ်မှတ်ပါလိမ့်မည်။

“ ဒါဆို သမီးသီက လက်မထပ်တော့ဘူးပေါ့ . . . ဘာလဲ အန်တီအေးလို အပျိုကြီးလုပ်မလို့လား”

“အပျိုကြီးလုပ်မယ်လို့တော့ သေချာပေါက်မပြောနိုင်ဘူးပေါ့ . . . ဘဝမှာ သီကိုယ်တိုင်က နှစ်ခြိုက်လေးစားစွာ လက်ခံလို့ရတဲ့ဘဝခရီးဖော် တွေ့ချင်လည်းတွေ့လာမှာပါ မာမီရယ် . . . သူ့ရဲ့ မကောင်းတဲ့အချက်ကို သီ နားလည်ခွင့်လွှတ်နိုင်တာမျိုးဆို လက်ခံမှာပါ . . .”

“ ဘယ်လို မကောင်းတဲ့ အချက်မျိုးလဲ မမသီ ဥပမာ တစ်ခုလောက် နီမသိရဘူးလား . . .”





“ ဥပမာ သိပ်ဟင်းချေးများတဲ့ လူတစ်ယောက် ဆိုပါတော့ . . . အဝတ်အစားကအစ မိန်းမကိုယ်တိုင် လျှော်ဖွတ် မီးပူတိုက်မှ ဝတ်တာမျိုး . . . အိမ်ရှင်မပီသစွာနေရမယ်ဆို ပင်ပန်းချင်သလောက်ပင်ပန်း ပြုစုမယ် . . . ဒါမျိုးက ခွင့်လွှတ်လို့ ရတယ် . . .”

“ ဟုတ်ပါပြီ . . . အဲလိုမျိုး ခွင့်လွှတ်လို့ရတဲ့ဖူးစာဖက် တွေ့ပါစေရှင် ”

အန်တီအေးကတော့ နောက်တွေ့ရမယ့်ဖူးစာရှင်ဆိုတာ အဝေးကြီး ဘယ်မှာနေမှန်းတောင်မသိတော့ . . . ခုလော လောဆည် ကိုမင်းလွင်ဇော်ကို ငြင်းလိုက်တဲ့အတွက် သိပ်သဘောကျနေတာပေါ့လေ . . .။

“ အန်တီအေး . . . နောက်ဆို သို့ကို ဟင်းတစ်ခွက်ကောင်းလောက်ပဲ ချက်ကျွေးတော့နော် . . .”

နှစ်သက်စရာကောင်းသော ခံယူချက်ကိုတော့ သီ လက်ခံကျင့်သုံးရမှာပေါ့။ ဒါပေမယ့် သီ ဖိနပ်တစ်ရံကိုတော့ အပို ယူဆောင်မသွားချင်ပါဘူး . . .။ သို့မုန့်ဖိုး၊ လခ လှူချင်လည်းလှူမယ် သီမုန့်စားချင်လည်းစားမယ် . . . အဲလိုလေးတော့ နေချင်ပါသေးတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



"သို့အဖြေရမယ်ဆိုတော့ ကိုယ်ရင်တွေအရမ်းခုန်နေတာပဲ"

သီစိတ်မကောင်းပါဘူး။

အချစ်ဆိုတာ ရင်ခုန်ခံစားရတယ်လို့ သီ မသိခဲ့တာလား။ ဒါကြောင့်များ သို့မှာ အချစ်ကပေးတဲ့ စွမ်းအားတွေမရှိပါပဲ . . . ဦးနှောက်တွေသာ ကြီးစိုးနေခဲ့တာများလား . . .။ အနားမှာ သူရှိနေခဲ့ပါတယ်။ အခု သီ ငြင်းရတော့မည်။ နောက်ဆို သူနှင့်သီ ထပ်မံတွေ့ရာအကြောင်း လုံးဝမရှိတော့ပါ။ ခွဲခွာကြရတော့မည်။

သီ တကယ်စိတ်မကောင်းပါဘူး။

" သီစိတ်မကောင်းပါဘူး . . . ကိုမင်းလွင်ဇော်ကို သီ ငြင်းပါရစေ . . . သီ လက်မထပ်နိုင်ပါဘူး . . ."

" ဘာလို့လဲဟင် "

" မပြောတတ်ပါဘူး . . . မချစ်လို့လို့ပဲ . . ."

" ကိုယ့်ကို သီ မချစ်လို့ . . ."

သီလည်း သူ့ကို ဘယ်သို့ စကားဆက်ရမည် မသိတော့လောက်အောင်ပါပဲ။ နှစ်ယောက်အတူ လျှောက်လာခဲ့တဲ့ အတိုင်းတော့ ရှေ့ဆက်လျှောက်နေမိဆဲ၊ မချစ်ဘူးလို့ ပြောခဲ့ပြီးပြီ . . . သီတို့နှစ်ယောက် လမ်းခွဲကြရမှာပေါ့ . . .။

ဒါပေမယ့် သီကလည်း သွားမယ်လို့ မပြောမိ . . .

သူကလည်း သီနှင့်အတူ ဆက်လျှောက်လာဆဲပါလား . . .။ စကားကတော့ ရှေ့ဆက် ဘာပြောရမည်မသိစွာဖြင့် . . .





တိတ်ဆိတ်စွာ လျှောက်နေမိဆဲပါပဲ . . .။

" သီ ကိုယ့်ကို မနှစ်သက်စရာအကြောင်း ဘာတွေရှိလဲ . . . ကိုယ်သိချင်ပါတယ် . . ."

" မရှိပါဘူး "

ရှင့်ရဲ့ အပိုအလိုစည်းစနစ်တွေ အစွန်းရောက်စွာ အတ္တများလာခြင်းတွေအပေါ် သီ မလေးစားဘူးလို့ ရက်စက်စွာ မပြောရက်ပါဘူး။ အတူသွားအတူလာခဲ့တဲ့ ရက်တွေမှ သံယောဇဉ်အနည်းအကျဉ်းအတွက် သီ ငဲ့ကွက်နေမိတာများလား . . ."

" အန်တီအေးကြောင့်လား"

" ဟင့်အင်း သို့နှလုံးသားက ဆုံးဖြတ်ချက်ပါ . . ."

ဦးနှောက်ရဲ့ဆုံးဖြတ်ချက်ကြောင့်လို့ မပြောလိုက်တော့ပါဘူး။

" ဟယ် . . . မိုး မိုးရွာတယ် . . ."

ရုတ်တရက်ရွာချလိုက်တဲ့ ချိန်ခါမဲ့မိုးကြောင့် သီတို့ အံ့သြစွာဖြင့် ဘတ်စ်ကားမှတ်တိုင် အမိုးလေးအောက် ပြေးဝင်လာခဲ့မိပါတယ် . . .။ မိုးရွာရမည့်အချိန်လည်း မဟုတ်ပဲနဲ့ . . .။

" မိုးစောင့်နေရင်း တခုခုစားမလား"

" မစားတော့ဘူး . . . အိမ်ပြန်ရောက်ရင် ထမင်းစားတော့မှာ . . ."

" ဟုတ်လား ဒါဆိုရင်တော့ ဘတ်စ်ကားလာရင်



www.burmeseclassic.com

www.burmeseclassic.com



သီလိုက်သွားတော့မယ် . . .”

သူ့အတွက်နောက်ဆုံး သီနှင့် ကော်ဖီတစ်ခွက်မျှ သောက်လေမလားလို့ ပြောမိပါတယ်။ ကော်ဖီသောက်ချိန်ကို အချိန်တာဆွဲဆန့်ရင် အတော်ကြာရနိုင်တာပေါ့ . . .။ သည်သို့ တွက်ဆချက်မရှိပါပဲ သူကတော့ ဟိုအရင်ကအတိုင်း အပိုငွေအကုန်မခံနိုင်တာကိုပဲ တွက်ဆတာပါလား. . .။

သို့ဦးနှောက်တွေက မှားပါသလား။

အချက်အလက်အတော်များများနှင့် ဆုံးဆည်းပြီးတော့မှ ရအောင်တွက်ချက်ထားရသော ဦးနှောက်ရဲ့အဖြေကို သီ ယုံမှားသံသယ ဖြစ်စရာမလိုပါ။

သို့ကိုသူချစ်သတဲ့။

ဘယ်သို့ချစ်သည်ဆိုတာ သီ လုံးဝနားမလည်နိုင်တော့ပါဘူး။ မိုးကရွာနေဆဲပါလား။

“ ရှင့်မှာ ထီးမပါဘူးနော် . . .”

“ သို့မှာရော . . .”

“ သီ ကားငှားပြန်တော့မယ်. . .”

တခြားအချိန်မှာ ကားငှားစီးရမှာ နှမျောမယ်ဆိုချင်ဆိုနိုင်ပေမယ့် မိုးမိပြီးဖျားနာသွားမှာလည်း စိုးတယ်. . . နေမကောင်းတဲ့အချိန်ဆိုလည်း စီးသင့်စီးရမှာပါပဲ. . . သီကတော့သည်သို့ယူဆပြီး ကားငှားဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။

“ ကိုယ်မလိုက်တော့ဘူး သီ . . . မိုးတိတ်အောင်စောင့်ပြီး





လမ်းလျှောက်ပြန်မယ် . . .”

“ ကောင်းပြီလေ . . . ဒါဆို သို့ကို တက္ကစီတားပေးပါ ဈေးမဆစ်ပါနဲ့တော့ . . .”

သူပြုံးတယ်။

အပိုအလိုတွက်ချက်မှုတွေ အစွန်းရောက်လွန်းတဲ့အခါ သီစိတ်အနှောင့်အယှက်ကြီးမားစွာ ဖြစ်ရတာပါပဲ. . .။ သီဝန်ခံတယ်။ ကားပေါ်ရောက်ပြီး ကားမထွက်ခင်မှာ သူ့ကို တစ်ချက်ငဲ့ကြည့်မိတဲ့အခါ . .။

မိုးအတိတ်ကို သူရပ်စောင့်နေဆဲ။

သီ သတ်ပြင်းတစ်ချက်ရှိုက်မိပါပေါ့ . . .။

မမကြည်တို့ မမစီတို့လိုပဲ မိန်းမ တော်တော်များများဟာ . . . ချစ်သူကို မျှော်လင့်ချက်ကြီးစွာဖြင့် . . . လှပသော အနာဂတ်ကို မှန်းဆခဲ့သမျှ ပျော်ရွှင်ဖွယ်တွေသာ တွေးဆခဲ့မိမှာပါ။

သို့ပေမယ့် မျှော်မှန်းချက်တွေ လွဲမှားတိမ်းချော်ခဲ့လျှင်လည်း . . . ဖျက်အစဉ် ပြင်ခဏရယ်လို့ ဘယ်နှစ်ယောက် လမ်းခွဲရဲမှာတဲ့လဲ။ ထောက်ထားဖွယ် အကြောင်းအမျိုးမျိုးတွေနှင့် မှန်းချက်လွဲသောအချစ်များမှာ မျက်ရည်နှင့် ပျော်မွေ့ကြရမှာလား။

သီမပြုံးရဲပါဘူး။

—



www.burmeseclassic.com

www.burmeseclassic.com



သီ မသေချာသော လမ်းမှာ မပျောက်ရဲပါဘူး . . . ။

အပြင်မှာ မိုးရွာဆဲ . . .

ကားပေါ် ကဆင်းလိုက်တယ်။

ဘုရားရေ. . . ဒါဟာ မိုးရေစက်လား . . . ။ ပါးပြင်ပေါ်သို့ တည့်မတ်စွာ ဖြတ်ဆင်းကျရောက်လာတာ။

မိုးရေစက်တွေပါ။

မိုးရေစက်တွေ . . . ဟုတ်ပါတယ်။

သို့ ဦးနှောက်တွေက တွက်ဆမှုဟာ နည်းနည်းလေးမှ မှန်းချက်မလွဲနိုင်ပါ။

သည့်အတွက် နှလုံးသားသည် ခေါင်းငုံ့သိုဝှက်၍သာ . . . ။

ခိုင်စင်သက်

BURMESE CLASSIC

www.burmeseclassic.com